www.burmeseclassic.com



# မေမှိုင်းသွင်

အလင်းအရောင်ကြိုး

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၆၃၇၀၁၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၁၆၅၈၁၂၀၉ |
| ထုတ်ဝေသူ | – | ဦးဝင်းသူရလွင်<br>(အိမ်မက်အသစ်စာပေ)<br>၃၈ (၃ လွှာ)၊ ၁၅၃–လမ်း၊<br>တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဦးဇော်မြင့်ဝင်း၊<br>(ကာလာရှန်ပုံနှိပ်တိုက်)<br>၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်)<br>ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | – | ye myint thu |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ်<br>ဒီဇင်ဘာလ၊ ၂၀၀၉ ခုနှစ် |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၆၀၀ ကျပ် |

၈၉၁.၈

ဝေမှုးသွင်

အလင်းအမှောင်ကကြိုး / ဝေမှုးသွင် ။ – ရန်ကုန် ၊

အိမ်မက်အသစ် ၊ ၂၀၀၉။

၁၅၁ – စာ၊ ၁၂ × ၁၈.၅ စင်တီမီတာ။

(၁) အလင်းအမှောင်ကကြိုး


BURMESE CLASSIC .com

## အိမ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ


၁။ ပြာမြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ — သစ္စာနီ
၂။ အဆောင်သူအတွက်... — ဝေမှုးသွင်
၃။ ဂလိုဘယ်လိုက်ဇေးရှင်း၊ ရွှေပေါင်းလှဆိုးနဲ့... — မောင်စူးစမ်း
၄။ ဂလက်စီမီဗွာနှင့်သံမဏိမီးလျှံ — တာရာလင်းမွှယ်
၅။ မိုးရာသီပတ်မျိုး — တာရာမင်းဝေ၊ ဝေမှုးသွင်
၆။ ကမ်းဝေးလောင်အိမ် — သစ္စာနီ၊ မင်းခိုက်စိုးစန်
၇။ အုပ်ခဲတောင်ကြေခြနှင့်ရွှေလျားနေသောရဲတိုက် — တာရာလင်းမွှယ်
၈။ မျက်ကြိုးတစ်ဦး၏ဘာလူဒါအရသာ — ဝေမှုးသွင်
၉။ ကြက်ခြေခတ်နှစ်ခု — တာရာမင်းဝေ၊ ဝေမှုးသွင်
၁၀။ မင်းလူ...ဝေမှုးသွင်...L မင်းပြည့်မှန် — မင်းလူ၊ ဝေမှုးသွင်၊ Lမင်းပြည့်မှန်
၁၁။ မြတင်းပေါက်ကလွှတ်ကျသွားတဲ့အိပ်မက် — Lမင်းပြည့်မှန်
၁၂။ အိပ်မက်တစ်ပက်စာ — ရွှေထိုက်
၁၃။ တစ်ဝက်တစ်ပျက်ည — မင်းခိုက်စိုးစန်၊ Lမင်းပြည့်မှန်
၁၄။ အနေသွားလွှန်းပျံယာဉ် — ဝေမှုးသွင်
၁၅။ ဟိုး...ရှေးရှေးတုန်းက — ရွှေထိုက်
၁၆။ ငှက်ဆိုးတွန်ချိန် — သတိုးဇော
၁၇။ စောင့်နေသူ — သတိုးဇော
၁၈။ ညဉ့်နက်သန်းခေါင်ခွေးတစ်ကောင် — သတိုးဇော
၁၉။ ဂျစ်ပစီသင်ခန်းစာ — လင်းညို့သွေး
၂၀။ မီးခွာမျက်ရည် — ဒေဝလကျော်
၂၁။ စွဲလမ်းခြင်းအရိုးသည် — သတိုးဇော
၂၂။ မာယာကစားပွဲ — လင်းညို့သွေး
၂၃။ အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ — ဝေမှုးသွင်
၂၄။ ချစ်သူရှာ — လူနေ
၂၅။ အမှောင်ကြောက်သူ — သတိုးဇော၊ ဒေဝလကျော်
၂၆။ ညည်းတွားချက်တဲ့ပုံသ — သတိုးဇော
၂၇။ ဉာဉ်ရှင်ကြီး — ဇိဗ္ဗကျော်စွာ
၂၈။ ပန်းဝင်စား — ဝေမှုးသွင်
၂၉။ ဆေးရုံယ် — လူနေ
၃၀။ ကလေးအတွေး Essay — မင်းခိုက်စိုးစန်
၃၁။ ကိုးရာပြည့်သို့ အလည်ရောက်သူ — ဇိဗ္ဗကျော်စွာ
၃၂။ ဘာတိုလားဲ — လူနေ
၃၃။ ခေါင်းညိတ်မပြောတဲ့ အရိပ်ကလေး — ဝေမှုးသွင်
၃၄။ ယိမ်ပြာခွဲတဲ့ည — ဒဿကျော်စွာ
၃၅။ စွေးညှန်ရာကြမ္မာဆိုး — သတိုးဇော
၃၆။ 25 — လူနေ
၃၇။ နှင်းဆီရောင်မှန်တိုင်း — ဝေမှုးသွင်
၃၈။ အလင်းအမှောင်ကကြိုး — ဝေမှုးသွင်


### ထပ်မံထုတ်ဝေမည့်စာအုပ်များ


၃၉။ မိုးမိုးလိ — လူနေ
၄၀။ ဂန္ဓာရီကျောင်း — သတိုးဇော


www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

# ဝေမှူးသွင်

## အလင်းအမှောင်ကကြိုး

BURMESE CLASSIC .com

Eainmakathit

38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.

095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ညလူခြေတိတ်ချိန်မို့ မြို့တော်၏အသံများသည်လည်း တိုးတိတ်နွမ်းနယ်စပြုလာခဲ့ပြီ ဖြစ်၏။ “နေမင်း” က သူ့အိပ်ခန်းပြတင်းပေါက်အနီးမှာရပ်လျက် လမ်းမတစ်ဘက်မှ တိုက်နံ့ရံဆီ မျက်တောင်မခတ် ငေးကြည့်နေမိသည်။

ရင်ခုန်လှုပ်ရှားနေသော သူ့စိတ်တွေ သက်သာလို သက်သာငြားနှင့် လက်ဆစ်များကို တစ်ဖြောက်ဖြောက်ချိုးရင်း နေမင်းက တစ်ယောက်တည်း ပြုံးမိပြန်သည်။ ဒါလည်း ရူးခြင်းတစ်မျိုးပဲ။ ဟုတ်သည်။ သူမျှော်လင့်နေသည့် “အရိပ်က လေးအတွက် နေမင်းတစ်ယောက် ရူးသွပ်စွာ စောင့်ရင်းမျှော်



www.burmeseclassic.com

www.burmeseclassic.com



ရှင်နေပါသည်။

နာရီကိုကြည့်မိတော့ အချိန်က ညဆယ်နာရီခွဲနေပြီ။ အင်း . . အချိန်သိပ် မရှိတော့ဘူး။ ဒုက္ခပဲ။ နေမင်းက မီးပြန်လာမည့်အချိန်ကို ဘွားမိကာ အရိုပ်ကလေးပေါ် တစ်ဖက်သတ် စိတ်ကောက်ချင်သလိုတောင် ဖြစ်လိုက်မိသေးသည်။

သူတို့အပိုင်းက ဒီနေ့ညဆယ့်တစ်နာရီတွင် မီးပြန်လာမည်ဖြစ်၏။ ခါတိုင်းဒီလိုအချိန်တွေဆို အရိပ်ကလေး၏ လှုပ်ရှားမှုများကို သူ့တိုက်ခန်းနံဘေး လမ်းကြားတစ်ဘက်ရှိ တိုက်နံရံပေါ်မှာ မြင်နေရပြီ ဖြစ်လေသည်။ ဒီနေ့တော့ အခုချိန်ထိ အရိပ်လေး၏ အခန်းပြတင်းပေါက်ပင် ပွင့်မလာသေးချေ။

ကုလားထိုင်တစ်လုံးကို ပြတင်းပေါက်အနီးဆွဲယူ၍ သူက ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ သူ့မျက်လုံးတွေကတော့ ရှုစားနေကျ လမ်းတစ်ဖက်ရှိ မြင်ကွင်းကျယ်နံရံကြီးဆီမှ မခွာပေ။ နောက် . . . နေမင်းသည် သူ့စွဲလမ်းမှုအကြောင်းကို တစိမ့်စိမ့်တွေးကာ စိတ်ကူးများနှင့် စီးမျောလို့နေပြန်သည်။

သူသည် ငယ်စဉ်ကလေးဘဝကတည်းကပင် အရိပ်တွေအပေါ် စွဲလမ်းတပ်မက်ခဲ့သူဖြစ်၏။

သူ ငါးတန်းနှစ်၌ ဆုံးပါးသွားရှာသည့် ဖခင်ဖြစ်သူ





ကြောင့်လည်း ထိုစွဲလမ်းမှုမှာ စတင်အမြစ်တွယ်လာခဲ့ရသည်။ သူ့ ချာတိတ်အရွယ် လူမှန်းသိတတ်စ၊ အချိန်လောက်ကတည်းက ဖေဖေ့ထံမှ အရိပ်လေးတွေ၏ ချစ်စဖွယ်ကောင်းပုံများကို နေမင်းတစ်ယောက် ခံစားတတ်ခဲ့ပါသည်။

ငယ်စဉ်တောင်ကျေး ကလေးတို့သဘာဝ သူငိုယိုကျီကျလျှင် တော်တော်နှင့် အငိုမတိတ်တော့ . . . ။ အခြားနည်းတွေနှင့် ဘယ်လိုမှ ချော့မရသည့်အဆုံး ဖေဖေ အသုံးပြုတတ်သော နည်းတစ်ခုမှာ နံရံပေါ်တွင် လက်ဖြင့်အရိပ်လေးများ ပြုလုပ်ပြခြင်း ဖြစ်သည်။ အရုပ်တွေက ထူးထူးခြားခြား များများစားစားတော့လည်း မဟုတ်ပါ။ ခွေးလေးဟောင်နေသည့်ပုံ၊ မြွေပုံသဏ္ဌာန်၊ ငှက်ရုပ်နှင့် သမင်ရုပ်လေးများသာ ဖြစ်လေ၏။

သို့သော် သူက ထိုမျှလောက် အရိပ်လေးတွေကို မြင်ရလျှင် အူလှိုက်သည်းလှိုက် သဘောကျနေတတ်သည်။ ထိုအချိန်မှစပြီး သူက ဖေဖေ့ကို အရုပ်လေးတွေလုပ်ပြဖို့ အမြဲပူဆာပါတော့သည်။

နောက်ပိုင်း သူအသက်အရွယ်ရလာတော့လည်း ထိုအကျင့်က ပျောက်မသွားသည့်အပြင် ပို၍ပင် အစွဲအလမ်းကြီးမားလာခဲ့သည် ဟုဆိုရမည်။ ငယ်ငယ်ကလို လက်ဖြင့်ဖန်တီးယူသည့် အရိပ်သဏ္ဌာန်များသာမက အခြားသော အရိပ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



များသည်လည်း အနုပညာမြောက်စွာ လှပနေတတ်မှန်း သူ သိမြင်သဘောပေါက်လာခဲ့၏။

နေဝင်ချိန် သစ်ပင်တွေရဲ့အရိပ်၊ ဝိုးတဝါးမှိုးတိုင်အောက်မှ ညလမ်းမပေါ်ရှိ အရိပ်ပေါင်းစုံ၊ ဝရံတာပေါ် ထိုးကျလာသည့် လရောင်နောက်ခံမှတစ်ဆင့် မြင်ရသော အရိပ်တလွင့်လွင့် ခန်းဆီးစများ . . .။ နောက်ပြီးတော့ . . . သူ့ရင်ထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းခိုးဝှက်ထားသော အမည်မသိ ကောင်မလေးတစ်ယောက်၏ အရိပ်ကောက်ကြောင်းတစ်ခု . . .။

ဟော . . . ကြည့်စမ်း။ ဟိုဟိုဒီဒီ တွေးချင်ရာတွေ လျှောက်တွေးနေသည့် နေမင်း၏ ရင်ဘတ်ထဲမှာ ချားရဟတ်စီးသလို လှပ်ကနဲ ဖြစ်သွားရ၏။ နံရံပေါ်မှာ အလင်းတစ်ကွက်က ပျပျလေးထင်လာပြီ။ ဒါ . . အရိပ်လေး၏ အခန်းပြတင်းပေါက်ဖွင့်လိုက်တာမှန်းကို သူအသေအချာ သိပြီးသားဖြစ်လေသည်။

နေမင်းသည် ပရိုဂျက်တာထိုးထားသည့်ပမာ ထင်ရှားနေသော နံရံပေါ်မှ အလင်းကွက်လေးကို မမှိတ်မသုံ ကြည့်နေမိ၏။ နောက် . . . သူမ၏အရိပ်လေးက အလင်းပေါ်သို့ ပျောင်းနွဲ့စွာ အုံ့မှိုးကျလာခဲ့ပြီ။ ဟော . . ထုံးစံအတိုင်း အရိပ်





နှစ်ခုဖြစ်သွားပြန်သည်။ သိပ်မကြာခင်မှာ ထိုအရိပ်ခပ်ပုပုတစ်ခုက ပြန်လည်ပျောက်ကွယ်သွားမှာလည်း သူသိထားပြီးသား။ သူခံစားချင်တာက အရိပ်လေး၏လှုပ်ရှားမှု (သို့မဟုတ်) ကကြိုးများသာ ဖြစ်၏။

သူမှတ်မိသလောက် အရိပ်လေးသည် ပထမဦးစွာ သူမအခန်းပြတင်းပေါက်မှာ မှီနွဲ့ကာ နေတတ်သည်။ တစ်ခါတစ်ရံ၌ သူမ၏ပခုံးကျော်ရုံမျှသာ ရှည်လျားသော ဆံပင်လေးတွေကို လက်ဖြင့်ဆွဲယူကိုင်တွယ် ပွတ်သပ်နေလေ့ရှိသည်။

သူထင်ထားသည့်အတိုင်းပင် အရိပ်လေးက ပြတင်းပေါက်ဘောင်ကို လက်နှစ်ဘက်ဖြင့်ကိုင်လျက် ငြိမ်သက်စွာ ရပ်နေပါ၏။ အရိပ်လေးက ဘာတွေကိုများ ကြည့်ငေးနေပါသလဲ . . .။ နေမင်းသည် လုံးဝမီးအမှောင်ချထားသော အခန်းထဲမှ ကြည့်နေခြင်းဖြစ်သော်လည်း ကိုယ့်ကိုယ်ကို မလုံမလဲနှင့် ခပ်တိုးတိုးလေး ရယ်မောလိုက်မိသည်။ သူ့အရိပ်အား တစ်ဖက်မှ အရိပ်လေး မြင်တွေ့သွားမှာကိုတော့ နေမင်းက ရှက်ရွံ့နေပြန်၏။ မတော်တဆများ သူကြည့်နေမှန်းကို ရိပ်မိပြီး သူမစိတ်ဆိုးသွားလျှင် ခက်ပြီ။ ထိုအခါ သူ့အရိပ်လေးကို ဆုံးရှုံးရမှာ နေမင်း စိုးကြောက်လှပါသည်။

ကြည့်စမ်း . . . အရိပ်လေးက နားမှတစ်စုံတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ယူနေ၏။ ဒါဆို စောစောက သူမသီချင်းနားထောင်နေတာပဲ ဖြစ်ရမည်။ အရိပ်လေး ဘယ်လိုသီချင်းတွေကို နှစ်သက်မလဲဆိုတာ ခန့်မှန်းတွေးဆရခြင်းမှာလည်း သူ့အတွက် ကြည်နူးဖွယ် ပဟေဠိတစ်ခုပဲ မဟုတ်လား။ ဟော . . . အရိပ်လေးက နောက်သို့ အနည်းငယ် ဆုတ်ခွာသွားပြန်သည်။ သူမ ဘာလုပ်မလို့ပါလိမ့်။

အဖြေကိုသိသွားပြီး နေမင်းက တစ်ယောက်တည်း ကြိတ်ရယ်လိုက်မိ၏။ သူမအခန်းထဲမှ အလှစိုက်ပန်းပင်လေးကို အရိပ်လေးက ဟိုလျှောက်ကိုင် ဒီလျှောက်ကိုင်နှင့် ဆော့နေတာကိုး။

တစ်ခါတစ်ရံ သူမတစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ပြုမူနေချိန်များ၌ ဖြစ်ပေါ်လာသည့် ခန္ဓာကိုယ်ကောက်ကြောင်းလေးကို နေမင်းက အနုပညာလက်ရာမွန်တစ်ခုပမာ ခံစားကျေနပ်နေလေသည်။

ထို့နောက် အရိပ်လေးသည် ပန်းပွင့်ဟု သူယူဆထားသည့် အရိပ်သေးသေးလေးဆီ ခပ်ဖြည်းဖြည်း ငုံ့ကိုင်းသွားပုံအား နေမင်းက မမှိတ်မသုန် လိုက်ကြည့်နေမိသည်။ နေမင်း၏ အသိစိတ်ထဲမှာ ထိုမြင်ကွင်းက သံမှိုဖြင့်နှက်လိုက်သလို စွဲစွဲမြဲမြဲ ထင်ဟပ်သွားခဲ့၏။





ပန်းပွင့်၊ သစ်ရွက်လေးများနှင့် သူမ၏အရိပ်ကို ပေါင်းယှက်ဖွဲ့စည်းထားပုံမှာ သူ့အတွက်တော့ ပြီးပြည့်စုံသော ရှုမျှော်ခင်းတစ်ချပ်ပင် ဖြစ်ပါသည်။

ချစ်မြတ်နိုးလှစွာသော ထိုအရိပ်လေးကို နေမင်းတွေ့ပြီး သတိထားစောင့်ကြည့်နေခဲ့တာ အခုဆို နှစ်လခန့်ရှိပြီဖြစ်သည်။ အချိန်အားဖြင့် နှစ်လဆိုသော်လည်း တကယ်တမ်းမှာ နှစ်လလုံးလုံး ညစဉ်အရိပ်လေးကို တွေ့ရသည်တော့မဟုတ် . . .။ ညဦးပိုင်း မီးပျက်သည့်ညတွေမှ တွေ့မြင်ရခြင်းဖြစ်၏။ အလှည့်ကျ လျှပ်စစ်မီးပေးသော စနစ်အရ သုံးရက်တွင် တစ်ကြိမ်မျှ အရိပ်လေးက ပေါ်လာကာ သူ့ကိုဖျော်ဖြေမှုပေးလေ့ရှိပါသည်။

ထိုအခိုက် ဟေးကနဲ ကြားလိုက်ရသည့် ဆူဆူညံညံ အသံနှင့်အတူ နေမင်းဆီမှ မချိတင်ကဲ တောက်ခေါက်သံက တော်တော်လေး ကျယ်လောင်လို့သွား၏။ မီးလာပြီ။ ရပ်တရက် အလင်းရောင်များက နူးညံ့သော အရိပ်လေးနှင့်တကွ ည၏အမှောင်ထုအစိတ်အပိုင်းတွေကို ဝါးမျိုပစ်လိုက်တော့သည်။

အခုတော့ တိုက်ခန်းတိုင်းမှာ မီးရောင်တွေ လျှံကျနေသလို လမ်းမီးတွေလည်း လင်းတောက်လာပြီဖြစ်၏။ သူက



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်လက်ပျက်ဖြင့် ပြတင်းပေါက်ကို ဆောင့်ပိတ်ပစ်လိုက်ပြီး ခုတင်ပေါ် ဝုန်းကနဲ ပစ်လှဲချလိုက်၏။

တကယ်ဆို ညဆယ့်တစ်နာရီတောင် ရှိပြီပဲကွာ။ မီးတွေမှိတ်ပြီး အိပ်ကြပါတော့လား မြို့တော်သားတို့ရယ်။ အောင်မာ . . . ၊ ဒင်းတို့က မအိပ်သည့်အပြင် တီဗွီတွေ ဗွီဒီယိုတွေကို အလုအယက် ဖွင့်ကြည့်နေကြပြန်သည်။ ရေတင်သောမော်တာသံများကလည်း ငှက်ဆိုးထိုးတာထက်ပင် ခံရခက်လှ၏။ အရေးထဲ ဖုန်းက ထမြည်လာပြန်၏။ ဖုန်းနံပါတ်က သူစိမ်းနံပါတ်။ သူမသိသည့် နယ်မြို့တစ်မြို့၏ ကုဒ်နံပါတ်တစ်ခု . . .။ သူက ဖုန်းကို ပြန်ဖြေပေးလိုက်ပါသည်။

"ဟဲလို ဆရာနေမင်းလား၊ ကျွန်တော်က ဆရာ့ရဲ့ ပရိသတ်တစ်ယောက်ပါ ဆရာ၊ အဲဒါ . . . ."

"ဟုတ်ကဲ့ပါ ခင်ဗျာ"

". . . . . . . . . . . ."

". . . . . . . . . . . ."

. . . . . . . . . . . . . . . . .

. . . . . . . . . . . . .

. . . . . . . . . . . . . . . . .

ညသည်ကား စကားသံများမှာ အိုက်စပ်ပူလောင်





သျှက် ရှိလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂)

စာရေးဆရာတစ်ပိုင်း၊ ထုတ်ဝေသူတစ်ပိုင်း သတ္တဝါအမျိုးအစားတွင်ပါဝင်သူ ပံသုထွင့်ခေါင်က လက်ဖက်ရည်ပူပူကို အငမ်းမရ မှုတ်သောက်နေ၏။ နေမင်းက သူ့သူငယ်ချင်း ပံသုထွင့်ခေါင်ကို ချစ်စနိုးဖြင့် စန်တော်ဟုခေါ်သည်။ စန်တော်ဆိုသည်မှာ ဒဏ္ဍာရီထဲမှ လူတစ်ပိုင်းမြင်းတစ်ပိုင်းသတ္တဝါတစ်မျိုး ဖြစ်ပါသည်။

"ဟော့ကောင် . . . စန်တော်၊ မြန်မြန်သောက်နော်၊ ငါချိန်းထားတာရှိတယ်"

"ဖွီး . . အား . . ပူလိုက်တာ၊ အေးပါကွာ၊ ဒီမှာ





အပူတောင် လောင်ကုန်ပြီ၊ လျှာကျက်သွားပြီလား မသိဘူး၊ မင်းကလည်း အလျှင်းလောတာပဲ"

"ဟဲဟဲ . . ကောင်းတယ်၊ တမင်တကာ မင်းအပူလောင်တာ မြင်ချင်လို့ကို လောပြနေတာကွာ၊ ရှင်းပြီလား၊ အမှန်က ငါချိန်းထားတာ တော်တော်လိုသေးတယ်၊ ဟဲ ဟဲ"

". . . . . . . . . . × × . . . ."

ပံသုထွင့်ခေါင်ဆီမှ သာယာနာပျော်ဖွယ် ဆဲသံလေးများ လွင့်ပျံ့လို့လာ၏။ နေမင်းကတော့ သူမဟုတ်သလို ခပ်ဘည်တည်ပင်။ ဆဲ၍အကြောင်းမထူးမှန်းသိသွားသည့် ပံသုထွင့်ခေါင်က နာကျည်းစွာ စမူဆာတစ်ခုကို ပါးစပ်ထဲထိုးသွပ်ရင်း ဝူးဝူးဝါးဝါးအသံကြီးနှင့် မေးလိုက်ပါသည်။

"ဟော့ကောင် . . အခု FM က လွှင့်မယ်ဆိုတဲ့ မင်းရဲ့ အသံထွက်ဝတ္ထုဆိုတာ ဟိုဝတ္ထုမဟုတ်လား"

"အေး . . . ဟုတ်တယ်"

"အာ . . ဒီကောင် ပြောင်စပ်စပ်နဲ့ ဘာဖြစ်နေတာလဲ၊ ငါမေးတာက ဟိုကွာ . . . အရိပ်လေးအကြောင်းရေးထားတဲ့ ဝတ္ထုတိုကိုပြောတာ"

"အေးလေ . . ငါကလည်း အဲဒါကြောင့် ဟုတ်တယ်လို့ ပြောနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေမင်းက ပံသုထွင့်ခေါင်း၏မေးခွန်းကို နောက်တောက် တောက်ဖြေရင်း ခံစားမှုအတည်တွေဖြင့် ထိထိရှရှ တွေးနေ မိပြန်သည်။ အရိပ်လေးကိုကြည့်ပြီး ခံစားရသမျှအားလုံးက သူ့အတွက် ဝတ္ထုတိုတစ်ပုဒ်နှင့် ကဗျာအမြောက်အမြား ဖြစ် ပေါ်လာစေသည်။

အရိပ်လေးကို သူသတိထား စောင့်ကြည့်နေခဲ့တာ အချိန်တွေ မနည်းလှတော့ပါလား။ အရိပ်လေးသည် ဘယ်သူ ဘယ်ဝါမှန်းကို သူ အခုထိ မသိသေး . . .။ သိလည်း မသိချင်၊ အရိပ်လေးဟာ အရိပ်လေးပဲပေါ့။

"ကဲကဲ . . . မင်း အဲဒီအသံထွက်ဝတ္ထုကိစ္စအတွက် သွားစရာရှိတယ်ဆိုလည်း ထ,သွားကြမယ်၊ မင်းအားငယ်မှာ စိုးလို့ ငါက အဖော်လိုက်ပေးရတာ သိလား၊ လက်ဖက်ရည်ဖိုး မင်းရှင်းလိုက်"

"အောင်မာ . . . ကြီးကြီးကျယ်ကျယ်၊ ငါက ဘာကိစ္စ အားငယ်ရမှာလဲ၊ ကပ်စေးနည်းကောင်၊ ခါတိုင်းလည်း မင်းရှင်း လို့လား၊ စန်တော်စုတ်၊ ကပြားကောင်"

"ဟဲဟဲ . . . ဒါကတော့ မတူဘူးလေကွာ၊ မင်းက ဘက်ဆဲလားပဲဟာ"

"တော်စမ်းပါကွာ၊ ညီလေးရေ ရှင်းမယ်ဟေ့"





"တဖြေးဖြေးနှင့် သူမသည် ကျွန်တော့်ဘဝ၏ညများ ဆီ ကကြိုးဆင်သူ ဖြစ်လာခဲ့သည်။ အရိပ်လေးသည် အလင်း ရောင်ကိုစားသုံးသော နတ်သမီးလည်း ဖြစ်၏။ သူမ၏ သွဲ့ ယောင်းသော သဏ္ဌာန်သည် ညသစ်ရွက်များလို အိပ်မက်ဆန် လှပါသည်။

ကျွန်တော်သည်ကား သခင်မဲ့ ကြောင်တစ်ကောင် မှာ ဝပ်ဆင်းလျက် အရိပ်လေး၏ အဝေးရင်ခွင်ကို တမ်းတ နေမျှော်ဆဲ။

တစ်ခါတစ်ရံ သူမသည် ပြတင်းပေါက်တံခါးတွင် မှီနွဲ့လျက်၊ ဆံနွယ်တို့ က ဝေ့ဝဲလွင့်မျောင်လျက်၊ ငြိမ်ဆိတ်သော တေးတစ်ပုဒ်ကဲ့သို့ ချိုမြိန်လှသည်။

သူမ ညင်သာစွာ ပွတ်သပ်ထိနမ်းလေ့ရှိသော ပန်းပင် လေးလိုပင် ကျွန်တော်၏ အသက်ရှူသံတို့က ပူနွေးယိမ်းလှုပ် နေရ၏။ . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . .

ညစဉ် မျှော်လင့်တမ်းတကြည့်ငေးရသည့် ထိုအရိပ် လေး၏ လှုပ်ရှားမှုမှန်သမျှက ကျွန်တော့်ကို ညို့ငင်ထားခဲ့ပြီ ဖြစ်လေသည်။ နူးညံ့စွာ လှုပ်ရှားသွားလာတတ်သော အရိပ် လေး၏ ဆံနွယ်တွေက ဘာအရောင်များပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်ကြိုးတိုးကြဲတဲ ညတို့သည် ကျွန်တော့် အတွက် မျှော်စင်တစ်ခုဖြစ်ခဲ့ပြီ။ သူမမှာ ကျွန်တော်၏ သက်ရှိထင်ရှားအိပ်မက်များ ဖြစ်လာတော့သည်။ × × × × ....................................

× × × ........"

FM မှ ထုတ်လွှင့်နေသော အသံထွက်ဝတ္ထု အစီအစဉ်မှာ ပြီးဆုံးသွားသော်လည်း ခင်မိုးပြည့်၏အတွေးတွေက တော့ မရပ်တန့်နိုင်သေးပေ။ တွေးမိသမျှအားလုံးသည် သူမ အတွက် ရင်ခုန်သံမြန်ဖို့တွေချည်း ဖြစ်နေ၏။ စာရေးဆရာ နာမည်က "နေမင်း" ဆိုပဲ။ ထိုပုဂ္ဂိုလ်က ဒီဘက်နှစ်တွေမှာ အတော်အတန် နာမည်ရလာသော လူငယ်စာရေးဆရာ တစ်ဦးလည်း ဖြစ်သည်။ တစ်ယောက်ထဲ အတွေးလွန်လျက် ရှိသည့် ခင်မိုးပြည့်ကိုကြည့်ပြီး သူငယ်ချင်းများဖြစ်သော ဝင်ဒီနှင့် နှင်းဆီတို့မှာ အသည်းယားလာပုံရ၏။

"ဟဲ့ . . မိုးပြည့်၊ ဘာတွေများတွေးနေလို့ နင်က ဒီလောက်တိတ်ဆိတ်နေရတာလဲ၊ သတိလည်းထားဦး၊ ငါတို့ ဧည့်သည်တွေကိုလည်း အားလေးဘာလေး နာပါဦးဟယ်"

နှင်းဆီ၏စကားကြောင့် ခင်မိုးပြည့်က အသံလာရာဘက်ဆီ လှမ်းကြည့်ကာ ရှက်ပြုံးမပွင့်တပွင့်လေး ပြုံးလိုက်၏။





"အေးလေ . . နင် ဒီတစ်ခါ ဘာဖြစ်တာလဲ၊ သူပဲ ငါတို့မလာရင်တော့ အထီးကျန်သလေး၊ ဘာလေးနဲ့၊ အခုကျ တော့လည်း ဟွန်း၊ ကေန္တ အခုနဝတ္ထုကိုနားထောင်ပြီး ဇာတ်ထိုက်မင်းသမီး အရိပ်လေးနေရာကနေ ဝင်စိတ်ကူးယဉ်နေတာ ထင်တယ်"

ဝင်ဒီအပြောကိုကြားတော့ ခင်မိုးပြည့်မှာ ပိုရှက်သွား၏၊ တကယ် ဟုတ်နေတာကိုး။ စိတ်ကူးယဉ်တယ်ပဲပြောပြော ထိုစာရေးဆရာ ရွတ်ဖတ်သွားသည့် ဝတ္ထုထဲမှ အရိပ်လေးသာ သူမဖြစ်မယ်ဆို သိပ်ကောင်းမှာပဲဟု တွေးနေမိတာတော့ အမှန်ပင် ဖြစ်ပါသည်။ ခင်မိုးပြည့်က သူငယ်ချင်းနှစ်ယောက် နှိုရာဆီသို့ မျက်နှာမူထားရင်း မပီမသလေး ပြုံးလိုက်၏။

"ဟုတ်တယ်ဟ၊ ငါ . . နင်တို့နှစ်ယောက်ကိုတော့ ဖုံးကွယ်မနေတော့ပါဘူးဟာ၊ အခု ငါ့ရဲ့လက်ရှိဘဝမှာ နင်တို့ နှစ်ယောက်ပဲ ပြောဆိုတိုင်ပင်စရာရှိတာ မဟုတ်လား၊ ဝင်ဒီ ထင်တာ အမှန်ပဲ၊ အမှန်တိုင်းပြောရရင် အဲဒီဝတ္ထုကို ငါကိုယ်တိုင် သေချာဖတ်ကြည့်ချင်တာဟ . . . "

ပြောရင်းနှင့် တိမ်ဝင်သွားသော ခင်မိုးပြည့်အသံလေးကြောင့် ဝင်ဒီနှင့် နှင်းဆီတို့လည်း စိတ်ထိခိုက်ကာ မျက်ရည်ဝဲသွားကြသည်။ သူမတို့၏ ချစ်လှစွာသော သူငယ်ချင်းမလေး



www.burmeseclassic.com

www.burmeseclassic.com



ခင်မိုးပြည့်သည် သကြိန်တစ်ခု၌ ရေပိုက်ဖြင့် မတော်တဆ ခိုက်မိပြီး မျက်စိကွယ်ခဲ့တာ ငါးနှစ်ခန့်ရှိနေပြီ မဟုတ်ပါလား။

* * * *



## (၃)

ဝင်ဒီက ယောက်ျားဆန်ဆန်ညှပ်ထားသည့် သူမ ဆံပင်တိုများကြား လက်ဖြင့်ထိုးဖွပွတ်သပ်ရင်း စကားလမ်းကြောင်းပြောင်းရန် ကြိုးစားလိုက်ပါသည်။ ခင်မိုးပြည့်မှာ ရှက်လှာချလျှက် အရုပ်လေးလို ငြိမ်သက်၍နေ၏။

"ကဲပါကွာ၊ မိုးပြည့်ကလည်း၊ မင်းအစ်ကို ကိုသားကြီးက အားလုံးကတိပေးထားပြီးသားပဲ၊ သူဟိုမှာ အထိုင်ကျသွားရင် မင်းမျက်လုံးခွဲစိတ်ဖို့ကိစ္စ အမြန်ဆုံးစုံစမ်းပြီး ဓိစဉ်ပေးမှာပဲဥစ္စာ၊ ဘာမှအားငယ်မနေပါနဲ့ သူငယ်ချင်းရာ၊ စင်ကာပူမှာ မျက်စိရင်တောင် အခြားနိုင်ငံတွေ အများကြီးရှိသေးတယ်သိ



www.burmeseclassic.com

www.burmeseclassic.com



လား၊ နောက်ပြီး ငွေဆိုလည်း နင့်မှာ ပူစရာမလိုဘူး၊ ငါတို့လည်း နင့်အနားမှာရှိနေတာပဲ"

"အေးလေ . . မိုးပြည့်ရယ်၊ နင့်မျက်လုံးအခြေအနေက လုံးဝမျှော်လင့်ချက်မဲ့နေတဲ့ အနေအထားမှ မဟုတ်တာ၊ ကဲပါ . . . အဲဒါတွေ ထားလိုက်စမ်းပါ၊ ငါမေးပါဦးမယ်၊ မိန်းမနော် ဟွန်း . . မပြောလိုက်ချင်ဘူး၊ ရှင်က အဲဒီဝတ္ထုထဲက အရိပ်လေးဟာ ရှင်ပါလို့ ဘာကြောင့်အတိအကျ အခိုင်အမာ ထင်နေရတာလဲ၊ ကဲ . . ပြောစမ်းပါဦး"

"ဘယ်သူက အတိအကျ အခိုင်အမာကြီး ထင်နေလို့လဲ၊ ငါသာ အရိပ်ကလေးဖြစ်ရင် ကောင်းမယ်လို့ စိတ်ကူးယဉ်ကြည့်နေတာပါဟ"

ပြောပြီး ခင်မိုးပြည့်မျက်နှာလေးက ရုတ်ချည်းဆိုသလို ပြုံးယောင်သမ်းလာသဖြင့် ဝင်းဒီနှင့်နှင်းဆီတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မျက်ခုံးပင့်မိကြလေသည်။ နှင်းဆီသည် အလင်းကွယ်နေသော သူမသူငယ်ချင်းနှင့် စာရေးဆရာနေမင်းတို့ကို စိတ်ကူးထဲမှာ အတင်းမရမက ဆက်စပ်ကြည့်နေမိသေး၏။ နောက်ဆုံးတွင် နှင်းဆီလည်း သူမအတွေးနှင့်သူမ ပြုံးစိစိဖြစ်လာပြီး ခစ်ကနဲ အသံထွက်အောင် ရယ်မိသဖြင့် ခင်မိုးပြည့်က မျက်စောင်းလေးတစ်ချက်





လှမ်းထိုးကာ . . .

"ဟိတ် . . ရှင်တို့နော်၊ ကျုပ်ကို လှောင်လားပြောင်လား မလုပ်နဲ့၊ ပြောပြမယ့်ဟာကို လုံးဝပြောမပြတော့ဘဲ စိတ်ဆိုးပစ်လိုက်မယ် သိလား"

"ဟယ် . . အဲဒီလိုတော့ စိတ်မဆိုးပါနဲ့ မီးမီးရယ်၊ မမတို့က အရမ်းသိချင်နေလို့ပါဆိုမှ . . အဟိ"

အဲဒီနောက်တွင်တော့ သူငယ်ချင်းသုံးယောက်သားဆူညံစွာ ရယ်မောနောက်ပြောင်နေကြပြန်သည်။ ခင်မိုးပြည့်တလည်း သူမတို့ကို စိတ်ဆိုးချင်ယောင်ဆောင်ဖို့ မကြိုးစားတော့ . . .။ အမှန်ဆို သူမကိုယ်တိုင်က အရမ်းကို ပြောပြချင်နေလေပြီ။ ထို့နောက် သူမက ညစဉ်ညတိုင်းလိုလို ပြတင်းပေါက်နားမှာရပ်လျက် လေညင်းခံတတ်ပုံ၊ သူမအိပ်ခန်းထဲက အလှစိုက်ထားသည့် ဂမုန်းပင်လေးကို ဘာရယ်မဟုတ် ကိုင်တွယ်နမ်းရှုံ့ကြည့်တတ်ပုံများနှင့် ဝတ္ထုထဲမှ အချက်အလက်အချို့မှာ သူမ၏လှုပ်ရှားမှုများကို လိုက်ကြည့်ပြီး ရေးထားသလိုဖြစ်နေကြောင်း စိတ်လှုပ်ရှားစွာ ပြောပြနေမိပါသည်။

"နောက်ပြီး . . ငါက ငါ့ဆံပင်လေးတွေကိုဆွဲပြီး ကိုင်ကြည့်နမ်းကြည့်တတ်တဲ့ အကျင့်ကလည်း ရှိသေးတာ၊ နင်တို့လည်း သိသားပဲ၊ သူ . . . သူက အဲဒါတွေကိုပါ မွှေးမွှေးနှံ့နှံ့



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ရေးထားတာဆိုတော့ . . . "

"ဆိုတော့ . . . နင်ကလည်း စိတ်ဝင်စားနေပြီ ဆိုပါတော့"

နှင်းဆီ၏ စကားအဆုံးမှာ ခင်မိုးပြည့်မျက်နှာက တကယ့် နှင်းဆီရဲရဲလေးတစ်ပွင့် ဖြစ်သွားရှာ၏။

"ဟယ် . . ကောင်မစုတ်၊ ငါ့ကိုများ မညှာမတာ"

"မဟုတ်ပါဘူး၊ ငါပြောတာက နင်အဲဒီဝတ္ထုကို စိတ်ဝင်စားသွားတာကို ပြောတာပါ။ ကိုယ်လိုရာဆွဲတွေးပြီး ရှက်မနေပါနဲ့တော့ မိုးပြည့်ရယ် ဟီးဟီး၊ ငါ မနက်ဖြန်ကျရင် အဲဒီဘယ်သူ . . . အဲ . . . နေမင်းရဲ့စာအုပ်တွေ ယူလာပြီး နင့်ကို ဖတ်ပြမယ်၊ အဲဒီစာအုပ်တွေထဲမှာ သူ့လိပ်စာတို့၊ ဖုန်းနံပါတ်တို့၊ ဘာတို့ပါချင်ပါမှာပေါ့ဟာ၊ နင် ဖုန်းဆက်ကြည့်ပါလား"

ခင်မိုးပြည့်က ထိုခဏ၌ လိုက်ခနဲဖိုသွားသည့် ရင်ခုန်သံကို သူငယ်ချင်းတွေမသိအောင် မနည်းဟန်ဆောင်ထားလိုက်ရသည်။

* * * *

တကယ်ပဲ နောက်တစ်နေ့ညနေမှာ နှင်းဆီ သူမထံ





ရောက်လာပါသည်။ နှင်းဆီက ပြောထားသည့်အတိုင်း နေမင်း၏ဝတ္ထုစာအုပ် တစ်အုပ်ကိုလည်း ခင်မိုးပြည့်အတွက် လက်ဆောင်အဖြစ် ဝယ်ယူလာခဲ့၏။ နောက် . . . သူမကပဲ ထိုဝတ္ထုစာအုပ်ကို ခင်မိုးပြည့်အား ဖတ်ပြရပြန်ပါသည်။ ခင်မိုးပြည့်က သူမအပေါ်ထားရှိသော သူငယ်ချင်းတွေ၏ ချစ်မေတ္တာများအပေါ် ဝမ်းသာပီတိဖြစ်ရသလို၊ နေမင်း၏ဝတ္ထုစာအုပ်ကို ပိုင်ဆိုင်ခွင့်ရသည့်အတွက်လည်း ရင်ခုန်လှုပ်ရှားမိပါသည်။ (သူမကိုယ်တိုင် မဖတ်နိုင်သည်ကိုတော့ လောလောဆယ် မေ့ထားဆိုက်၏။)

"အင်း . . နင်တော့မသိဘူး မိုးပြည့်ရေ၊ ငါတော့ ခေါင်းတွေညောင်းပြီး အာတွေခြောက်လာပြီ၊ ခဏနားဦးမယ်ဟာ . . . နော်"

"နားပါ နှင်းဆီရယ်၊ ငါ နင့်ကို အရမ်းအားနာတာပဲ၊ ကျန်တာကို နောက်နေ့မှပဲ ဆက်ဖတ်ပါတော့၊ နင်အလုပ်အားတဲ့ ရက်တွေကျရင်တော့ ငါ့ဆီစောစောလာခဲ့ပေါ့ဟယ်၊ ဒါပေမယ့် အဲဒါလည်း နင်အခြားလုပ်စရာမရှိမှ ပြောတာပါ။ အားလေ . . . မတတ်နိုင်ဘူး၊ ငါ နင့်ကို အနိုင်ကျင့်သလိုဖြစ်နေပြီ နှင်းဆီရယ် ဆောရီးပါ"

သိမ်ငယ်ဝမ်းနည်းနေသော ခင်မိုးပြည့်၏ အသံခပ်



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးကြောင့် နှင်းဆီက သက်ပြင်းတစ်ချက်ခိုးရှိုက်မိပါသည်။ တကယ်တော့ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် စာရင်းကိုင်အဖြစ်လုပ်နေသော သူမအနေဖြင့် အမြဲလိုလို အလုပ်တွေရှုပ်နေတတ်၏။ သို့သော် သူငယ်ချင်းဖြစ်သူ ခင်မိုးပြည့်အတွက်တတ်နိုင်သမျှ အချိန်ပေးနိုင်အောင် သူမရော ဝင်ဒီပါ ကြိုးစားကြစမြဲ ဖြစ်လေသည်။

"ရပါတယ်ဟာ၊ ဒါလောက်က ငါ့အတွက် ဘာမှအပန်းမကြီးပါဘူး၊ နင့်ခေါင်းထဲ ထားမနေနဲ့၊ ဟဲ့ . . . ဒီစာအုပ်ထဲမှာ သူ့ဖုန်းနံပါတ်ပါတယ်ဟ သိလား၊ ၀၉၅ . . . . . . တဲ့ပြီးတော့ သူ့ရဲ့လိပ်စာက . . . . . ."

မမြင်နိုင်တော့ပေမယ့် လှပဆဲဖြစ်သော သူမမျက်ဝန်းလေးများမှာ ယုံကြည်မှုတစ်ခုနှင့် လက်ကနဲ ဖြစ်သွား၏။ နှင်းဆီတစ်ယောက် ဒုတိယမ္ဗိသက်ပြင်းတစ်ချက်ကို ထပ်ရှိုက်လိုက်မိလေသည်။

* * * *



# (၄)

ရေးလက်စ စာမူကို ပြန်လည်စစ်ဆေးဖတ်ရှုကြည့်ပြီး၊ ...မင်းက ခဏနားဖို့ဆုံးဖြတ်လိုက်၏။ အင်ဗာတာဖြင့် ထွန်းညှိ...သည့် မီးချောင်းကိုပိတ်ရန် လက်ရွယ်လိုက်ပြီးမှ တစ်စုံ...ခုကို သတိရသွားကာ လက်ပြန်ရုပ်လိုက်မိသည်။

အချိန်က စောသေးတာပဲ။ အခုမှ ရှစ်နာရီပဲရှိသေး...၊ စာရေးစားပွဲပေါ်ရှိ ပြာခွက်ထဲမှ သောက်လက်စ ဆေးလိပ်...ို မီးညှိရှိုက်ဖွာရင်း ညနေက အဖြစ်အပျက်ကို ပြန်တွေး...း နေမင်းတစ်ယောက် ပြုံးဖြီးဖြီးဖြစ်လာသည်။

ညနေခင်း ထုံးစံတစ်ခုလို သူတို့လို စာရေးသူများ



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် ရှောင်လွှဲရန်ခက်ခဲလှေ့ရှိပါသည်။

ဒီနေ့ညနေလည်း ထိုထုံးစံကြီးထဲမှာ သူမလွှဲသာ မရှောင်သာ ဝင်ထိုင်လိုက်ရ၏။ မထိုင်ချင်ပေမယ့် နယ်မှ ရောက်လာသည့် ကဗျာဆရာသူငယ်ချင်းတွေမို့ ငြင်းဆန်လိုက် လျှင် မျက်နှာပျက်စရာ ဖြစ်လိမ့်မည်။ ခက်နေတာက မျက်နှာ ပျက်လျှင် ပြန်ပြင်စရာဝပ်ရှော့မရှိ၊ နှောက်ပြီး ယခုရောက်လာ သည့် ဧည့်သည်များမှာ ခေသူတွေမဟုတ်ကြချေ။

နိုင်ငံတစ်ဝှမ်း ဟိုးဟိုးကျော်လှသည့် ကဗျာဆရာတွေ ချည်းပဲ။ မန္တလေးမှ ရောက်ရှိလာသော ကဗျာဆရာထွက် သွေးအိမ်၊ လူက ဖြူဖြူသွယ်သွယ် ခပ်ချောချောမို့ အမှတ် တမဲ့ဆိုလျှင် တစ်ချိန်က နာမည်ကြီးခဲ့သော ဗွီဒီယိုမင်းသား ရဲကိုကိုနှင့် တူလှ၏။ နောက် . . . သရေခေတ္တရာပြည်မြို့မှ တိုးနှောင်မိုး။ ပြီးတော့ အထက်အညာမြင်းမူမြို့လေးမှ ကဗျာ ဆရာဝိုင်ချို။ မြင့်မားထွားကျိုင်းလှသည့် ထိုကဗျာဆရာကြီးမှာ ရုတ်တရက်ကြည့်လိုက်လျှင် နပမ်းအားကစား သမားတစ် ယောက်ဟု ထင်မှတ်မှားလောက်သည်။ အဆစ်အနေနှင့် ဂမ္ဘီရ စာရေးဆရာလေး မာန်ထက်သာလည်း ပါလာသေး၏။

ဤသို့ဖြင့် သူတို့အုပ်စုသည် ထိုင်နေကျဆိုင်မှာ ထိုင် ကာ၊ သောက်နေကျအရည်ကို သောက်သုံးလျက်၊ ပြောနေကျ





စကားများကို အားရပါးရ ပလုပ်ပလောင်း ပြောဆိုဆွေးနွေးနေ ကြလေသည်။

နေမင်းကတော့ တစ်ခါတစ်ရံမှ မိုဝဲတတ်သူပီပီ တစ်ခွက်၊ နှစ်ခွက်လောက်ပဲ သောက်၏။ နောက်ပြီး စကားကို အနည်းငယ်သာပြောဆို၍ အနည်းငယ်မျှပဲ နားထောင်သည်။ ထို့နောက် . . . ဝိုင်းမသိမ်းခင် သူက ပြန်ဖို့ စတင်နှုတ်ဆက် လိုက်သည်နှင့် ထင်ထားသည့်အတိုင်း အားလုံးက ဝိုင်းပြီး တန့်ကွက်တားမြစ်ကြတော့၏။ ဝိုင်ချိုဆိုလျှင် သူ့ဗလကြီးနှင့် သူ့နှာခေါင်းကြီးကိုမှ အားမနာဘဲ တစ်ရှုံ့ရှုံ့ငိုကာ နေမင်း၏ လက်ကို လုံးဝမလွှတ်စတမ်း ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား သည်။

“ဟောကောင် . . နေမင်း၊ မင်းရက်စက်တယ်ကွာ၊ မင်းရက်စက်လေရဲ့၊ အို . . အဘယ် . . ရက်စက်ခဲ့ပေရဲ့မင်း . . အဟင့်၊ ဘာဖြစ်လို့ ချက်ချင်းကြီး ပြန်ချင်ရတာလဲ သူငယ် ချင်းရာ၊ ငါတို့ရဲ့ ညနေခင်းတွေ မှောင်အတိကျရတော့မှာ လားကွာ၊ အဟင့် . . ရှုတ်”

“ကဲပါ ဝိုင်ချိုရာ၊ ထိုင်ငိုမနေပါနဲ့၊ မင်းနှုပ်ချေးတွေကို ဝေးဝေးသွားညှစ်ပါဦးလားကွာ၊ ဒီလောက်လည်း ဝမ်းနည်း မနေနဲ့ သိလား၊ ငါအကုန်ရှင်းပေးခဲ့မှာပါ”



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် တိုးနှောင်မိုးက ကြားဖြတ်ဝင်ပြောလိုက်ပြန်သည်။

"ဟေ့ကောင် . . မင်းစကားကို ပြန်ပြင်လိုက်ပါ။ နေမင်း . . . ငါတို့က မင်းကို အခု ဒီဝိုင်းရှင်းဖို့သက်သက် အလိုရှိတာ မဟုတ်ဘူး၊ နောက်ထပ်သောက်ဦးမယ့် ဟာတွေအတွက်ရော ပါကွာ၊ အဲ . . အဲ . . မင်းကို ငါတို့က ဟောဒီရင်ဘတ်ကြီးနဲ့ ချစ်တာကွ၊ ချစ်တာ နားလည်လား၊ အဲဒါ ကဗျာဆရာတို့ရဲ့ လင်းယုန်ခွန်အား ဝူးထွား . . ဟားဟား"

တိုးနှောင်မိုးက ဆံပင်ရှည်ရှည်ကြီးတစ်ခါခါဖြင့် ရင်ဘတ်ကို တဖြန်းဖြန်းပုတ်ကာ အော်မြည်နေလေသည်။ နေမင်းမှာ နည်းနည်း 'ငူ' သွား၏။ ဘယ့်နှယ် . . မဆီမဆိုင် . . . ကဗျာဆရာတို့ရဲ့ လင်းယုန်ခွန်အားတဲ့။ မဆိုင်လိုက်တာမှ ဘာဆိုဘာမှကို မဆိုင်ချေ။ ဒါပေမယ့် သူက နောက်ထပ်တစ်ဝိုင်းစာကိုပါ ထပ်ထုတ်ပေးရင်း အားနာစွာဖြင့်ပင် အတင်းပြန်ရန် အားထုတ်ရတော့သည်။

"မဟုတ်ပါဘူး သူငယ်ချင်းတို့ရာ၊ ငါလည်း နေချင်ပါတယ်၊ အခုဟာက မပြန်လို့ မဖြစ်လို့ပြန်ရတာ၊ ဒီနေ့ ငါတို့အပိုင်းက ညဆယ့်တစ်နာရီဆို မီးလာပြီကွ၊ အဲဒါကြောင့် မီးပျက်နေတုန်းလေး . . . "





လွှတ်ကနဲ ထွက်သွားသော သူ့စကားကြောင့် အားလုံး နားမလည်နိုင်စွာ ဝိုင်းကြည့်ကြ၏။ ထွက်သွေးအိမ်က . . .

"ဟာ . . . ဘာကြီးလဲကွ၊ အခုမှ ၇ နာရီလောက်ပဲ ...သေးတာလေ၊ မင်း ပြန်ပြီးစာရေးမှာဆိုလည်း မီးလာမှရေးမှာ ...တ်ဘူးလား၊ မင်းစကားကလည်း ထူးထူးဆန်းဆန်း၊ အခု ...ပျက်နေတာနဲ့ မင်းပြန်မှာက ဘာဆိုင်လို့ လဲ"

"ဟ . . . ဆိုင်တာပေါ့ကွ၊ ကြည့်လေ၊ မီးပျက်နဲ့ မင်း ...ဆိုတဲ့ စကားနှစ်ခုမှာဆိုရင် ကြာသပတေးနှစ်လုံးထပ်တွေ ...ည်းပဲ၊ ဓါတ်တူနံတူ ဆေးဘက်ယူဆိုတာ အဲဒါမျိုးကွ၊ မင်းတို့ ...သုတရအောင် ပြောပြရရင် နံတူသတ်က အသေရဆိုတာ . . . "

အရေးထဲ ဂမ္ဘီရစာရေးဆရာ၊ ဗေဒင်ဆရာလေး မာန် ...က်သာက ဘာတွေမှန်းမသိ ဝင်ပြောသဖြင့် အားလုံးငြင်းခုန် ...ည်ကုန်ကြတော့သည်။ ဒီတော့မှ နေမင်းလည်း အရက်ဝိုင်း ... အသာလစ်ထွက်လာခဲ့ရခြင်း ဖြစ်သည်။

သူ့အနေနှင့် အရိပ်လေးကို ငေးမျှော်စောင့်ကြည့်ရ ...သည့် အခွင့်အရေးအား တစ်ကြိမ်မျှပင် လက်လွှတ်မခံနိုင်ပါ။ နေမင်းသည် အရိပ်လေးအကြောင်းကိုတွေးရင်း နံရံထက်မှာ အရုပ်ကလေးတွေပေါ်လာအောင် လက်ဖြင့် တစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ကစားနေမိ၏။ အရိပ်လေး၏ စံတော်ချိန်အရဆိုလျှင် အတန်ငယ် စောနေသေးသည်မို့ စာလည်းရေးလို့မရမည့် အတူတူ သူက အပျင်းပြေလျှောက်လုပ်နေခြင်း ဖြစ်ပါသည်။ မီးပိတ်၍ ပြတင်းပေါက်အနားမှာ အရိပ်လေးကို စောင့်မျှော်တွေးခေါ်နေခိုက် ဖုန်းက ထမြည်လာသည်။ ဖုန်း Display ကိုကြည့်လိုက်တော့ သူမသိသော နံပါတ်တစ်ခုဖြစ်နေ၏။ ၀၉၅ . . . . . . တဲ့။ သူက ဖုန်းကိုလက်ခံ၍ ပြန်ဖြေလိုက်ပါသည်။

"ဟဲလို . . . အမိန့်ရှိပါ"

"စာရေးဆရာနေမင်းပါလားရှင်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် နေမင်းပါ၊ ဘယ်သူလဲ မသိဘူး"

တစ်ဖက်မှ အသံရှင်မှာ ကောင်မလေးတစ်ဦးမို့ သူလည်း ဇဝေဇဝါဖြစ်သွားရသည်။ သူသိသမျှ မိန်းကလေးမိတ်ဆွေသူငယ်ချင်းတွေ၏ ဖုန်းနံပါတ်လည်း မဟုတ်သည့်အပြင်၊ ထိုအသံပိုင်ရှင်လေးနှင့် ဖုန်းတစ်ခါမှ မပြောဖူးတာ သိပ်သေချာပါသည်။ သူတို့ကြားမှာ စကားသံများ ခဏမျှ တိတ်ဆိတ်လို့သွား၏။ အတန်ကြာမှ . . .

"ဟုတ်ကဲ့ပါ . . ဆရာနေမင်း၊ တျွန် . . . ကျွန်မက





ဆရာ့ရဲ့ ပရိသတ်တစ်ယောက်ပါ ဆရာ၊ အဲဒါ ဆရာနဲ့ စကားနည်းနည်းလောက် ပြောလို့ရမလားဟင်"

"ဪ . . . ဟုတ်ကဲ့ ရပါတယ်ဗျ၊ ဘာဖြစ်လို့ မရရမှာလဲ၊ ကိုယ့်ပရိသတ်ပဲဥစ္စာ၊ ဘာပြောချင်လို့လဲ၊ အားမနာပါနဲ့၊ ပြောပါ၊ ကျွန်တော့်ကို ဝေဖန်ချင်တာရှိရင်လည်း ပွင့်ပွင့်လင်းလင်း ဝေဖန်လို့ရပါတယ်၊ အားမနာနဲ့"

သူမဆီမှ ရယ်သံတိုးတိုးလေးတစ်ခု ကြည်ကြည်လင်လင် စီးဆင်းလာတာ ကြားရသည်။ နေမင်းက ဖုန်းပြောနေရာမှ ပြတင်းပေါက်နားသို့ လျှောက်လာပြီး အရိပ်လေးကို ရှာကြည့်မိ၏။ ခက်တော့ခက်နေလေပြီ။ တစ်ဖက်ကလည်း ပရိသတ်ဆိုတော့ သူ့အနေဖြင့် လေးလေးစားစား ဆက်ဆံပြောဆိုလိုသည်။ ဒီမှာကလည်း အရိပ်လေးကို စောင့်မျှော်ငေးကြည့်ရန် ရှိသေးသည်။

သူက နာရီကို တစ်ချက်ကြည့်ကာ "နည်းနည်းစောပါသေးတယ်" ဟုတွေးလိုက်ပြီး ဖုန်းပြောနေသည့်ဖက်သို့ အာရုံပြန်စိုက်ထားရသည်။

"ဘာမှဝေဖန်စရာမရှိပါဘူး ဆရာရယ်၊ ကျွန်မက ဝေလည်း မဝေဖန်တတ်ပါဘူး၊ ကျွန်မသိချင်တာလေး တစ်ခုစ်ခုလောက် မေးကြည့်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျာ" ဟုပြန်ပြောရင်း မျက်လုံးအကြည့်က တစ်ဘက်နံရံဆီအရောက်မှာ သူ့ရင်တွေ ဝုန်းတနဲ ခုန်ထလို့သွားပါ၏။ နေမင်းက အင်တာတာမီးကို အမြန်ပိတ်ချပစ်လိုက်သည်။ နံရံပေါ်၌ သူ၏အရိပ်မလေး ရောက်နေပြီမှန်းအားလုံးသဘောပေါက်ကြပါလိမ့်မည်။

* * * *



(၅)

"ကျွန်မ မေးကြည့်ချင်တာ 'အရိပ်တစ်ခုမှာ ခိုနားမိတဲ့ လိပ်ပြာညတွေ' ဆိုတဲ့ ဆရာ့ဝတ္ထုအကြောင်းပါ ဆရာ၊ အဲဒီဝတ္ထုထဲကအတိုင်း အပြင်မှာ ဆရာတကယ်ခံစားခဲ့ရသလားဟင်"

"ဗျာ"

လက်ထဲက ဖုန်းပင် လွတ်ကျလုမတတ် သူအံ့သြသွားမိသည်။ တကယ်ဆို ဘာမှဖွယ်ဖွယ်ရာရာအံ့သြရန် အကြောင်းမရှိမှန်း နေမင်းသိပါ၏။ တိုက်ဆိုင်မှုတွေဟာ မယုံကြည်နိုင်လောက်အောင်ပါပဲလား ဟူသောအတွေးကြောင့် သူဒီလို



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားတာ ဖြစ်နိုင်သည်။ ဘယ်နှယ့် . . သူ အိရိပ်လေးကို ကြည့်ကောင်းနေဆဲမှာ အဲဒီပရိသတ်ကောင်မလေးကလည်း အရိပ်လေးအကြောင်းရေးထားတဲ့ ဝတ္ထုကိုမှ စိတ်ဝင်ဘစားသတဲ့။

သူမြင်နေရသော အရိပ်လေးကတော့ ပြတင်းပေါက်ဘောင်မှာ ခေါင်းလေးကို စောင်းနွဲ့၍ မှီထားပြီး၊ လက်တစ်ဖက်နှင့် မေးထောက်နေသည့်ဟန် ဖြစ်သည်။ ကြည့်ရတာ ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်နေပုံပဲဟု သူက စိတ်ကူးနှင့် ခန့်မှန်းကြည့်မိ၏။ ထိုအခိုက် တစ်ဖက်ဖုန်းထဲမှ အမေးစကားများကြောင့် သူက . . .

"ဩော် . . ဟုတ်ကဲ့ . . မေးပါဗျာ . . မေးပါ၊ စောစောက ကျွန်တော် စကားပြန်မပြောဘဲ အသံခဏတိတ်သွားတာ ဆောရီးနော်၊ နည်းနည်းအံ့ဩစရာ ဖြစ်သွားလို့ ဟဲဟဲ"

"ဟင် . . အံ့ဩစရာ၊ ဟုတ်လား ဆရာ၊ ဘာဖြစ်လို့များလဲ ဟင်"

သူ့အံ့ဩမှုအပေါ် တစ်ဖက်မှ ချာတိတ်မလေးက စိတ်ဝင်စားပြီး မေးခွန်းပြောင်းသွားတော့သည်။ သူမလေးသံမှာကိုက အံ့အားသင့်မှုတွေ ပါဝင်နေသည်ပဲ။ နောက်ပြီး





ကြည်လင်အေးမြသော ကလေးဆန်ဆန် အသံလေးမို့ နေမင်းသည်း ပြုံးလိုက်မိ၏။

"တိုက်ဆိုင်သွားလို့ပါ . . အဲ . . ဟိုလေ ကျွန်တော်လည်း အဲဒီဝတ္ထုအကြောင်း ပြန်စဉ်းစားနေတုန်း ခင်ဗျားကလိုက်တော့လေ . . အဲဒါ အဲဒါ"

"ဩော် . . ဒီလိုကိုး၊ ဒါဆို တော်တော်ကြီးကို တိုက်ဆိုင်တာပဲနော် ဆရာ . . ဟင်းဟင်း၊ အဲ . . ဒါနဲ့ စကားမစပ်၊ ညီမ့်ကိုယ်ကိုဖော် မသူတော်လုပ်ပြီး၊ ကြော်ငြာဝင်လိုက်ဦးမယ်၊ ညွှန်မနာမည်က ခင်မိုးပြည့်ပါ၊ အသက်က ၂၁ နှစ်၊ ပညာအရည်အချင်းကတော့ ညံ့ပါတယ်ဆရာ၊ ကံအကျိုးပေးကောင်းလို့ မိုးပြည့်ဆယ်တန်းအထိပဲ နေခဲ့ရတယ် ဆရာရဲ့၊ မိုးပြည့်က အဲဒီဘက်မှာ ပါရမီမပါဘူးပဲ ဆိုပါတော့လေ"

"ဩော် . . ဟုတ်ကဲ့ ဟုတ်ကဲ့"

ခင်မိုးပြည့်ဆိုသည့် ကောင်မလေးကို ဟုတ်ကဲ့ ဟုတ်ကဲ့ပြောသာ သူလုပ်နေရသည်။ အံ့ဩမှုတွေကြောင့် နေမင်းတစ်ယောက် တစ်ကိုယ်လုံး ထူထူပူပူဖြစ်လာ၏။ ငါပဲစိတ်ထင်လို့လား . . .။ နေမင်းက အရိပ်လေးကို စူးစူးစိုက်စိုက်ကြည့်ရင်း ဝေခွဲရခက်စွာ စဉ်းစားနေမိပါသည်။ အရိပ်လေးဟာ . . အရိပ်လေးလည်း သူ့လိုပဲ ဖုန်းပြောနေတာပါလား။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဒါ . . . သူမဖုန်းပြောနေတာပဲ။

ပြတင်းပေါက်ကို မှီနေရာမှ မတ်တပ်ထရပ်လိုက် သည့် အရိပ်လေး၏ လက်တစ်ဖက်သည် နားရွက်နားမှာက လျက်ရှိပြီး၊ ကျ ်ဘစ်ဖက်ကတော့ ပြတင်းတံခါးဘောင်အ အသာကိုင်ထားလေသည်။ သူမဖုန်းပြောနေတာ လုံးဝဟုတ် ဟုတ်နေပြီ။ ဘုရား . . . ဘုရား . . .။

"ဆရာ . . ဟဲလို . . ကြားလားဆရာ ဟဲလို"

"ဟာ . . ဟုတ်ကဲ့ ကြားပါတယ်ခင်ဗျ၊ ဆောရီးဗျ ဆောရီး၊ ကျွန်တော် နည်းနည်းအငေးလွန် အာ . . . မဟုတ် ပါဘူး၊ အတွေးလွန်သွားလို့ပါ"

ခင်မိုးပြည့်ဆိုသော ချာတိတ်မလေးက အသံလွင်လွ လေးဖြင့် ခပ်တိုးတိုးရယ်မောနေပြန်သည်။ အရိပ်လေး လက်တစ်ဖက်မှာ ဖုန်းကိုကိုင်ထားမှန်း တဖြည်းဖြည်းနှင့် ပို ပီသရှင်း လင်းလို့လာ၏။ အရိပ်လေး၏ ကျန်လက်တစ်ဖ ကမူ သူမဆံနွယ်များကို ကိုယ်တွယ်ပွတ်သပ်လျက် ရှိသည် ဒါဟာ သူမလုပ်နေကျထုံးစံပဲ။

အရိပ်လေး ဖုန်းပြောနေတာကို မကျေမနပ်ဖြစ်လ ပြီး သူက ဖုန်းထဲမှချာတိတ်မလေးအား အီစီကလီစကာ အနည်းငယ် ပြောလိုက်မိ၏။





"မိုးပြည့်က အသက် (၂၁) နှစ်နော်"

"ဟုတ်ကဲ့ပါ . . . ဆရာ"

"ဒါဆို ကျွန်တော့်ထက် ၅ နှစ်တောင်ငယ်တယ်ကွ ဘိလား၊ နောက်ပြီး ပြောရဦးမယ်၊ အဲဒီလို ဆရာ၊ ဆရာနဲ့ ခေါ်ပါနဲ့လားကွာ၊ တကယ်လို့ နေမင်းဆိုတဲ့ ကလောင်နာ ည်ကို မခေါ်ချင်ရင်လည်း နာမည်အရင်းကို ခေါ်လို့ရတယ်၊ ာမည်အရင်းက ရဲရင့်အောင်တဲ့၊ ငယ်ပေါင်းသူငယ်ချင်းတွေ တော့ ရဲရဲလို့လည်း ခေါ်ကြတယ်၊ တချို့ကလည်း ကိုရဲလို့ ခေါ်ကြတာပဲ၊ အင်း . . အခုဆို ကျွန်တော်လည်း မသူတော် ရင်းထဲ ပါသွားပြီပေါ့နော် . . ဟဲဟဲ"

နေမင်းသည် ခင်မိုးပြည့်ဆိုသည့် ချာတိတ်မလေးနှင့် တ်ချင်းလက်ငင်းကြီး ရင်းနှီးပစ်လိုက်တော့၏။ ချာတိတ်မက သူ့အပြောင်းအလဲကြောင့် ဝမ်းတွေသာနေလေသည်။

"ဩော် . . ဆရာရယ် . . . ဆရာပြောပြတော့လည်း သိရတာပေါ့၊ မဟုတ်ဘူးလား၊ ဒါနဲ့ ဆရာက မိုးပြည့်ထက် အသက် ၅ နှစ်တောင် ကြီးတယ်ဆိုတော့ ကျွန်တော်တွေ ာတွေ ပြောမနေပါနဲ့လား ဆရာ၊ ရင်းရင်းနှီးနှီး 'မင်းနဲ့ကိုယ်' ပြောပေးရင် မိုးပြည့်တော့ ပိုပျော်မိမှာပဲ"

"ဘာလို့ပြောရမှာလဲ၊ ခင်ဗျားလေးကျတော့ ပြောသား



www.burmeseclassic.com

www.burmeseclassic.com

ရဲ့သားနဲ့ ဆရာချင်းကို မိုးမွှန်နေတာပဲ"

မိုးပြည့်သည် ကလေးငယ်တစ်ယောက်အတိုင်း ဝေ... ပေါ့ပါးပါးပဲ ရယ်ပစ်လိုက်၏။ သူ၏ချစ်မြတ်နိုးလှစွာသော... အရိပ်လေးရော . . .။ အရိပ်လေးက ခေါင်းကိုငုံ့ကိုင်းပြီး ဝဲကျ... လာသော ဆံပင်တွေကို လက်ဖြင့်သပ်တင်နေလေသည်။ မင်... . . . ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ အရိပ်ချိုလေးရယ်။

သူ့ရင်ထဲမှာ ဆန္ဒတစ်စုံတစ်ရာက နွေးထွေးလင်း... လာ၏။ တကယ်လို့များ အရိပ်လေးနဲ့ ဖုန်းပြောခွင့်ရှိခဲ့လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ နေမင်းနှင့် အရိပ်လေးတို့ သည် တိုက်ချင်းကပ်လျက်ဖြစ်ပြီး လမ်းကလည်း ထောင့်ချိုး အကွေ့လေးတစ်ခုသာ ခြားသည်။ ဒီလောက်နီးနီးလေးပင် ဖြစ်သော်လည်း သူက အရိပ်လေးကို အရိပ်အတိုင်းပဲ ထား... သည်။ သူမအကြောင်း ဘာဆိုဘာကိုမှ စုံစမ်းမကြည့်ခဲ့ဖေ... ါပေမယ့် အခုလို ညမျိုးတွေမှာတော့ အရိပ်လေးနှင့် စကား... တွေ ပြောချင်မိသည်။ အမှောင်လမ်းကြားလေး၏တစ်ဘက်မှ တိုက်နံရံကြီးကို မျက်နှာမူပြီး သူတို့နှစ်ယောက် ဖုန်းပြောရလျှင် တော်တော်ပျော်စရာကောင်းလိမ့်မည်။ လောလောဆယ် သူ နှင့်ဖုန်းပြောသော ချာတိတ်မကို အရိပ်လေးဟု စိတ်မှာထင် လာတော့၏။





နေမင်းသည် စိတ်ကူးယဉ်မှုအရှိန် မြင့်တက်လာ ...သည့်အလျောက် စမ်းသပ်မှုတစ်ခုလုပ်ကြည့်ရန် ဆုံးဖြတ်လိုက်ပါ ...သည်။ အမှန်တကယ်ဆို ထိုစိတ်ကူးမှာ အလွန်ကလေးကလား ...နိုင်ပြီး ဖြစ်နိုင်ချေနည်းလွန်းလှမှန်း သူမသိ၍မဟုတ် . . .။ ...သူ ကောင်းကောင်းသိသည်။

ဘဲကွာ . . ဘာဖြစ်လဲ။ ငါစမ်းစပ်ကြည့်တာ အရှုံးမရှိ ...ပါဘူး။ သူက အမှောင်ထဲမှာ ပြုံးလိုက်၏။

"ဟော့ . . ဆရာ၊ အဲ . . ကို . . ကိုရဲရင့်ရယ် . . . ...တွေများ အတွေးလွန်နေပြန်ပြီလဲ၊ ဝတ္ထုအကြောင်းမေးတာ ...ိုလည်း ပြန်မဖြေဘူး"

"သြော် . . အေးကွာ၊ ထပ်ဆင့်ဆောရီးပါ မိုးပြည့် ရယ်၊ ဒီတစ်ခါလည်း ကိုယ်အတွေးလွန်သွားပြန်ပြီ၊ ဟဲဟဲ . . ...ိုလေ ဝတ္ထုကိစ္စကို နောက်မှပဲ အေးအေးဆေးဆေးမှ ပြော ...မယ်သိလား၊ အခု ကိုယ်စဉ်းစားမိတာက တကယ့်ကို ကြံကြံ ...ဖန်ဖန်ကွ၊ မိုးပြည့်လည်း သိချင်တယ် မဟုတ်လား၊ ကိုယ်ပြော ...မယ်လေ"

"အင်း . . . ပြောလေ"

သူက ရင်ခုန်သံများကို တည်ငြိမ်အောင်ထိန်းသည့် အနေနှင့် စကားကိုခဏရပ်ကာ အရိပ်လေးဆီ ငေးကြည့်လိုက်...


www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ အရိပ်လေးသည် ပြတင်းပေါက်ကို ပခုံးစွန်းဖြ
မှီရပ်၍ ဖုန်းပြောနေခြင်းဖြစ်၏။ သူက သူ့စမ်းသပ်မှု မအော
မြင်မှာစိုးရိမ်ပြီး သူ့ဘာသာသူ မဝံ့မရဲ ဖြစ်နေမိပါသည်။

တကယ်လို့ မိုးပြည့်ဟာ သူထင်သလို အရိပ်လေ
ဆိုရင် ဘာဖြစ်မလဲ။ သူဘာဆက်လုပ်ရမလဲ။ အကယ်၍
မဟုတ်ဘူးဆိုရင်ရော။ နေမင်းရင်ဘတ်ထဲမှာ အတွေးတို့နှ
လူပါ (၁၆) နှစ်အရွယ်သို့ ပြန်လည်ရောက်ရှိလို့ နေလေသည်

"ဟင် . . ကိုရဲရင့်ကလည်း တိတ်သွားပြန်ပြီ၊ ခုန
ပြောပြမယ်ဆိုတာ ဘာလဲဟင်၊ ဘာတွေစဉ်းစားလိုက်မိလို့လဲ
ဘယ်လိုကြုံကြုံဖန်ဖန်လဲ"

မိုးပြည့်သည် စကားအဆုံးသတ် 'လဲ' ဟုသောနေရာ
လေးကို ခပ်ချွဲချွဲလေသံနှင့် စိတ်ညစ်ညူးသယောင် ဆွဲဆွဲငေ
ငင် ပြောလိုက်ချိန်တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် အရိပ်လေ
ခေါင်းဖွဖွကုတ်နေပုံကလည်း စိတ်ရှုပ်သူတစ်ယောက်၏ အမူ
အရာမျိုး ဖြစ်နေတော့သည်။

"ကြုံကြုံဖန်ဖန်ဆိုတာ ဒီလို မိုးပြည့်ရဲ့၊ လူတစ်ယောက်
ဟာ ဖုန်းပြောနေရင်းနဲ့ ကိုယ်ခန္ဓာကို ဘဲလေးကချေသည်တွေ
လို ခြေဖျားထောက်ပြီး တစ်ပတ်လည်လှည့်ကြည့်ဖို့ တော်
တော်ခက်မယ်ဆိုတာ သွားတွေးမိလို့ပါ၊ ကိုယ်လုပ်ကြည့်တာ





ဟော့ လုံးဝမလွယ်ဘူးကွ သိလား"

"ဟာ . . ကိုရဲရင့်ကလည်း ဟုတ်လို့လား"

"မယုံရင် မင်းလုပ်ကြည့်လိုက်ပေါ့"

ဟော . . . ပီတိတစ်မျိုးက သူ့တစ်ကိုယ်လုံးကို ရုတ်
ရက် ပေါ့ပါးလွင့်ပျံသွားစေသည်။ ကြည့်စမ်း . . . ။ ဟိုနံ
ဆက်မှာ အရိပ်လေးဟာ ဖုန်းပြောရင်း ကချေသည်တ
ယောက်လို စက်ဝိုင်းသဏ္ဍာန်လှည့်ပြီး ကခုန်ကြည့်နေလေရဲ့
ရဲ့ လျှပ်တစ်ပြက်ညဏ်နီညဏ်နက်တွေ အလုပ်ဖြစ်သွာ
ာ မယုံနိုင်ဖွယ်ရာပါလား။ သူ့အသံက ပျော်ရွှင်မှုဖြင့် တုန်
င်စွာ တိုးထွက်လာတော့၏။

"အရိပ်လေး . . . မိုးပြည့် . . . အဲ . . . အဲဒါ မင်
ဟုတ်လားဟင်"

"ဟာ . . . ကိုရဲရင့် မကောင်းဘူးကွာ၊ လူလည်ကျ
ယ်၊ တော်ပြီ . . . သွား"

နှုတ်မဆက်ဘဲ သူမသည် ဖုန်းလေးကို အပြီးပိတ်ခ
တ်၏။ အရိပ်လေးကမူ ပြတင်းပေါက်အနီးမှာ ခဏရပ်တန်
ပေါက်ကွဲစွာ လှည့်ထွက်သွားပါသည်။ သူမဆံနွယ်တွေက
ငှ် လေထဲမှာ ရယ်မောလို့ . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၆)

နေမင်း (ခေါ်) ရဲရင့်အောင်၏ အမှောင်ထုထုညများ ထဲမှာ ခင်မိုးပြည့်၏ အရိပ်လေးသာမက ယခုအခါ အသံ လွင်လွင်ချိုချိုလေးတွေပါ ပျံသန်းရောက်ရှိနေတတ်ပြီ ဖြစ်ပါ သည်။

သူတို့နှစ်ယောက်မှာ လူချင်းတွေ့ဆုံရန် မကြိုးစားဖို့ နှင့် တစ်ယောက်ကိုတစ်ယောက် ချောင်းမကြည့်ကြဖို့အတွက် နှစ်ဦးသဘောတူညီချက် ရရှိထားလေ၏။

ခင်မိုးပြည့်ကလည်း အခါတိုင်းလို သုံးရက်တစ်ကြိမ် သူမ၏ အိပ်ခန်းပြူကင်းပေါက်အနီးတွင် နတ်တမန်တစ်ပါး





ဒဖွယ် အရိပ်များဖွဲ့သီမြဲ၊ သူကလည်း မြင်ကွင်းကျယ်နံရံပေါ် အသက်ဝင်ရောက်ရှိလာသည့် အရိပ်လေး၏ ညို့ငင်မှုကို ရှုသမ်းတကြီး ငေးမောရင်ခုန်နေတတ်စမြဲ။

နောက်ပြီး ညစဉ်လိုလို သူတို့ဖုန်းပြောဖြစ်ကြပါ သည်။ ဒါပေမယ့် အကြောင်းအရာတွေကတော့ သိပ်ထွေထွေ ထူးထူး မရှိလှ . . .။ ခိုလေးတွေအကြောင်း၊ သူငယ်ချင်းတချို့ အကြောင်း၊ မိသားစုဝင်များအကြောင်း၊ ညည်းငွေ့ပျင်းရိဖွယ် နေ့ရက်တို့အကြောင်းနှင့် နေမင်း၏ အနည်းငယ် ရယ်ချင်စရာ ကောင်းလှသော အရိပ်တွေအပေါ် ရှုသွပ်ခုံမင်တတ်ပုံ အကြောင်း များ ပါဝင်လေသည်။

သူတို့နှစ်ယောက်မှာ မိသားစုဦး ရေနည်းပါးတာခြင်း တူသလို နှစ်ယောက်စလုံးတွင် မိဘအစုံအလင် မရှိတော့တာ ခြင်းလည်း တူညီနေကြပြန်သည်။

ခင်မိုးပြည့်က နေမင်းထက် သာတာတစ်ချက်တော့ ရှိ၏။ သူမမှာက လတ်တလောတွင် နိုင်ငံခြားသို့ရောက်နေ သည့် အစ်ကိုတစ်ယောက်ရှိ၏။ နေမင်းမှာ တစ်ဦးတည်းသော သားဖြစ်ပြီး တစ်ကောင်ကြွက်မှ လုံးဝရေမရောသော တစ်ကောင် ကြွက်ထီးစစ်စစ်လေးတစ်ကောင်သာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ သူတို့နှစ်ယောက်စလုံး ကိုယ့်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှာ ကိုယ်နေထိုင်ရင်း အထီးကျန်ဝေဒနာကို ခံစားနေကြ ရသူတွေချည်း ဖြစ်သည်။

နေမင်း၏အခန်းမှာ အတူနေအဖော်တစ်ဦးမှ မရှိပေ။ ငယ်ငယ်ကတည်းက ဖခင်ဖြစ်သူ ဆုံးပါးသွားခဲ့ပြီး သူ စာရေးဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားနေချိန်၌ပင် မိခင် ဖြစ်သူကို ထပ်မံဆုံးရှုံးခဲ့ရ၏။ သူ့ကို စိတ်မချနိုင်သည့် မေမေ သည် အသည်းကင်ဆာကို အရှုံးပေးခဲ့ရကာ နောက်ဆုံးမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

ခင်မိုးပြည့်က ဒီနေရာမှာလည်း သူ့ထက် သာလွန် နေပြန်သည်။ ဖခင်မရှိတော့သော်လည်း သူမမှာ မိခင်ကြီး တစ်ယောက်လုံး ရှိသေး၏။ သူမ၏မိခင်ဖြစ်သူမှာ ရွှေဆိုင်ဖွင့် ထားသည့်အပြင် စိန်ပွဲစားအလုပ်ကိုပါ လုပ်ကိုင်ရင်း သူမနှင့် အတူ နေထိုင်ဆဲဖြစ်သည်။

သို့သော် မေမေ့မှာ အလုပ်တွေ များလွန်းလှသည်မို့ များသောအားဖြင့် ခင်မိုးပြည့်က အချိန်တော်တော်များများကို တစ်ယောက်တည်းသာ ဖြတ်သန်းရလေ့ရှိသည်။ အိမ်မှာအဖော် ခေါ်ထားသည့် ကောင်မလေးနှစ်ယောက်ကလည်း သူတို့ အလုပ်နှင့်သူတို့ မအားလပ်ကြချေ။ ထို့ကြောင့် သူမအတွက် ဝင်ဒိုးနှင့်နှင်းဆီတို့လာသည့် အချိန်များသည်သာ သာယာစို





ပြည်သော နာ့ရီ၊ စက္ကန့်လေးတွေ ဖြစ်တော့သည်။

* * * *

နံရံပေါ်တွင် ခင်မိုးပြည့်၏အရိပ်လေးက တဖျပ်ဖျပ် လှုပ်ခါလျက်ရှိပါသည်။ ညသည် အတန်ငယ် တိတ်ဆိတ်စပြု လာ၏။ ခင်မိုးပြည့်က သူနှင့်ဖုန်းပြောတိုင်း ပေါက်တတ်ကရ မေးခွန်းများကို မကြာခဏ မေးတတ်သူဖြစ်လေရာ နေမင်း အဖို့ မကြာခဏ ခေါင်းခဲရလေ့ရှိသည်။ အခုလည်း လာပြန်ပြီ။ သူ့ကို အတည်ပေါက်ကြီး အင်တာဗျူးနေပြန်၏။ စာရေးဆရာ ဖြစ်ရတာ ဘာနဲ့တူသလဲ။ သူမနားလည်အောင် ရှင်းပြပေးပါ လား . . တဲ့။ နေမင်းလည်း ထိုင်ငိုချင်သွားသည်။ စာရေး ဆရာဖြစ်တာပဲ ဘာနဲ့တူရဦးမှာလဲ။ သူကိုယ်တိုင်လည်း တစ်ခါ မှ မစဉ်းစားမိချေ။

"ဟာ . . မိုးပြည့်ကလည်းကွာ၊ အဲဒါ ကိုယ်က ဘယ် လိုလုပ် ပြန်ဖြေရမှာလဲ၊ စာရေးဆရာဖြစ်တာ၊ ဆိုပါစို့ . . လူတစ်ယောက်က စာရေးချင်လို့ရေးတာနဲ့ပဲ အခြားဘာတွေ ထူးထူးခြားခြား ပြောင်းလဲခံစားနေရမှာလဲ၊ ဘာမှပိုထူးခြားလာ ဘာ မရှိဘူးထင်တာပဲ၊ သေချာတာက ကိုယ်ကတော့ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နီနီ သူလိုကိုယ်လိုပါပဲ"

"ဟာ . . မဖြစ်နိုင်ဘူး၊ ဒါဆိုတော့ ကိုရဲရင့် ပြီးစလွယ် ဖြေတာပဲ ဖြစ်ရမယ်၊ မရဘူး . . မရဘူး သေချာလေးလေး နက်နက်ဖြေကွာ"

ရင်းနှီးလာသည်နှင့်အမျှ သူမ၏ ယဉ်သံက မကြာခဏ ဆိုသလို အစ်ကိုတစ်ယောက်ကို ချွဲနွဲ့သည့် ညီမတစ်ယောက် လို ဖြစ်ဖြစ်သွားတတ်ပါသည်။ နေမင်းကလည်း အဲဒါတွေကို သဘောကျတတ်နေပြီ ဖြစ်၏။

"ဗုဒ္ဓေါ၊ ဟဲ့ . . ကောင်မလေးရဲ့၊ အဲဒါ ငါသေချာ ဖြေတာပဲလေ၊ ဩော် . . ကျွတ် . . ခက်တာပဲ၊ ဘာလဲ စာရေး သူတစ်ယောက်ဖြစ်လာတော့ ကျွန်တော့်ကိုယ်ကျွန်တော် ဆရာ ကြီးတစ်ဆူ ဖြစ်သာတယ်လို့ ခံစားရတယ်၊ အမှန်တစ်ကယ်ဆို ကျွန်တော်ဟာ တကယ့်ဉာဏ်ပညာတို့ရဲ့ ထိပ်ခေါင်ကြီးတစ် ယောက်ပဲဗျာ၊ တောက် . . ပါရမီရှင်တစ်ယောက်ဆိုတာကို အသိနောက်ကျလေခြင်းလို့ ပြောရမှာလားကွ"

ခင်မိုးပြည့်က သူ့စကားကြောင့် တခစ်ခစ်ရယ်နေပြီး ထိုမေးခွန်းကိုပါ ဆက်မမေးတော့သဖြင့် သူလည်း ဝမ်းသာသွားမိ၏။ ဘယ့်နှယ် . . စာရေးဆရာတစ်ယောက် ဖြစ်တာပဲ၊ လူစင်စစ်က ဂြိုလ်သားတစ်ယောက်ဖြစ်သွားသလို





ခံစားနေရဦးမှာလို့လို . . သူမမေးပုံက အချိုးကို မပြေချေ။

ထို့နောက်တော့ သာမန်လူများပီပီ အခြားသော လူမှု ဘဝထဲက အကြောင်းအရာများကို ပြောဆိုရင်ခုန်နေကြပြန် လေသည်။ ပူလောင်အိုက်စပ်ခြင်း၊ ပန်းရနံ့တွေနှင့် မေတ္တာတရား အား ဖော်ညွှန်းသော စကားလုံးများက ပေါ့ပါးနေသလောက် သူတို့နှစ်ဦး၏ ရင်ခုန်သံတို့သည်လည်း လွယ်လွယ်ကူကူ လွင့်ပဲ့ လိုက်ရှိ၏။ နေမင်းက စာရေးဆရာပီပီ ဒီဇာတ်လမ်းကိုသူ ကိုယ်တိုင်ဖန်တီး စိတ်ကူးကြည့်မိပေမယ့် တကယ်တမ်းမှာ ဘာမှရေရေရာရာ တွေးမရဘဲ လက်လျှော့ထားရလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၇)

"သူက နင့်ကို တိတ်တိတ်လေး လာချောင်းမကြည့်ဘူးဆိုတာ သေချာရဲ့လားဟယ်၊ သူ တစ်ကယ်ကြည့်မကြည့်ဆိုတာကို ဘယ်သူက အတိအကျ သိနိုင်မှာတဲ့လဲ"

နှင်းဆီ၏သံသယစကားကို ဝင်ဒီကလည်း ထောက်ခံ၏။

"အေးလေ … နောက်ပြီး ငါရယ်ချင်တာက သူ့အစွဲအလန်းကိုပဲ၊ အရိပ်တွေကို ကြည့်ရမြင်ရတာကိုမှ စွဲလန်းတာ၊ သဘောကျတတ်တာ ဆိုတာက သိပ်သဘာဝမကျဘူးလားလို့"

ခင်မိုးပြည့်က ဝင်ဒီတို့နှစ်ယောက်ဘက်သို့ စောင်းငဲ့





ကြည့်ပြီး ပြုံးသည်။ စားပွဲပေါ်တွင်တင်ထားသော ဖုန်းလေးကို လက်ဖြင့် အသာစမ်းကောက်ယူ၍ အိမ်မွေးတိရစ္ဆာန်ငယ်လေးတစ်ကောင်အား ပွေ့ပိုက်ချော့မြူသည့်ပမာ အသာအယာ ကိုင်တွယ်ပွတ်သပ်ရင်း သူမက ပြောလိုက်ပါ၏။

"မှန်တယ် . . သဘာဝမကျဘူးလို့ ဆိုချင်ဆိုနိုင်ပါတယ်၊ ဒါပေမယ့် အဲဒီလိုမျိုး မရှိရဘူးလို့ နင်တို့တစ်ထစ်ချ ပြောနိုင်ပါ့မလား၊ ပြောရဲလို့လား၊ ကဲ . . . ပြော"

ဝင်ဒီနှင့် နှင်းဆီတို့မှာ ပြိုင်တူလိုလိုပင် နှုတ်ခမ်းကို မဲ့လိုက်မိကြသည်။ နှင်းဆီက (သူမ မမြင်နိုင်မှန်းသိသော်လည်း) မျက်စောင်းဝင့်လျက် . . .

"အမလေးတော် . . . ဟုတ်ပါတယ်၊ ကျွန်တော်မျိုးမတို့ မပြောနိုင်ပါဘူး၊ မပြောရဲပါဘူး၊ ပြောလည်း မပြောတော့ပါဘူး၊ ဒေါ်ခင်မိုးပြည့်ရှင့်"

"ငါကတော့ ပြောရဲတယ်၊ လူက ကြောင်တာဖြစ်ရင်ဖြစ်၊ မဟုတ်ရင်တော့ လိုအပ်တာထက် ပိုပြီးချဲ့ကားခံစားပြနေတာပဲ ဖြစ်ရမယ်"

ဝင်ဒီက မခံချင်အောင်ပြောရင်း နှင်းဆီကို မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ ပြီးတော့ ခင်မိုးပြည့်ဆီသို့လည်း မေးငေါ့ပြလိုက်သေး၏။ ဒင်း . . ဘာပြန်ပြောမလဲ နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဟေ့ ဆိုသည့်သဘော။ ခင်မိုးပြည့်၏နှုတ်ခမ်းလေးက မသိမသာစူလာ၏။

"နင်တို့ဟာလေ လူတစ်ဖက်သားကို မှိုချိုးမှျစ်ချိုးပြောဖို့ဆိုရင် ရှေ့ဆုံးကပဲ၊ အဲဒီလို လက်လွတ်စပယ်ပြောလို့တော့ ရမလားဟဲ့၊ လူဆိုတာ ကိုယ့်အစွဲအလန်းနဲ့ကိုယ်ပဲ၊ နောက်ပြီးတော့ သူက စာရေးဆရာဆိုတာ နင်တို့မေ့ထားလို့ မရဘူးလေ၊ သူ့ခံစားမှုကို ဟို . . ဘယ်လိုခေါ်မလဲ၊ ခံစားနိုင်စွမ်းက နင်တို့ ငါတို့ထက် ပိုမြင့်မားတာကတော့ သေချာတယ်၊ မှတ်ထား"

ဝင်ဒီက ပခုံးတွန့်၏။ နှင်းဆီကတော့ ဟက်ဟက် ပက်ပက် ထရယ်သည်။ ထိုအခါတွင်တော့ ခင်မိုးပြည့်၏ နှုတ်ခမ်းလေးမှာ သိသိသာသာကြီး စူထွက်လို့လာလေသည်။

"တော်ပြီဟာ၊ နင်တို့ကောင်တွေ လုံးဝမမိုက်ဘူး၊ ငါတကယ် စိတ်ဆိုးတယ်"

"ကဲပါ . . မိုးပြည့်ရယ်၊ သိပ်လည်း မူနွဲ့မနေပါနဲ့၊ ဟိုတစ်ယောက်နဲ့ဖုန်းပြောရင် အီဖို့လည်း နည်းနည်းချန်ထားဦး သိလား၊ ဝင်ဒီ . . . နင်ဒီည မိုးပြည့်နဲ့ အတူတူအိပ်ပေးမှာ မဟုတ်လား၊ အဲဒါဆို ငါလစ်မယ်၊ နည်းနည်းတောင် နောက်ကျနေပြီဟ၊ မိုးပြည့် . . . နင့်အမေက ခရီးသွားတာ ဘယ်နှစ်ရက်ကြာမှာလဲ၊ နောက်နေ့ကျရင် ငါပါလာအိပ်ပေးပါ့မယ်





နေ့တော့ အိမ်ကိုကြိုပြီး ပြောမလာမိလို့ ခွင့်လွှတ်ဟာ . . . နော်၊ ငါသွားပြီ သိလား . . . တာ့တာ"

"အင်းပါ . . . တာ့တာ တာ့တာ၊ မေမေကတော့ နင်ရက်လောက်ပဲလို့ ပြောသွားတာပဲ၊ မနက်ဖြန်ကျ နင်မလာလည်း ဖုန်းတော့ဆက်ဦးနော်"

"အံမယ် . . ငါက အလုပ်တွေနဲ့ နပမ်းလုံးနေရတဲ့လူ၊ တာ အိမ်မှာအားနေတာ၊ ဖုန်းလည်း ရှိနေပြီပဲ၊ နင်ငါ့ဆီဆက် လား"

"ဟဲ့ . . ငါက နင့်ဖုန်းနံပါတ်ကိုနှိပ်ဖို့ အလွတ်မရသေး ပါဟဲ့ နှင်းဆီမရဲ့"

"ဟုတ်သားပဲ . . . နှင်းဆီကလည်း၊ မိုးပြည့်က သူ့ အမေဆီက ဟန်းဖုန်းရကတည်းက ဖုန်းနံပါတ်တစ်ခုတည်း ပဲ အသေအလွတ် ကျက်ထားရရှာတာဟ၊ နင်သိရဲ့သားနဲ့၊ မှာ သူ့အမေရဲ့ ဖုန်းနံပါတ်တောင် မနှိပ်တတ်သေးဘူး၊ ဖုန်းဆိုပေးရော၊ ဟဲဟဲ"

ဒီတစ်ခါတော့ ခင်မိုးပြည့်စိတ်ဆိုးဖို့တောင် ဟန်မပြင် ဘဲ ဝင်ဒီတို့နှင့်အတူ လိုက်ပါရယ်နေမိတော့သည်။ ဝင်ဒီ ယ်ဆိုလည်း စချင်စရာ၊ သူမ ဟန်းဖုန်းလိုချင်တယ်ဟု သဖြင့် မေမေက အခြားသူတစ်ယောက်အား ငှားရမ်း



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ဖုန်းကို ဆက်လက်မငှားတော့ဘဲ ချက်ချင်းသူမကို လွှဲပေးခဲ့၏။ ထိုအချိန်မှစပြီး သူမခေါ် ဆိုတတ်သော ဖုန်း နံပါတ်မှာ တစ်ခုတည်းသာ။ နေမင်း၏ဖုန်းနံပါတ် . . .။

ဒီနေ့မနက်တွင် မေမေက အလုပ်ကိစ္စဖြင့် ခရီးတစ်ခု မလွှဲသာမရှောင်သာ ထွက်ရမှာမို့ ဝင်ဒီကို သူမနှင့်အတူ အဖော်လာနေပေးဖို့ အကူအညီတောင်းထားခဲ့သည်။

နှင်းဆီပြန်သွားပြီးနောက် ဝင်ဒီနှင့် သူမတို့နှစ်ယောက် ထဲ စကားတွေ အများကြီး ဆက်ပြောဖြစ်ကြ၏။ ကျောင်းတုန်း က သူငယ်ချင်းတွေအကြောင်း၊ နေမင်းဆိုသည့် စာရေးဆရာ လေးအကြောင်း၊ ခင်မိုးပြည့်၏ မျက်လုံးအခြေအနေအကြောင်း ဝင်ဒီက သူမစိတ်ချမ်းသာစေရန် ရည်ရွယ်၍ စကားကို ထိန်း သိမ်းပြောပေးသည်။ သူမစိတ်ဆင်းရဲစေမည့် ကိစ္စများဆို စကားကို ချက်ချင်းလမ်းကြောင်းလွှဲကာ အခြားအကြောင်း အရာတစ်ခုဆီသို့ ဆွဲယူသွားတတ်၏။

ခင်မိုးပြည့်ကလည်း ဒါကို ရိပ်မိပြီး ဝင်ဒီကို ကျေးဇူး တင်ရသည်။ ဝင်ဒီနှင့်နှင်းဆီဆိုသော သူငယ်ချင်းနှစ်ယောက် ရှိနေခြင်းမှာ သူမအတွက် ဘုရားပေးသော ဆုလာဘ်တစ်ခုပ ဖြစ်တော့သည်။ သူမသည် ကြည်နူးစိတ်နှင့် ဝင်ဒီလက်ကို အားရပါးရ ဖျစ်ညှစ်ထားမိ၏။ ဝင်ဒီက သူမပခုံးကို ပြန်လည်





ခင်းဖက်ရင်း . . .

"ကဲ . . . ခေါ်မိုးပြည့်၊ ရှင်တို့ အရိပ်ဇာတ်လမ်းစဖို့ အချိန်နီးနေပြီ မဟုတ်လား၊ ပြတင်းပေါက်အနား သွားကြမယ် လေ"

ခင်မိုးပြည့်က ကျေနပ်စွာပြုံးပြီး ခေါင်းညိတ်ကာ ဝင်ဒီ ဆန်ပေးသည့် လက်တစ်ဖက်ကို သူမ၏လက်တစ်ဖက်ဖြင့် ပြန်လည်ချိတ်တွယ်၍ ထိုင်ရာမှ အားယူထလိုက်ပါသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

ဧည့်ခန်းကြမ်းပြင်ပေါ်မှာ ပိုးလိုးပက်လက်နှင့် တစ် ခေါခေါအိပ်မောကျနေသည့် ပံသုထွင့်ခေါင်ကိုကြည့်ပြီး နေမင်း စိတ်ပျက်လက်ပျက် ခေါင်းရမ်းမိ၏။ ဒီပုံစံမျိုးနှင့်သာ အိမ်ပြန်သွားလို့ကတော့ သူ့အဖေက ဒီကောင့်ကို အပေါက်ဝမှ ဆီး၍ကန်ချမှာ သေချာလှသည်။ ပံသုထွင့်ခေါင်ကား မူးယစ်ရီဝေခြင်း၏ အစွန်းကိုကျော်ဖြတ်ကာ သတိလက်လွတ် လဲကျအိပ်စက်ခြင်းအဆင့်ထိ ပေါက်ရောက်လို့နေချေပြီ။

နေမင်းက ပံသုထွင့်ခေါင်ကို စောင်ပါးပါးတစ်ထည် လွှမ်းပေးထားပြီး လိုလိုမယ်မယ် ခြင်ဆေးခွေတစ်ခွေကိုပါ





ညှိ၍ ခြေရင်း၌ ချထားပေးလိုက်၏။ သကောင့်သား အစုတ် ယုတ်ကို သူ့တိုက်ခန်းရောက်အောင် မနည်းတွဲခေါ်လာရ တာတပင် မသက်သာလှချေ။

ပံသုထွင့်ခေါင်၏ တခူးခူးတခေါခေါ အသံမြည်နေသော ပါးစပ်မှ ချဉ်စုတ်စုတ်အနံ့အသက်များကြောင့် သူက နှာခေါင်းရှုံ့မိလျက် အလျှင်အမြန် မတ်တပ်ပြန်ရပ်လိုက်ရသည်။ တကယ်တော့ တန်ဖိုးကြီးသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ အရက်ဆိုသည်မှာ သောက်မထားသူအတွက် အလွန်နံစော်လှပါသည်။

နာရီကိုကြည့်လိုက်မိပြီး နေမင်း၏ ရင်ခုန်သံတွေ ကျယ်လောင်လို့သွား၏။ ကိုးနာရီခွဲတော့မည်။ ဧည့်ခန်းမီးကို ပိတ်ပြီး အိပ်ခန်းထဲသို့ သူဝင်လာခဲ့သည်။ ပံသုထွင့်ခေါင်တစ်ယောက် ဧည့်ခန်းကြမ်းပြင်ပေါ်မှာ ကျန်ရစ်ခဲ့လေပြီ။ မတတ်နိုင်တော့။ ဘယ်လိုမှ ဆွဲထူနိုးလို့မရတာ၊ သူ့ထိုက်နဲ့သူ့ကံပဲဟု နေမင်းက ဖော့၍တွေးလိုက်ပါ၏။

လောလောဆယ် အရေးကြီးတာ အရိပ်လေးပဲ မဟုတ်လား။ ဒီည အရိပ်လေးနှင့်သူ စကားတွေပြောမည်။ အရိပ်လေးကို ပြောဖို့စကားလုံးတွေ သူ့မှာအများကြီး ဖြစ်နေသည်။ အိပ်ခန်းမီးကို ပိတ်လိုက်သောအခါ သူ့အခန်းထဲတွင် ဘာ



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မှ မရှိတော့။ အဆင်သင့်ဖြစ်သွားပြီ။ ဟန်းဖုန်းကို အသာကိုင်ထားရင်း နေမင်းက ပြတင်းတံခါးတို့ကို ညင်သာစွာ ဖွင့်လိုက်လေသည်။

နံရံပေါ်မှာ အလင်းတစ်ကွက်ကို ဗလာဟင်းလင်းပြင်တစ်ခုပမာ မြင်နေရ၏။ ဒါဆို အရိပ်လေးက အစောကြီးကတည်းက အခန်းထဲရောက်နေပြီပေါ့။ ပုံမှန်အတိုင်းဆို သူမက အခုချိန်လောက်မှ အခန်းထဲဝင်လာပြီး မီးဖွင့်တတ်တာ နေမင်း အသိဆုံးဖြစ်၏။

ဒီနေ့မှ ထူးထူးခြားခြား ဝီရိယတွေကောင်းကာ အခန်းထဲရောက်နှင့်နေသည့် အရိပ်လေးအား သူက ပြတင်းပေါက်မှာမှီ၍ ရပ်စောင့်နေလိုက်သည်။ အရိပ်လေးရယ် လာပါတော့ . . .။ နေမင်းတမော့မော့ဟူသော ပေါကြောင်ကြောင်စိတ်ကူးနှင့်အတူ သူတူမြူးနေတော့သည်။

ဟော . . နေမင်းက ဖြတ်ကနဲ ပေါ်လာသည့် အရိပ်လေးကို တစိမ့်စိမ့်ကြည့်ကာ ပျော်ရွှင်နေမိ၏။ အရိပ်လေးသည် အခုမှ ထိုင်ရာက ထလိုက်ပုံရသည်။ ဟင် . . သူ့အတွေးတွေက ဒုန်းကနဲ ရပ်တန့်သွားသည်။ အရိပ်လေးမှမဟုတ်တာ . . .။ ဒါ . . အခြားတစ်ယောက်ပဲ။ ဘယ်သူပါလိမ့်။

**အရိပ်လေး၏ ဆံပင်ပုံစံနှင့် ခန္ဓာကိုယ်အချိုးအစား**

**အိပ်မက်အသစ်**



တို့ကို သူအလွတ်ရပြီးသားဖြစ်၏။ အခုမြင်နေရတာက ဆံပင်တိုတိုနှင့် . . .။ နောက်ပြီးတော့ . . ၄င်းနေမင်း တံတွေးတစ်ချက်မျိုချလိုက်မိသည်။ ဆက်တိုက်ဆိုသလို နောက်ထပ်အရိပ်တစ်ခုကို မြင်တွေ့လိုက်ရချိန်မှာတော့ နေမင်းတစ်ကိုယ်လုံး ထူပူသွားသည်။ ဒါသာမန်မဟုတ်သည့် အခြေအနေတစ်ရပ်ဆိုတာ သူနားလည်လိုက်ပါ၏။

ပထမဆံပင်တိုတိုအရိပ်၏လက်ကို ဆွဲယူချိတ်တွယ်လာသော ဒုတိယမြောက်အရိပ်သည်သာ သူ့အရိပ်လေးနှင်း နေမင်းချက်ချင်း သဘောပေါက်သွား၏။ ပခုံးစပ်နားမှာဝဲကျနေသော ဆံနွယ်စင်းစင်းလေးတွေ၊ ပြီးတော့ လမ်းလျှောက်သည့်ပုံစံ။ အရိပ်လေးက ဟိုဆံတို၏ ပခုံးပေါ်မှာ မှီနွဲ့လျက်ပြတင်းပေါက်နားဆီ တိုးကပ်လာ၏။ နေမင်းက 'တောက်' တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်မိပြီးမှ အရိပ်နှစ်ခုကို မျက်မှောင်ကြုတ်ကာ ကြည့်နေမိတော့၏။

အရင်က အရိပ်လေးအခန်းထဲသို့ လိုက်ပါလာတတ်သည့် အရိပ်တချို့ကို နေမင်းအသေအချာ မှတ်သားထားခဲ့ဖူးသည်။ အခု ဆံတိုကတော့ သူလုံးဝမမြင်ဖူးသေးသော အရိပ်တစ်ခု၊ ဟိုတွေ့မြင်ဖူးသည့် အရိပ်များထက် အရပ်ပိုရှည်သည်။ နောက်ပြီး ဒီဆံတိုအရိပ်နှင့်ပတ်သက်၍ နေမင်းသေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



သိနေတာတစ်ခုက ဒါမိန်းကလေးတစ်ယောက် လုံးဝမဟုတ်နိုင်ဆိုတာပဲ ဖြစ်ပါသည်။

နေမင်းအထင်အမြင်ကို ထောက်ခံပေးလိုက်သည်မှာ ထိုဆံတိုအရိပ်၏ နောက်ထပ်အပြုအမူတစ်ခုပင် ဖြစ်၏။ သူက အရိပ်လေး၏ပခုံးကို ခပ်ဖွဖွဖက်ထားရာမှ လူချင်းခွာကာ သူမပါးပြင်လေးကို ဆွဲညှစ်သလိုလုပ်လိုက်၏။ နေမင်းလည်း အံကို ခပ်တင်းတင်းကြိတ်လိုက်မိသည်။

ငနဲသားက အရိပ်လေးကို လက်ဟန်ခြေဟန်ဖြင့် ဘာတွေပြောနေသည်မသိ။ ပြီးတော့ အရိပ်လေးနှင့် ခပ်ခွာခွာ အနေအထားမှာရပ်ကာ ဆေးလိပ်မီးညှိတာ မြင်နေရပြန်သည်။ ထိုအရိပ်များကိုကြည့်၍ နေမင်းစိတ်တွေ ရုတ်တရက် အိုမင်းသွားသကဲ့သို့ ခံစားလိုက်ရလေသည်။

အရိပ်လေးရယ်။ မင်းပြောတော့ အိမ်မှာ မေမေနဲ့ မင်းတို့ သားအမိနှစ်ယောက်တည်းရှိတာဆို။ တစ်ဦးတည်းသော အစ်ကိုက ပက်ဘပ္ပမှာဆို။ သူငယ်ချင်းတောင် မိန်းကလေးသူငယ်ချင်းနှစ်ယောက်ပဲ ရှိတာဆို။ ဒါဖြင့် အခုရောက်နေတဲ့ မင်းရဲ့ဧည့်သည်တော်ကြီးက ဘယ်သူလဲ။ ဘာကိစ္စ မင်းအိပ်ခန်းထဲအထိ ရောက်နေရတာလဲ။

နေမင်းက ဖြစ်နိုင်လျှင် အခုချက်ချင်းပင် အရိပ်လေး





…ခန်းထဲ ပြေးဝင်သွားကာ ဆေးလိပ်သောက်နေသည့် ထိုငတိ …မေးရိုးကို ပြေးထိုးပစ်လိုက်ချင်ပါသည်။ နောက်ပြီး အရိပ်…းကို . . .။ အဲ . . အရိပ်လေးကိုကျ သူဘာပြောရပ့ါမလဲ။ …တယ်တော့ သူလည်း သူမရဲ့ သာမန်မိတ်ဆွေတစ်ဦးပဲ …ဟုတ်လား။ နေမင်းက ဟန်းဖုန်းကို ပါဝါပိတ်၍ စားပွဲပေါ် …င်ကာ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်မိလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၉)

တစ်နေ့လုံး စိတ်မကြည်မလင်ဖြစ်နေမှန်း သိသာပေါ်လွင်လွန်းလှသည့် ခင်မိုးပြည့်၏မျက်နှာကို အကဲခတ်ရင်း ဒေါ်ယဉ်မင်းဆွေမှာ သက်ပြင်းချလိုက်မိပါသည်။ သူမခရီးသွားရာမှ ပြန်ရောက်လာကတည်းက သမီးဖြစ်သူ၏ သုန်သုန်မှုန်မှုန်အမူအရာကို သတိထားမိသော်လည်း အခုထိတော့ ဘာကြောင့်မှန်း မသိရသေးချေ။

ခင်မိုးပြည့်အော်ငေါက်လွှတ်တာ ခံလိုက်ရသော အိမ်အကူကောင်မလေးသည် ဒေါ်ယဉ်မင်းဆွေကို အကူအညီတောင်းသလို မရဲတရဲလေး လှမ်းကြည့်ပြီး မီးဖိုချောင်ထဲသို့





ခပ်ကုပ်ကုပ်ဝင်သွားခဲ့၏။

"သမီးလေးရယ် . . . ဘာဖြစ်လို့များ ဒီလောက်စိတ်တွေ တိုနေရတာလဲ၊ မေမေ့ကို ပြောပါဦး၊ ဘာဖြစ်လို့လဲဟင်၊ သမီးလေးကိုကြည့်ရတာ တစ်မျိုးပဲ"

ခင်မိုးပြည့်က မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ခေါင်းကိုရမ်းပြလိုက်၏။ နှုတ်မှလည်း . . .

"ဩော် . . . ဟို . . . ဘာမှမဟုတ်ပါဘူး မေမေရာ၊ ကောင်မလေးတွေ လုပ်တာကိုင်တာ သိပ်အချိုးမကျလို့ စိတ်တိုသွားတာပါ၊ ဘာမှမဖြစ်ပါဘူး"

ဒေါ်ယဉ်မင်းဆွေက အားရပါးရ ပြုံးလိုက်ပါသည်။ ဘာမှမဖြစ်ပါဘူးဆိုသည့် သမီးလေး၏ လေသံနှင့်အမူအရာကို ကြည့်ရုံနှင့် တစ်ခုခုတော့ သေချာပေါက်ဖြစ်နေမှန်း သူမသဘောပေါက်လိုက်သည်။

ကိုယ်မွေးထားတဲ့ သမီးမှ ကိုယ်အကဲမခတ်နိုင်ရင် သူမသိပ်ညံ့သွားရာ ကျတော့မှာပေါ့။ ဒေါ်ယဉ်မင်းဆွေသည် စိန်ကဲကျောက်ကဲသာမက လူကဲခတ်လည်း မညံ့လှချေ။

"ကဲပါ . . သမီးလေးရယ်၊ မေမေ့ကို ပွင့်ပွင့်လင်းလင်းသာ ပြောပြစမ်းပါ၊ သမီးလေး တစ်ခုခုဖြစ်နေတာ မေမေသိတယ်၊ သမီးစိတ်ထဲမှာ မကျေမနပ်ဖြစ်စရာ အလိုမကျဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စရာ ကိစ္စကြီးကြီးမားမား တစ်ခုရှိနေတာ အမှန်ပဲ၊ မမေ့တို့ပြော၊ သမီးလေး ဘာဖြစ်လဲ၊ အိမ်က ကောင်မလေးတွေကိုတော့ သိပ်မဆူပါနဲ့ သမီးရယ်၊ သနားဖို့ကောင်းပါတယ်"

ခင်မိုးပြည့်က မသိမသာ သက်ပြင်းကို ခိုးချသည်။ တကယ်ပဲ မကျေနပ်နိုင်စရာ အလိုမကျမှုတွေက သူမရင်ထဲမှာ ပြည့်ကျပ်မွန်းသိပ်နေတာလည်း အမှန်ပင် ဖြစ်၏။

ကိုရဲရင့် . . .။ ဘာကြောင့် သူမကို အဆက်အသွယ်တွေ ဖြတ်ထားရတာလဲ။ မတော်တဆ တိုက်ဆိုင်တာတော့ မဖြစ်နိုင်။ သူမဖုန်းဆက်လိုက်တိုင်း ဖုန်းပိတ်ထားတာနှင့်ချည်း တိုးနေသဖြင့် ခင်မိုးပြည့်စိတ်တိုနေရခြင်း ဖြစ်ပါသည်။

ဒါပေမယ့် အဲဒီကိစ္စကို ဘယ်လိုလုပ်ပြီး မေမေနဲ့ပြောလို့ ဖြစ်ပါ့မလဲ။ မေမေက အတင်းအကျပ်ကြီး မဟုတ်ပေမယ့်လည်း သူမတစ်ခုခုပြန်မဖြေမချင်း ဆက်မေးနေမည့်သဘောရှိ၏။ ဝင်ဒီနှင့် နှင်းဆီတို့ ဒီရက်အတွင်း သူမဆီရောက်မလာကြသဖြင့် တိုင်ပင်စရာအဖော်ပင် မရှိပေ။ သူမသည် ဦးခေါင်းကို ပြင်းပြင်းထန်ထန် အလုပ်ပေးလိုက်ပြီးမှ . . .

"ကိုကြီးဆီက သမီးမျက်လုံးခွဲဖို့ ဘာအကျိုးအကြောင်းမှ ရေရေရာရာ မသိရသေးလို့ပါ မေမေရာ၊ သမီးကတော့ စိတ်မရှည်ချင်တော့ဘူး၊ မေမေ့ ဘာသာစီစဉ်ပြီး ခွဲစိတ်ဖို့





လုပ်မယ်ဆိုရင်လည်း ရနိုင်တာပဲမဟုတ်လား၊ သမီးမျက်လုံးတွေ ပြန်မြင်ချင်တယ် မေမေရာ၊ အခုဆို ငါးနှစ်တောင်ရှိသွားပြီ၊ သမီးလည်း အမှောင်ထဲမှာ အရမ်းညည်းငွေ့နေပြီ၊ အနည်းဆုံးတော့ ပြန်မြင်ဖို့ဖြစ်နိုင်လား၊ မဖြစ်နိုင်ဘူးလား ဆိုတာလောက်တော့ သမီးသိခွင့်ရချင်တယ်"

ဒေါ်ယဉ်မင်းဆွေက ခင်မိုးပြည့်ဆီ ကရုဏာသက်စွာ စိုက်ကြည့်ရင်း မျက်တောင်များကို ခပ်သွက်သွက်လေး ခတ်လိုက်ပါသည်။ နောက် . . . မျက်မှန်ကိုချွတ်ပြီး လက်ကိုင်ပုဝါဖြင့် မျက်လုံးတွေကို အသာတို့ရင်းပြော၏။

"သမီးလေးရယ် မေမေတို့လည်း ကြိုးစားနေပါတယ်၊ ဒီကိစ္စကို တတ်နိုင်သမျှ အမြန်ဆုံးလုပ်ဖြစ်အောင် မေမေ အစွမ်းကုန် ကြိုးစားပေးမှာပါ၊ ကိုကြီးကိုလည်း အပြစ်မတင်ပါနဲ့ သမီး၊ သူလည်း ဟိုမှာအခြေကျအောင် ကြိုးစားနေရတာ မဟုတ်လား၊ ကဲ . . အဲဒါတွေကို လောလောဆယ် ခေါင်းထဲက ခဏထုတ်ထားလိုက် သမီးလေး၊ လာ . . ထမင်းစားကြမယ်၊ ထ . . မေမေက အလုပ်တွေများပြီး သမီးနဲ့အတူတူ ထမင်းမစားဖြစ်တာတောင် ကြာလှပြီ၊ အခု မေမေတို့ အတူတူ စားကြမယ်လေနော် . . . သမီး"

* * * *

www.burmeseclassic.com



နေမင်းသည် ဟန်းဖုန်းကိုကိုင်၍ ဆက်ရမလို မဆက်ရမလိုနှင့် လိပ်ခဲတင်းလင်း ဖြစ်နေရှာသည်။ ထိုအခြေအနေ သူက စိတ်တိုနေမိသည်။ ဟိုတစ်ညက အရိပ်လေးနှင့်အတူ တွေ့လိုက်ရသည့် ရွှေစည့်သည်ကြီး၏အရိပ်က သူ့စိတ် ခြောက်လှန့်ကိုက်ခဲနေ၏။

သူ ဘယ်သူလဲ။ မေးကြည့်လို့ရော ကောင်းပါ့မလား သိပ်မသေချာပါ။ တော်ကြာမှ ဩော် . . ဟုတ်တယ်။ အဲဒါ . . ကျွန်မရဲ့ . . . ။ သူ ဆက်မတွေးချင်တော့ပေ။

လောကကြီးဆိုသည်ကလည်း ဘာမဆိုဖြစ်နိုင်နေ တာမို့ သူ့မှာ အတွေးရခက်လှသည်။ အရိပ်လေးသည် သူမ၏ ကိုယ်ပိုင်ဘဝနှင့်ပတ်သက်ပြီး တော်တော်များများ ပြောပြထား သည်နှင့်အမျှ ချန်ထားခဲ့သော အစိတ်အပိုင်းတွေလည်း အများကြီး ရှိနေနိုင်လေသည်။

ချစ်သူ၊ ယောက်ျား (ထိုအတွေးကြောင့် သူတော် တော်လေး အောင့်သွားပါသည်။) နောက်ပြီး . . အင်း . . ဘာမဆိုပါပဲ။ ဘယ်လိုတွေးတွေး ဖြစ်နိုင်တာတွေချည်းပါပဲ။ တကယ်တော့ သူက အရိပ်လေးနှင့် ပတ်သက်၍ အရိပ်အမြွက် မျှသာ ရင်းနှီးကျွမ်းဝင်စွာ သိရှိထားသူ ဖြစ်ပါသည်။

အဲဒီညကစပြီး သူ အရိပ်လေးဆီ ဖုန်းမဆက်ဖြစ်





…ားလည်း မပြောဖြစ်တော့ပေ။ အရိပ်လေးကို မကြည့်မိ …အောင် ထိန်းသည့်အနေဖြင့် အိမ်ကိုနောက်ကျမှ ပြန်လာခဲ့ …ည်မှာ နှစ်ညသုံးညခန့်ရှိပြီ။ အရိပ်လေးဖုန်းဆက်လာ …တ်သော ညအချိန်များတွင်လည်း နေမင်းက ဖုန်းကို …တ်ထားခဲ့၏။ အခုတော့ သူဆက်လက်ထိန်းချုပ်ဖို့ မဖြစ်နိုင် …ာလောက်အောင် အရိပ်လေးကို လွမ်းလှပြီဖြစ်လေသည်။

ဖုန်းဆက်လိုက်ရင် ကောင်းမလား။ ဒါမှမဟုတ် သူမ …ကိုပဲ စောင့်ရမလား။ နေမင်းမှာ ဖုန်းကို ပိတ်မထားဖြစ် …တော့ပေ။ ပြီးခဲ့သည့် နှစ်ရက်သုံးရက်အတွင်း သူ့ကို ညပိုင်း …ခေါ်လိုက်လျှင် ပိတ်ထားတာနှင့်ချည်း တိုးနေကြသဖြင့် …ယ်ချင်းများမှာ နားမလည်နိုင်အောင် ဖြစ်နေကြသည်။ …ရင်အတိုင်းဆို နေမင်းက ညဉ့်နက်သန်းခေါင်အထိ အိပ်မှ …အိပ်သေးတာ။ ကဲ . . . အခု ဖုန်းကိုပြန်ဖွင့်ထားလိုက်ပြီ …ယ်ချင်းတို့ရေ . . . ။

နောက်ပြီးတော့ အရိပ်လေးရေ . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

BURMESE CLASSIC .com

နားထောင်လက်စ သီချင်းကိုပိတ်၍ ခုတင်ပေါ်မှာ လှဲလျောင်းနေရာမှ သူမ ထထိုင်လိုက်သည်။ ထို့နောက် စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကိုတစ်ချက်ကုတ်လိုက်ပြီးမှ မွေ့ရာပေါ်သို့ ခြေပစ်လက်ပစ် ပြန်လှဲချမိပြန်သည်။ နေမင်းဆိုသော စာရေးဆရာအကြောင်းကို တွေးမိတိုင်း သူမကိုယ်သူမ ဒေါသတွေ ထွက်လာတော့၏။

ငါဘာဖြစ်လို့ ဒီလောက်တောင် စိတ်လှုပ်ရှားနေရတာလဲ။ အဖြေမရှိပါ။ သူကရော ဘာဖြစ်လို့ ဖုန်းပိတ်ထားရတာလဲ။ ငါ့ကြောင့်လား။ ငါနဲ့ စကားမပြောချင်တော့လို့လား





သူမအတွေးများက မဆုံးနိုင်အောင် ရှည်လျားဝေ့လီလို့နေသည်။

ဝင်ဒီနှင့် နှင်းဆီတို့ဆီ ဖုန်းဆက်ဖို့လုပ်ပြီးမှ စကားပြောချင်စိတ် မရှိတော့ပြန် . . .။ နှင်းဆီကိုတော့ ဆက်ချင်သည်း ဆက်လို့မရချေ။ မနက်ဖြန်မှ နှင်းဆီတစ်ယောက်ခဲ့က ပြန်ရောက်မည်ဟု နေ့လည်က သူမဆီ ဝင်ဒီလှမ်းဖုန်းဆက်သည်။ အမျိုးတစ်ယောက်ဆုံးလို့ဆိုလားပဲ၊ အသည်းအသန်ဖြစ်တာပဲလား ဝင်ဒီကိုယ်တိုင်လည်း အသေအချာသိ။ နောက် . . . ဝင်ဒီက အခုအချိန်ဆို အိပ်နေလောက်ပြီ။ ဝင်ဒီက စောစောအိပ်ရာဝင်ပြီး စောစောထတတ်သူဖြစ်၏။ သူမကို ညပိုင်းဖုန်းခေါ်လျှင် အိပ်ရေးပျက်တယ်ဆိုပြီး စိတ်ဆိုးတတ်သေးသည်။

ခေါင်းအုံးဘေးမှာချထားသော ဟန်းဖုန်းဆီ လက်ကရောက်သွားမိသည်။ ငါအရမ်းသိက္ခာမဲ့ရာကျနေမလား။ ခင်မိုးမြို့က ယောက်ယက်ခပ်နေသည့် အတွေးများနှင့် တစ်ယောက်ထဲ ချာချာလည်နေ၏။ အို . . ဘာဆိုင်လဲ။ သူနဲ့ ငါနဲ့က ဘာဖြစ်သေးလို့လဲ။ သူမသည် တွေးရင်းနှင့် မလဲ့ဘဲ ရှက်ရွံ့စွာ ပြုံးမိုက်မိပြန်ပါသည်။

နောက်ဆုံးတော့ သူမက ဆုံးဖြတ်ချက်တစ်ခု ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦး ဖုန်းခလုပ်လေးများကိုသာ ညင်သာစွာ နှိပ်နေမိတော့၏။ ဘယ်လိုလဲ စာရေးဆရာကြီးရယ်။ ရှင့်ဖုန်းက ပိတ်ထားတုန်းပဲလား။ ထိုအခိုက်အတန့်လေးမှာပဲ သူမရင်တွေ နွေးကနဲ ဖြစ်သွားကာ ခံစားမှုနှင့်အတူ သူ့အသံက ခင်မိုးပြည့်နားထဲသို့ စီးဝင်လာခဲ့ပါသည်။

"ဟဲလို . . မိုးပြည့်လားဟင်"

သူ့အသံက ခါတိုင်းလိုမဟုတ်ဘဲ အနည်းငယ် အက်ကွဲတိမ်ဝင်နေသလို ထင်ရ၏။ နေမကောင်းများ ဖြစ်နေသလားဟုတွေးကာ သူမစိုးရိမ်သွားပြန်၏။

"ဟဲလို . . မိုးပြည့် ကြားလား . . ဟဲလို"

"ဟုတ် . . . ကြားပါတယ် ကိုရဲရင့်၊ နေမကောင်းဘူးလားဟင်၊ အသံက တစ်မျိုးဖြစ်နေသလားလို့"

"အင်း . . ဆိုပါတော့၊ သိပ်နေမကောင်းချင်သလိုပဲ"

"ဟာ . . အဲဒါဆို ဆောရီးနော်၊ မိုးပြည့်ဖုန်းချပေးရမလား"

"ရပါတယ်၊ အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး။ မိုးပြည့်ရော နေကောင်းတယ် ဟုတ်"

"ဟုတ် . . . ကောင်းပါတယ်၊ ဒါနဲ့ ဟိုရက်က ဘာဖြစ်လို့ ဖုန်းပိတ်ထား တာလဲဟင်၊ မိုးပြည့်လှမ်းခေါ်တာ ခဏ





တာပဲ၊ တစ်ခါမှ မရဘူး"

"သြော် . . . အင်း . . ဟုတ်တယ်၊ အဲဒါက ဟို . . . စောကြီး အိပ် . . အိပ်ပျော်သွားလို့ပါ"

ထို့နောက် ဘာမှပြောစရာမရှိသလို နှစ်ဖက်စလုံး တိတ်ဆိတ်လို့သွားသည်။ အတွေးကိုယ်စီဖြင့် ငြိမ်သက်နေမိကြ၏။ ခင်မိုးပြည့်က ရင်ခုန်သံတွေမြန်ကာ စကားအစ ရှာမရဖြစ်နေပြီး နေမင်းကလည်း မေးခွန်းတစ်ခုကို အတင်း ချုံ့နေရလေ၏။

"မိုးပြည့် ဘာဖြစ်လို့ငြိမ်နေရတာလဲ၊ ဘာတွေတွေးနေ တာလဲဟင်"

"ရှင် . . သြော် . . ဘာမှမတွေးပါဘူး၊ ဟို . . ကိုရဲရင့် ဘူး တစ်ခုခုအရင်စပြောမလားလို့ နားထောင်နေတာပါ"

နေမင်းက ခပ်တိုးတိုးရယ်သည်။ တကယ်လည်း သူ့မှာ ပြောစရာတွေ ရှိနေပါ၏။ သို့သော် ဘယ်ကစပြီး ပြောရမည်မှန်း မသိပေ။

"မိုးပြည့်က အရင်စပြီးဆက်တာပဲ၊ မိုးပြည့်ပဲ ပြောပါ"

"ဟင် . . အဲဒါဆို ကိုရဲရင့်က မိုးပြည့်ဆက်လို့သာ ပြောနေရတာ၊ ဘာမှပြောစရာ စကားမရှိဘူးပေါ့၊ အဲလိုလား"

"အဲလိုတော့လည်း မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရင် တစ်ခုခုပြော၊ မိုးပြည့်က သတိရလို့ဆက်တာ၊ အရင်ရက်တွေက ဖုန်းခေါ်လို့မရလို့ အခုထပ်ခေါ်ကြည့်တာ၊ ဘာမှ ထူးထူးထွေထွေတော့ ပြောစရာမရှိဘူး"

ခင်မိုးပြည့်စကားကြောင့် သူရင်နာသွားသည်။ အင်းပေါ့လေ။ ပြောစရာ ဘယ်ရှိပါ့မလဲ။ သူနှင့် အရိပ်လေးတို့ကြားမှ ဆက်သွယ်မှုဆိုတာကလည်း တကယ့်ကို ပါးပါးလှပ်လှပ်လေးသာ ဖြစ်၏။ သူ အံ့တစ်ချက်ကြိတ်မိပြန်သည်။ နံရံပေါ်တွင် အရိပ်လေးရှိမနေပါ။ သူမ ဘယ်နေရာမှာပါလိမ့်။ အိပ်ရာထဲမှာလား။ ဒရင်းဘက်တစ်ခုပေါ်မှာလား။ ပြီးတော့ တစ်ယောက်တည်းလား . . .။

"အရိပ်လေး ကိုယ်ထင်ပြတာကို ကြည့်ချင်တယ်ကွာ"

ရုတ်တရက် ပြောချလိုက်သော သူ့စကားကိုကြားပြီး အရိပ်လေး အံ့အားသင့်သွားလိမ့်မည်ဟု နေမင်းတွက်ဆထားမိသည်။ သူကိုယ်တိုင်ပင် သူ့ပါးစပ်သူ အံ့ဩနေခဲ့သည်။ ငါ ဘာတွေပြောနေမိပါလိမ့်။ အရိပ်လေး၏ အသံတိုးတိုးလေး မျှောလွင့်လို့လာ၏။

"ဘယ်လို . . ကိုရဲရင့်၊ ကိုယ်ထင်ပြတာ ဟုတ်လား ဘာကိုဆိုလိုတာလဲ၊ သြော် . . မိုးပြည့် ပြတင်းပေါက်နားကို လာမရပ်လို့လား၊ ဟုတ်တယ် . . ကိုရဲရင့်ရဲ့ ဒီနေ့ မိုးပြည့်





ရာပေါ် စောစောစီးစီး ရောက်နေတာ၊ အခု ကိုရဲရင့်က င့်ကြည့်နေတာလားဟင်၊ မိုးပြည့် ပြတင်းပေါက်နားကို ခဲ့ရမှာလား"

သူမအသံက အဖျားခတ်မှာ တုန်ခါနေသလိုပဲ။ ငါ ထင်တာဖြစ်မှာပါဟုတွေးရင်း နေမင်းက ချောင်းတစ်ချက် န့်လိုက်သည်။

"ဟင့်အင်း . . မဟုတ်ဘူး၊ ကိုယ်လည်း အိပ်ရာထဲက ပြောနေတာပဲ၊ ကိုယ်ပြောတာက အရိပ်လေးကို နေ့ခင်း က်မှာ နှစ်ယောက်တည်း တွေ့ချင်တယ်လို့ပြောတာ"

ဘာသံမှ မကြားရအောင် တိတ်ဆိတ်သွား၏။ ခင်မိုး ပြည့်တစ်ယောက် ဖုန်းကိုကိုင်၍ ရေခဲပန်းပုရုပ်တစ်ခုပမာ အေးခဲအသက်မဲ့လို့ သွားတော့သည်။ နေ့ခင်းဘက်မှာ နှစ် ယောက်တည်း တွေ့ချင်ပါသတဲ့။

နေမင်းကတော့ ပေါက်တဲ့နဖူး မထူးဘူးဟူသည့် ကားအတိုင်း စိတ်ထဲရှိသမျှ ပြောချလိုက်ရသဖြင့် အနည်း ယ်ပေါ့ပါးသွားခဲ့ပါသည်။ ကဲ . . . သူမဘာပြန်ပြောမှာလဲ။ တွေ့ဖို့မဖြစ်နိုင်ဘူးလား။ ဒါမှမဟုတ် အလားတူအဓိပ္ပာယ်မျိုး က်ရောက်သည့် အခြားသော အငြင်းဝါကျများလား။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"ကိုရဲရင့်ပဲ ပြောခဲ့တာလေ၊ အရိပ်လေးကိုပဲ စိတ်ဝင်စားတာဆို၊ နောက်ပြီး မိုးပြည့်တို့နှစ်ယောက် အပြင်မှာတွေ့ဖို့ လိုအပ်လို့လား၊ နောက်ပြီး တစ်ယောက်နဲ့တစ်ယောက်က ဘယ်သူဘယ်ဝါဆိုတာ ဖုန်းထဲမှာ ပြောပြသလောက် သိထားရင်ကို လုံလောက်နေပြီပဲ ဥစ္စာ . . .၊ ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"မိုးပြည့်ကရော . . ဘာဖြစ်လို့ မတွေ့ချင်ရတာလဲ"

"နေပါဦး၊ မိုးပြည့်ပြောတဲ့အထဲမှာ မတွေ့ချင်ဘူးဆိုတာ ပါသေးလို့လား"





"ဒါဆို တွေ့ချင်တယ်ပေါ့"

"ဟောတော့ . . အတင်းကြီးပါလား၊ တွေ့ချင်တယ်လို့လည်း မပြောမိပေါင်"

"ဟာကွာ၊ မိုးပြည့်က အဲဒါတော့ သက်သက်ညစ်တာပဲ၊ ဒါမှမဟုတ်ရင် လူချင်းတွေ့ဖို့မဖြစ်နိုင်တဲ့ အကြောင်းတစ်ခုခုရှိလို့ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် . . ကိုရဲရင့်"

သူ့ရင်ထဲမှာ လှိုက်ဟာသွားသည့် ဝေဒနာတစ်မျိုးက အခံရခက်လှ၏။ ရယ်မောပစ်ဖို့ အတင်းကြိုးစားကြည့်သော်လည်း သူ့အသံတွေက ခြောက်ကပ်ပါးလှပ်နေလေသည်။

"ကဲပါ . . ဟုတ်ပါပြီဗျာ၊ မိုးပြည့် သဘောအတိုင်းပါပဲ၊ ခုနကိစ္စကို ကိုယ်မပြောမိဘူးလို့ပဲ သဘောထားလိုက်တော့ . . .၊ ဟုတ်ပြီလား"

"ဘာလဲ . . စိတ်ခုတယ်ဆိုတဲ့ သဘောလား၊ စာရေးဆရာကြီးနော်"

"မဟုတ်ပါဘူးဗျာ၊ စိတ်ခုစရာလည်း မရှိပါဘူး၊ ကိုယ်ဆို ဒီစကားက ပြောတောင်မပြောသင့်မှန်းလည်း အစောကြီးထဲက သိပါတယ်"

"အံမယ် . . သိရဲ့သားနဲ့များ ဘာဖြစ်လို့ပြောသေးလဲ၊



www.burmeseclassic.com

www.burmeseclassic.com



တဲ"

သူ့မှာ ဘာဆက်ပြောရမှန်းမသိ။ ပြောပြန်ရင်လည်း နေမင်း ကျွံရာကျပေတော့မည်။ ခက်တာက ဒီနေ့ည သူ့ပါးစပ် ကို ဘာတွေများ ဝင်ရောက်ပူးကပ်နေသည် မသိ။ ထိန်းချုပ် ချိန်လေးတောင် မရလိုက်ဘဲ အလိုအလျောက်စကားတွေက ကျွံထွက်နေတော့သည်။ အခုလည်း သူ့ပါးစပ်က စကား တစ်ခွန်းက ထိန်းမရလိုက် . . .။

"သန်းခေါင်စာရင်းစစ်ချင်လို့"

"ရှင် . . ကိုရဲရင့်ပြောတာ မိုးပြည့်နားမလည်ဘူး၊ ဘာ သန်းခေါင်စာရင်းလဲ"

"ဘာမှမဟုတ်ပါဘူး၊ အလကားနောက်တာ ဟဲဟဲ"

"အခုမှ လျှောမချနဲ့နော်၊ မရဘူး၊ ကိုရဲရင့် အဲဒါ ဘာကို ပြောချင်တာလဲ၊ ပြောပြ"

"ဘာမှမဟုတ်ပါဘူးဆိုမှ မိုးပြည့်ရာ၊ သက်သက် လျှောက်စတာပါ"

"မယုံဘူး၊ ကိုရဲရင့် မပြောချင်လည်း နေပါ . . . ရတယ်၊ ဒါပေမယ့် အဲဒီအကြောင်းပြချက်ကိုတော့ မိုးပြည့်လုံး မယုံဘူး၊ သိလား။ ကိုရဲရင့်က ပြောချင်တာကို ပွင့်ပွင့်လင်းလင်း လည်း မပြောဘူး၊ မိုးပြည့်က အဲဒါမျိုးဆို တအားမုန်းတာ





. . . သိလား"

ဒေနမင်းသည် ခပ်မဲ့မဲ့ပြုံးလျက် နှုတ်ခမ်းကို တင်းတင်း စေ့ထားမိ၏။ မင်းကျတော့ ပွင့်ပွင့်လင်းလင်း မပြောဘဲနဲ့ဟု ဘာလေးဆန်ဆန် ကပ်ဖွဲ့၍တွေးလိုက်ပြန်သည်။ အေးလေ . . တကယ်တော့ ဒါ သူ့လွတ်လပ်ခွင့်ပဲ။ သူပြောချင်မှ ပြောမှာ ပေါ့။

"ဟိတ် . . ကိုရဲရင့်၊ ဘာတွေတွေးပြီး ငြိမ်နေတာလဲ၊ အိပ်ပျော်သွားတာလား"

သူက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။ အခုမှတော့ ပေါ်စုတယ်လို့ ထင်ရုံမကလို့ ဘာပဲထင်ထင် . . .။ သူ့စိတ်ထဲ မှာ သို့လောသို့လော သံသယများကို ဆက်လက်မျိုသိပ်မထား နိုင်တော့ပြီမို့ . . .

"မိုးပြည့်ကို တစ်ခုလောက်မေးချင်တယ်၊ စိတ်ဆိုးမှာ လား"

"ဆိုးမှာ၊ အခုကို စိတ်က ဆိုးနေပြီ"

"ဟာကွာ"

သူ နည်းနည်းရယ်ချင်သွားပါ၏။ အရိပ်လေးက သူ့ကိုသက်သက် ဂျစ်တိုက်နေတာမှန်းသိသဖြင့် စိတ်တော့ သိပ်မပူမိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . ဟိုလေ . . မိုးပြည့် . . မိုးပြည့်က ယောက်ျား . . . ယောက်ျားနဲ့လားဟင်"

"ဘာရှင့်"

သူမက ဆောင့်အော်လိုက်သဖြင့် သူလည်း ထူပူသွားတော့၏။

"ကိုရဲရင့်၊ ရှင်ဘယ်လိုလူလဲ၊ မိန်းကလေးတစ်ယောက်ကို အဲသလိုပဲ မေးရသလား၊ ဒီထက် ယဉ်ယဉ်ကျေးကျေး မေးစရာစကားလုံး မရှိတော့ဘူးလား၊ ကျွန်မ အရှမ်းစိတ်တိုတယ် သိလား၊ အခုနေ ကျွန်မအနားမှာသာ ရှင်ရှိနေရင် မလွဲဘူး၊ အားရှိသမျှ စိတ်ကြိုက်ကို ထုရိုက်ကုတ်ဆွဲပစ်မှာပဲ"

ကြားရရုံနှင့်ပင် နေမင်းခမျာ ကြက်သီးမွေးညှင်းများ ထလာသည်။ ပြီးမှ ကန်တော့ပွဲနဲ့ပဲ တောင်းပန်ချင်တောင်းပန်ရပါစေဟု သဘောပိုက်ကာ နေမင်းက သူဘာကြောင့် ဒီမေးခွန်းမေးရသလဲဆိုတာ စီကာပတ်ကုံး ရှင်းပြရပါတော့သည်။ ပြောသမျှကို ဘာမှဖြတ်မမေးဘဲ တစ်ချိန်လုံး တိတ်ဆိတ်စွာ နားထောင်နေသော ခင်မိုးပြည့်သည် သူ့စကားအဆုံး၌ အားရပါးရ ရယ်ချလိုက်လေသည်။ နေမင်းက အူကြောင်ကြောင်လေသံလေးဖြင့် . . .

"ဘာ . . . ဘာဖြစ်လို့ အဲသလောက် သဘောကျနေ





ရတာလဲ၊ ကိုယ့်ကိုလည်း သနားသောအားဖြင့် နည်းနည်းတော့ ရှင်းပြဦးလေ၊ အဲဒါ ဘယ်သူလဲဟင် မိုးပြည့်"

"ကိုရဲရင့်က သိပ်ရယ်ရတာပဲ၊ အင်းလေ . . မိုးပြည့်ကလည်း ဝင်းဒီအကြောင်းကို သေသေချာချာမှ မပြောပြထားတာကိုး၊ ဝင်းဒီက ယောက်ျားအရမ်းဆန်တာ ကိုရဲရင့်ရဲ့၊ သူက ယောက်ျားလျာအစစ်တော့လည်း မဟုတ်ဘူး၊ ဒါပေမယ့် လုံးဝ မိန်းမ,မဆန်တာတော့ သေချာတယ်၊ အလှပြင်ရတာ မကြိုက်ဘူး၊ ပဲမများဘူး၊ ရည်းစားမထားဘူး၊ အိမ်က လူကြီးတွေလစ်ရင် ဆေးလိပ်ခိုးသောက်တတ်တယ်၊ ဆံပင်ကလည်း အမြဲတမ်း ဘိုကေတိုတိုပဲ၊ နောက်ပြီး မိန်းကလေးအဝတ်အစားတွေလည်း ဝတ်တတ်ဘူး၊ သူဝတ်လိုက်ရင် တီရှပ်တို့ ရှပ်အင်္ကျီတို့ကို ဘောင်းဘီတွေနဲ့ပဲ အဝတ်များတာ"

ခင်မိုးပြည့်က ဝင်းဒီအကြောင်း ရှင်းပြတာနားထောင်ရင်း နေမင်းမျက်နှာကြီးမှာ ပြုံးဖြီးဖြီးဖြစ်လာ၏။ သြော် . . . လိုကိုး။

"ဟီးဟီး . . အခုမှပဲ စိတ်အေးရတော့တယ် အရိပ်လေးရယ်"

"ဘာစိတ်အေးရတာလဲ၊ ကိုရဲရင့်နော်၊ ရှင့်ကို သိပ်ကြည်တာ မဟုတ်ဘူး၊ လူကိုများ မေးရက်လိုက်တာ၊ အားနာရ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်း တစ်စက်မှ မတွေးဘူး"

"အစိုးရိမ်လွန်သွားလို့ပါ မိုးပြည့်ရာ"

"ဘာ . . အစိုးရိမ်လွန်တာလဲ၊ လျှောက်ပြောမနေနဲ့"

သူမအသံက ရက်ရွံ့မှုတို့ဖြင့် စိမ်းဆတ်ဆတ်။

"ဘာကိုအစိုးရိမ်လွန်တာလဲဆိုတာ ပြောရဦးမှာလား"

"အယ် . . မပြောနဲ့၊ မသိချင်ဘူး"

"ကိုယ်ကတော့ သိချင်တယ် မိုးပြည့်ရာ၊ ဘယ်နေ့လောက် မိုးပြည့်နဲ့ လူချင်းဆုံရမှာလဲ။ ကိုယ် မိုးပြည့်ကို မြင်ဖူးချင်နေပြီကွာ"

"တော်ပြီကွာ၊ အချိန်လည်း မနည်းတော့ဘူး၊ သိချင်ရင် မနက်ဖြန်ညကျမှ ဖုန်းဆက်လိုက်၊ ဒါပဲ Bye"

နေမင်းက ဖုန်းကိုကိုင်လျက်သား ခဏမျှ ငြိမ်သက်နေမိ၏။ ပြီးမှ အတွေးပေါက်ကာ ဝမ်းသာအားရ ဟေးကနဲ အကျယ်ကြီး ထအော်လိုက်သောသူ့ကို တရေးနိုးလာသည့် ပံသုထွန်းခေါင်က အခန်းဝမှာရပ်လျက် ပြူးကြောင်ကြောင်ဖြင့် ကြည့်နေရှာလေသည်။

* * * *



# (၁၂)

နှင်းဆီက စီးကရက်မီးခိုးတွေကို လက်နှင့်ဝေ့ရမ်းလိုက်ပြီး ဝင်ဒီကို ဘုကြည့်ကြည့်၏။ နှင်းဆီ၏အမူအရာကို ဝင်ဒီက ဂရုမစိုက်ဘဲ မျက်မှောင်ကြုတ်လျက် စီးကရက်ကိုပဲ သည်းကြီးမည်းကြီး ရှိုက်ဖွာနေသည်။ ဆံပင်တိုတိုကို လက်ဖြင့် ပွတ်သပ်နေသော ဝင်ဒီအကြည့်တို့က မိုးပြည့်ဆီ ရောက်သွားပြန်၏။

"အဲဒီတော့ နင်က ဘယ်လိုစဉ်းစားထားလို့လဲ၊ ပြောစမ်းပါဦး"

"အာ . . . ဘယ်လိုမှ မစဉ်းစားတတ်လို့ နင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ် တိုင်ပင်တာပေါ့ဟဲ့"

ခင်မိုးပြည့်အသံမှာ စိတ်မရှည်စွာဖြင့် ကြွပ်ဆတ်တို တောင်းလို့နေလေ၏။ ဝင်ဒီသည် တဟဲဟဲရယ်ရင်း စီးကရက် မီးခိုးများကို အကွင်းလိုက်ဖြစ်အောင် မှုတ်ထုတ်ပြနေပြန်သည်။ နောက် . . . ဝင်ဒီက . . .

"အင်း . . . ဒီလိုဆိုတော့လည်း အီဖေကိုယ်ကပဲ ဒီ ဇာတ်လမ်းကို ဒါရိုက်တာအဖြစ် တာဝန်ယူပေးရဦးမှာပေါ့လေ ဟုတ်တယ်မဟုတ်လား နှင်းဆီ"

"ဘာလဲ . . နင့်မှာ အကြံအစည်ရှိလို့လား ဝင်ဒီရာ၊ မဟုတ်က ဟုတ်ကတွေတော့ လျှောက်မပြောနဲ့နော်၊ ဟိုမှာ . . . ဟိုတစ်ယောက်က တော်တော်ညစ်နေတာ နင်မြင်တဲ့ အတိုင်းပဲ"

ဝင်ဒီက မျက်နှာကို တည်လိုက်၏။

"အကြံအစည်က ရှိပါတယ်၊ နင်ကူညီဖို့ပဲလိုတာ နှင်းဆီရဲ့၊ ပထမဆုံး နင်လုပ်ရမှာကတော့ ဆံပင်ညှပ်ဖို့ပဲ၊ နင့်ဆံပင်ကို မိုးပြည့်ဆံပင်လောက်အထိတိုအောင် ညှပ်ပစ်ရ လိမ့်မယ်"

"ဘာ"

နှင်းဆီက သူမဆံပင်ကို ယောင်ရမ်းကိုင်မိသွားသလို





[illegible]ခင်မိုးပြည့်သည်လည်း ဝင်ဒီစကားကြောင့် ပါးစပ်လေးဟ [illegible]တ် အူတိအူကြောင် ဖြစ်နေလေတော့သည်။

* * * *

၃၃ လမ်းထိပ်မှာ သူက ပံသုထွင်မိုးခေါင်နှင့်လမ်းခွဲကာ [illegible]န်းဆိုထားသော နေရာသို့ရောက်အောင် သုတ်ခြေတင်ရ၏။ [illegible]သုထွင်မိုးခေါင်ကတော့ သူနှင့်အတူမလိုက်ဖို့ ငြင်းဆန်ခံရသည့် [illegible]တွက် နှုတ်ခမ်းကြီးစူပြီး ကျန်ရစ်လေသည်။

Cafe Aeroma ဆိုင်အဝထောင့်စွန်းမှ စားပွဲဝိုင်း [illegible]ှင်၊ အရိပ်လေးသည် မိုးပြာရောင်ဝတ်စုံလေးဝတ်၍ စောင့် [illegible]နေပေလိမ့်မည်။ နေမင်းက နာရီကို ငုံ့ကြည့်လိုက်သည်။ [illegible]နာရီထိုးပြီးစ သုံးမိနစ်စွန်းရုံလေးမို့ သူ သိပ်နောက်မကျ [illegible]ပါ။

ချိန်းဆိုထားတာတော့ ဒီစားပွဲမှာပဲ။ မှန်နံရံ၏တစ် [illegible]က်မှာ မိုးပြာရောင်အမျိုးသမီးငယ်တစ်ဦးက လမ်းမကို ကျော [illegible]ရက်သား ထိုင်လျက်ရှိသည်။ ဆိုင်ထဲသို့ သူက ခပ်သုတ် [illegible]တ်ပြေးဝင်လိုက်၏။ နောက် . . အရိပ်လေးရှိရာသို့ နေမင်း [illegible]မောတကော လှမ်းကြည့်လိုက်တော့ သူမက မျက်လွှာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ချလျက် ငြိမ်သက်စွာ ထိုင်နေပါသည်။

သူက အရိပ်လေးတို့ ခဏာမျှရပ်ပြီး ငေးမောနေမိသေး၏။ ပခုံးပေါ်ဝဲကျနေသော ဆံပင်စင်းစင်းလေးများ၊ ပြီးတော့ ခပ်သွယ်သွယ်လျလျမျက်နှာလေး။

"အရိပ်လေး မဟုတ်လားဟင်၊ ကိုယ် နေမင်းပါ"

သူမက မော့ကြည့်၏။ မျက်ဝန်းတွေမှာ အနည်းငယ်စိုးရွံ့နေသယောင်ခံစားရသည်။

"ဟုတ်ကဲ့ . . ကျွန်မ မိုးပြည့် . . ခင်မိုးပြည့်ပါ"

သူက အားရပါးရပြုံးပြီး ထိုဝိုင်းမှာပဲ ဝင်ထိုင်လိုက်၏။ ဘာမှစကားထပ် မပြောဖြစ်ကြသေးပဲ ခေတ္တငြိမ်သက်စွာ ရှိနေမိကြလေသည်။ အခုလို လူချင်းတကယ်ဆုံမိတော့လည်း ဘာကစပြီး ဘာကိုပြောရမှန်း ရုတ်တရက် စဉ်းစားမရပြန်ချေ။

နေမင်းက မိုးပြည့်ကို မသိမသာ ခိုးကြည့်နေမိတော့၏။ သူ မျှော်လင့်ထားသည်ထက် ပိုမိုချောမွတ်လှပနေသော ဒီမိန်းကလေးဟာ သူ့အရိပ်လေးတဲ့လားကွယ်။ နေမင်းက သူ့ရင်ခုန်သံများကို ဖုံးကွယ်ဖို့ ကြိုးစားသည့်အနေဖြင့် စကားစဖို့ ကြိုးစားလိုက်ပါသည်။

"မိုးပြည့် . . အချိန်ရတယ် မဟုတ်လား၊ စောင့်နေရတာ အရမ်းတော့ ကြာမသွားပါဘူးနော်"





"ဪ . . အင်း . . ဟုတ်ကဲ့၊ ရပါတယ်၊ သိပ်မကြာ[illegible]ဘူး ကိုရဲရင့်"

သူမကလည်း ဆွဲဆောင်မှုရှိရှိပြုံး၍ သူ့ကို စူးစူး[illegible]စိုက်ကြည့်နေရင်းမှ မျက်လွှာပြန်ချလိုက်ပါ၏။

"အဟင်း . . လူချင်းတွေ့တော့လည်း ဘာပြောရမှန်း[illegible]ောင် မသိဖြစ်နေပြန်ရော၊ မိုးပြည့်ရောဟင်၊ ကိုယ့်လိုပဲလား၊ [illegible]လေ . . . စိတ်မလှုပ်ရှားဘူးလား"

သူမက ညင်သာစွာ ခေါင်းညိတ်ပြပြီး ပြုံးနေပြန်လေ[illegible]ည်။ ပြီးမှ . . .

"ဟုတ်တယ် . . . မိုးပြည့်လည်း အခုလိုကျတော့ [illegible]ြောဖို့စကားရှာမရဘူး ဖြစ်နေတာ . . .၊ ဒါနဲ့ ကိုရဲရင့်က [illegible]ခုလက်ရှိ ဘာဝတ္ထုတွေ ရေးနေလဲဟင်၊ ဟင်းဟင်း . . . [illegible]ရေးဆရာဆိုတော့ စာအုပ်အကြောင်းပဲ မေးရမှာပေါ့နော်၊ [illegible]ုတ်ဘူးလား"

"အင်း . . အခု အရိပ်လေးအကြောင်း လုံးချင်းဝတ္ထု[illegible]နေတယ်၊ စာအုပ်ထွက်လာရင် မိုးပြည့်ကို အရင်ဆုံးလက်[illegible]ောင်ပေးမယ်လေ၊ ဖတ်မယ် မဟုတ်လား"

ခင်မိုးပြည့်က ဖြူဖွေးလှပသည့် သွားတန်းလေးပေါ်[illegible]အောင် ရယ်လိုက်သည်။ နေမင်းကတော့ သူမ၏ အပြုံး



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှာလေးတိုင်အောင် သူ့ကိုယ်သူ ပြန်လည်တွေးတောဆန်းစစ်မိနေပါသည်။

ပြောဖို့စကားလုံးတွေ ရှားပါးနေတာ ဟုတ်ရဲ့လား။ ဒါမှမဟုတ် ပြောဖို့ချည်ရွယ်ခဲ့တဲ့ စကားတွေ လည်ချောင်းဝမှာ တစ်ဆို့နေတာလား။

မည်သို့ပင်ဖြစ်စေ၊ အရိပ်လေးနှင့် ဆုံတွေ့ခွင့်ရသည့်အတွက် သူပျော်ပါသည်။ အရိပ်လေးက သူထင်ထားသည်ထက် ပိုမိုချောမွေ့လှပနေသည့်အတွက်လည်း ပိုပျော်ရွှင်မိ၏။ တကယ်လို့ အရိပ်လေးသာ အရုပ်ဆိုးနေခဲ့ပါက သူနည်းနည်းတော့ စိတ်မသက်မသာ ဖြစ်မိမည်ဟု ထင်မြင်မိသည်။ သူလည်း ယောကျ်ားထဲက ယောကျ်ားတစ်ယောက်ပဲ။ ဖြစ်နိုင်လျှင် ကိုယ့်ချစ်လမ်းမှုကို လှတိုင်းက လှတပတလေး ဖြစ်စေချင်ကြတာ ဓမ္မတာပင် ဖြစ်၏။

"ဖတ်မှာပါ၊ ဒါပေမယ့် ကိုရဲရင့်က အရိပ်လေးအကြောင်း ဝတ္ထုတိုရေးပြီးသား မဟုတ်လား၊ အခု လုံးချင်းထပ်ရေးဦးမယ်ဆိုတော့ ပရိသတ်က တော်ကြာတစ်မျိုးထင်နေဦးမယ်"

"မထင်ပါဘူး၊ ထပ်ရေးမယ်ဆိုပေမယ့် အခုဟာက ဝတ္ထုရှည်လေ၊ အဲဒီဝတ္ထုတိုနဲ့က ဘာမှတူမှာမဟုတ်ဘူး။





အဆက်အစပ်ရှိတယ်လို့ ပြောလို့ရရုံပါပဲ"

အရိပ်လေးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး သဘောပေါက်သွားဟန်ဖြင့် ပြုံး၏။ ထို့နောက် ဟိုဟိုဒီဒီ ထွေရာလေးပါးတွေ လျှောက်ပြောဖြစ်ကြပြီး နာရီဝက်ခန့်ကြာတော့ အရိပ်လေးက ပြန်ဖို့ဟန်ပြင်လေသည်။ နေမင်းက . . .

"အိုကေ . . ညကျရင် ကိုယ်ဖုန်းဆက်လိုက်မယ်လေ၊ မိုးပြည့် အားတယ်မဟုတ်လား"

"ဟုတ် . . . အားပါတယ်"

ဆူးလေလမ်းမတစ်လျှောက် မီးရောင်နှင့် အရာဝတ္ထုများ ထွေးရောယှက်တင်လျက် ရှိသည်။ အရိပ်တွေကလည်း လှုပ်လှုပ်တရမ်းရမ်းနှင့် မြို့ပြကို အသက်ဝင်နေစေ၏။ သူ့အရိပ်လေးကတော့ တက္ကစီတစ်စီးဖြင့် အိမ်သို့ပြန်သွားခဲ့ပြီ။ နေမင်းက ပဲသုတ္တင့်ခေါင်တို့တွေ ဘယ်ရောက်နေသလဲဆိုတာ ဖုန်းဆက်မေးရန် ခလုတ်များကို တစ်ခုချင်းနှိပ်နေပါတော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

"ဟင် . . မင်းဟာက ဒါဆို ဘာမှလည်း ဟုတ်ဟုတ်ငြားငြား မပြောခဲ့ရဘူးပေါ့ကွ၊ ဘာကြီးလဲ . . မင်းပဲ မတွေ့ခင်တုန်းကတော့ ဖွင့်ပြောလိုက်တော့မယ်၊ ဘာညာနဲ့ ကြွမ်းဝါးနေပြီးတော့"

ပံသုတွင်ရှုခေါင်က အားမလိုအားမရဟန်ဖြင့် သူ့ကိုပြောနေ၏။ နေမင်းမှာ ဘီယာခွက်ကိုသာ အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိလေသည်။ အရိပ်လေးနှင့် တွေ့ဆုံခဲ့သည့် မိနစ်များအတွင်း ပြောဖြစ်ခဲ့သမျှကို ပြန်ဆန်းစစ်ကြည့်ပါက ပံသုတွင်ရှုခေါင်ပြောခဲ့သည့်အတိုင်း ဘာမှထူးထူးခြားခြား မပါပေ။





"ဟုတ်တယ် သူငယ်ချင်း၊ ငါလည်း ဘယ်လိုဖြစ်သွားနိုင်း မသိဘူး၊ ပြောဖို့စကားတွေ ရှိရဲ့သားနဲ့ မပြောချင်တော့ဘာ၊ အဲ . . . မဟုတ်သေးဘူး၊ မပြောမိလိုက်တာပေါ့ကွာ၊ နောက်မှ အေးအေးဆေးဆေးပြောမယ်လို့ စိတ်ကူးတာပဲ၊ အခု လူချင်းစတွေ့ဖူးရုံရှိသေးတယ်၊ ရည်းစားစကားတန်းပြောတာပဲလို့ အထင်ခံရမှာတော့ ငါကြောက်တာ အမှန်ပဲကွ"

ပံသုတွင်ရှုခေါင်က သူ့မျက်နှာကြီးကို ရှုံ့မဲ့ပြလိုက်၏။ ထို့နောက် ခွက်ထဲက လက်ကျန်များကို မော့သောက်လိုက်ပြီးမှ-

"ဩော် . . ဒါနဲ့ ဟေ့ကောင်၊ ငါ မင်းဝတ္ထုကို ပရှစ်တ်ပြီးသွားပြီ၊ အခုတော့ ပါမလာခဲ့ဘူး၊ မနက်ဖြန်ကျမှ ငါယူလာခဲ့မယ်၊ မင်းညနေဘက် ဘယ်မှာရှိမလဲ"

"ငါ ဖုန်းလှမ်းဆက်လိုက်ပါ့မယ်ကွာ၊ အဲဒါ အသေချာဆုံးပဲ မဟုတ်ဘူးလား"

ဆိုင်ထဲမှာ လူရှင်းစပြုနေပြီ။ နေမင်းက နာရီကိုကြည့်ရင်း ပြာပြာသလဲ ဖြစ်သွား၏။ ပံသုတွင်ရှုခေါင်ကို ပြန်ကြို့ဆော်ကြရင်း သူက ဘီယာခွက်ကို မော့ချလိုက်ပါသည်။ အရိပ်လေး သူ့ကိုစောင့်နေတော့မည် မဟုတ်လား။

* * * *



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီက သက်ပြင်းမောတစ်ချက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်မိသော်လည်း နှုတ်ခမ်းထက်မှာတော့ အပြုံးတစ်ပွင့် က ရှင်လန်းချိုမြလို့နေ၏။ ဒေါ်ယဉ်မင်းဆွေသည် နှင်းဆီနှင့် ဝင်ဒီတို့ကို နှုတ်ဆက်လိုက်ပြီး ကြည့်လက်စ ကိုရီးယားဇာတ် လမ်းတွဲဆီ ဦးခေါင်းပြန်လှည့်သွားခဲ့သည်။ ဇာတ်လမ်းက ကောင်းနေပြီ မဟုတ်လား။ သူမလည်း သူမအကြိုက်ဇာတ် လမ်းတွဲ၏ အရှိန်ထဲမှာ နစ်မြုပ်နေသလို ခင်မိုးပြည့်တို့သည် လည်း သူမတို့သုံးယောက် ကိုယ်တိုင်ပါဝင်ပတ်သက်နေသည့် 'အရိပ်လေး' ဇာတ်ကြောင်းကို တီးတိုးတီးတိုး သဖန်းပိုးလုပ်နေ ကြလေသည်။

"အဆင်ပြေတယ် မဟုတ်လား"

ခင်မိုးပြည့်က ဝင်ဒီတို့ဆီသို့ ရော်ရမ်းမှန်းဆ မျက်နှာ မူလျက် ခပ်တိုးတိုးမေးလိုက်သည်။

"ပြေတယ်၊ နင့်အခန်းထဲ သွားကြမယ်လေဟာ၊ အဲ မှာပဲ လွတ်လွတ်လပ်လပ် . . ."

နှင်းဆီစကားပင် မဆုံးလိုက်ပေ။ ခင်မိုးပြည့်က . . .

"မေမေ . . သမီးတို့ အခန်းထဲသွားလိုက်ဦးမယ်နော် လာလေ ဝင်ဒီ ငါ့ကိုတွဲဦး"

ဝင်ဒီက ခင်မိုးပြည့်၏လက်ကိုတွဲပြီး ထိုင်ရာမှထ





သည်။ နှင်းဆီသည် ဟန်းဖုန်းကိုကောက်ယူပြီး ခင်မိုးပြည့်တို့ ယောက်နောက်မှ လိုက်ပါလာခဲ့သည်။ အိမ်ဖော်မလေးတွေ သူမတို့လိုက်ပို့စရာ မလိုတော့သဖြင့် ကိုရီးယားဇာတ်လမ်း တွဲထဲကိုသာ အပြည့်အဝ အာရုံဝင်စားလျက်ရှိလေသည်။

နှင်းဆီသည် ပြတင်းပေါက်ကိုဖွင့်၍ အပြင်ဘက်သို့ ငေးကြည့်နေမိ၏။ ဝင်ဒီနှင့် ခင်မိုးပြည့်တို့က ခုတင် ပေါ်မှာ ယှဉ်လျက်ထိုင်လိုက်ကြပါသည်။

"ဟဲ့ . . . နှင်းဆီမ၊ ပြောစမ်းပါဦးဟ၊ ဘယ်လိုလဲ၊ ဘာပြောသေးလဲ၊ နင့်ကိုရော သံသယဖြစ်သေးလား၊ ဘာ . . . ဘာတွေများ ထူးထူးခြားခြား ပြောသွားသေးလဲ"

နှင်းဆီက သူမကို အဖြစ်သည်းရန်ကောဟူသည့် အမူအရာဖြင့် နှုတ်ခမ်းမဲ့ပြလိုက်၏။ ခင်မိုးပြည့်မှာ ဘာမှ ရသူ မဟုတ်သဖြင့် ပြုံးတုံ့တုံ့လေးလုပ်ကာ နှင်းဆီ၏အဖြေ ရင်ခုန်စွာ စောင့်စားနေလေသည်။

"ဖြည်းဖြည်းမေးပါ မိုးပြည့်ရယ်၊ ငါ့မှာ ဘယ်ကစ ရမှန်းတောင် မသိတော့ဘူး၊ တကယ်ပဲ . . . ၊ အားလုံး ဆင်ပြေတယ်၊ အကုန်အဆင်ပြေတယ်၊ ဘာသံသယမှလည်း ဘူးလို့တော့ ထင်တာပဲ"

နှင်းဆီက နေမင်းနှင့် တွေ့ဆုံခဲ့ပုံများကို စိကာပတ်ကုံး



www.burmeseclassic.com

www.burmeseclassic.com



သေချာပြောပြရ၏။ နောက်ဆုံးစကားဆုံးတော့မှ ခင်မိုးပြည့်မှာ သက်ပြင်းရှည်ကြီးကို ချနိုင်တော့သည်။ သူမကိုယ်စား အယောင် ဆောင်သွားပေးခဲ့သော သူငယ်ချင်းနှင်းဆီကိုလည်း ခင်မိုးပြည့် က ကျေးဇူးတင်စကားတွေ အထပ်ထပ်အခါခါ ပြောနေမိပါ သည်။

"ကျေးဇူးတွေက တော်လောက်ပြီ မိုးပြည့်၊ ငါပြန်ရ ဦးမယ်၊ အလုပ်တွေက ရှိသေးတယ်ဟ၊ နင့်လူကြီးက ဒီညဖုန်း ဆက်ဦးမှာနော်၊ အဲဒါ မေ့မနေနဲ့ဦး"

"အမလေး . . နှင်းဆီရယ်၊ မိုးပြည့်တို့က အဲဒါမျိုး ကတော့ ဘယ်မေ့လိမ့်မလဲ၊ အသည်းထဲစွဲနေအောင် မှတ်ထား မှာ၊ ဟုတ်တယ်မဟုတ်လား မိုးပြည့်"

သူငယ်ချင်းတွေ နောက်ပြောင်ပြောလာသည့် စကား များအပေါ် ခင်မိုးပြည့်လည်း ရှက်မနေနိုင်တော့ပါ။ သူမ ကိုယ်တိုင်က သူငယ်ချင်းတွေပြောတာထက် ပိုဆိုးနေပြီကိုး။ နှင်းဆီနှင့် ဝင်ဒီတို့က ရှေ့ဆင့်၊ နောက်ဆင့်ပဲ နှုတ်ဆက်၍ပြန် သွားပြီးနောက် ခင်မိုးပြည့်လည်း ပြတင်းတံခါးနားမှာ မှီတွယ် ရင်း ဖုန်းခေါ်သံလေးကို စောင့်စားနေမိပါသည်။

ဘာတွေဆက်ဖြစ်လာဦးမလဲဆိုတာ သူမကိုယ်တိုင် လည်း အခုထိ သေချာမသိသေး . . . ။ လောလောဆယ်





တွင်တော့ သူမတို့နှင့် ထိုစာရေးဆရာ၏ ဇာတ်လမ်းမှာ နောက်ထပ်ဇာတ်ရှိန်တဆင့် မြင့်တက်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

လုံးချင်းဝတ္ထုသစ်ထွက်သော အထိမ်းအမှတ်အဖြစ် ပွဲတစ်ပွဲလုပ်ပေးဖို့ သူငယ်ချင်းများက ဝိုင်းညှဉ်းကြသဖြင့် နေမင်း ငြင်းမရတော့ပေ။ ပံသုထွဋ်ခေါင်ဆိုသည့် ငတိက အဆိုးဆုံးမို့ နေမင်းမှာ ဘယ်လိုမှ ပြေးလို့မရဘဲ သူတို့ခေါ်ရာ နောက် လိုက်ပါခဲ့ရလေ၏။ ထုံးစံကိစ္စဆိုတော့လည်း ထုံးစံ အတိုင်း ဆူညံလို့နေသည်။

"ဟေ့ကောင် . . . နေမင်း၊ မင်းက ဘာသဘောလဲ၊ ငါတို့ကိုချည်းပဲ စွတ်တိုက်နေပြီး မင်းကျတော့ သောက်တယ် ဆိုရုံလေးသောက်တာ ဘာသဘောလဲ၊ မင်းက စိမ်းတာလား"





ဒုက္ခ။ အရက်တိုက်ဆိုလို့ တိုက်တော့လည်း အရစ်ခံ ...ာက မလွတ်။ နေမင်းက သိပ်မသောက်တတ်သူမို့ ကိုယ့် ...စ်မစ်နှင့် ကိုယ်ထိန်းသောက်နေခြင်းကို ရစ်နေသူမှာ အခြား ...မဟုတ် . . ။ ချစ်သူငယ်ချင်းကြီး ပံသုထွဋ်ခေါင်ပင် ဖြစ်၏။

"ဟာ . . . မဟုတ်ရပါဘူးကွာ၊ ငါမှ သိပ်မသောက် ...တာ၊ မင်းသိရဲ့သားနဲ့"

"မရဘူးလေ နေမင်း၊ ဒါ မင်းပွဲလေကွာ၊ မင်း အများ ...သောက်ရမှာ၊ ဟုတ်တယ် မဟုတ်လား ဟေ့ကောင်တွေ"

အားလုံးက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံပွက်လော ...သွားအောင် ဝိုင်းဝန်းထောက်ခံကြလျက် နေမင်းခွက်ထဲကို ...ရက်တွေ ထပ်ဖြည့်ပေးလိုက်ကြပြန်၏။ ကိုယ့်ဘာသာ ...သောက်လျှင် ပါးစပ်ထဲ အတင်းလောင်းထည့်မည့်ပုံတွေမို့ ...မပြေ မနေတော့ဘဲ နေမင်းလည်း အရက်ခွက်ကို တရှိန် ...မော့ချပစ်လိုက်ပါသည်။ သူ့ခေါင်းထဲမှာ ချာချာလည်နေ ... ဒီနေ့ည သူ့အရိပ်လေးနှင့် ဖုန်းပြောရဦးမည်။ လူက မူးနေ ...မယ့် ဒါကိုတော့ သူမမေ့ချေ။

သူငယ်ချင်းတွေအားလုံး ပျော်ရွှင်နေသည်ကို မြင်ရ ...ဖြင့် သူလည်း ပျော်စပြုလာပါသည်။ အချိန်တို့က နာရီ ...စ်နှင့် သတ္တရာဇ်များကို တဖြေးဖြေးချင်း တိုက်စားလို့သွား



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ညက ပိုမိုနက်ရှိုင်းလာခဲ့ပြီ။ အူလည်း ညဥ့်နက်မှ အခန်းသို့ပြန်ရောက်ရတော့သည်။

"ဟဲလို . . ကိုရဲရင့်၊ ဟာကွာ . . အခုမှဆက်တယ်၊ ဒီမှာ အိပ်တောင်အိပ်ချင်နေပြီ၊ အရမ်းနောက်ကျတယ်နော်၊ မဟုတ်မှလွဲရော၊ ကလပ်သွားပြီးကဲနေတာပဲ ဖြစ်ရမယ်"

"ပေါက်ပေါက်ရှာရှာ မိုးပြည့်ရယ်၊ ဘယ်ကလပ်မှ မသွားပါဘူး၊ အလုပ်ကိစ္စလေးတစ်ခုရှိနေလို့ အိမ်ပြန်နောက်ကျနေတာပါ ဟဲဟဲ"

"အဲဒါဆိုလည်း ဖုန်းလှမ်းဆက်ပြီး ပြောပါလား၊ အခု တော့ ဒီမှာ အအေးတောင်မိနေတော့မယ်၊ မိုးပြည့်က ပြတင်းပေါက်နားမှာ ရပ်စောင့်နေတာကြာလှပြီ သိလား"

"ဟာ . . ဆောရီးပါ မိုးပြည့်ရာ၊ စိတ်မဆိုးနဲ့နော်၊ ကိုယ်လည်း ပြောရဆိုရတာတွေများတော့ အာရုံတွေထွေပြား ပြီး မေ့သွားတာ၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါ မိုးပြည့်ရာ၊ သနားပါတယ်ကွာ နော်"

"ခစ် ခစ် . . . ခစ် . . . ခစ် . . ."

ခင်မိုးပြည့်၏ ရယ်သံလေးများမှာ ချစ်စရာကောင်းလှ လေသည်။ အရိပ်လေးကလည်း နံရံထက်မှာ အနက်ရောင် ပန်းနွယ်ခက်လေးပမာ တလှုပ်လှုပ်ယိမ်းလျက်ရှိ၏။





"သူ့ကိုယ်သူများ ပြန်ပြီးသနားပါတယ်တဲ့၊ သနားပါဘူး၊ ဘာလို့ သန..ရမှာလဲ"

"အဲဒါဆို မသနားနဲ့ . . ချစ်"

"ဘာရယ်၊ အယ် . . ကိုရဲရင့် ဘာတွေလျှောက်ပြောတာလဲ"

"'ချစ်လို့' ပြောတာလေ၊ ဟုတ်တယ် မိုးပြည့်၊ ကိုယ် မနေနိုင်တော့ဘူး၊ ဆက်ပြီးလည်း ဟန်မဆောင်ချင်တော့ဘူး၊ မိုးပြည့်ကိုချစ်တယ်"

ည၏ အေးမြစွတ်စိုမှုထဲတွင် အရိပ်လေးသည် ရှက်ရွံ့ တိတ်ဆိတ်စွာ ငြိမ်ရပ်နေ၏။ လေထဲမှာ ရနံ့တစ်ခုက စီးဆင်း သွားသည်။

"တကယ်ပါ မိုးပြည့်ရာ . . .၊ အရင်ကတည်းက စွဲလမ်း..ခဲ့တဲ့ အရိပ်လေးကို လူကိုယ်တိုင်မြင်ဖူးလိုက်ရတော့ ကိုယ့်ရင်ခုန်သံတွေ ဘယ်လိုမှ ထိန်းချုပ်လို့မရနိုင်တော့ဘူး၊ မိုးပြည့်ကို အရမ်းချစ်တယ်၊ အဲဒီလိုပြောလို့ ကိုယ့်ကို မိုးပြည့် စိတ်ဆိုးမှာလား"

ဖုန်းထဲမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားရ၏။ နေမင်း က အရိပ်လေးကိုပဲ မမှိတ်မသုန် ငေးကြည့်နေခဲ့သည်။ သူ့ဆီမှ စကားသံထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်လို့ပြောတာ စိတ်ဆိုးစရာမရှိပါဘူး၊ ဒါပေမယ့် ကိုရဲရင့်ကို မိုးပြည့်တစ်ခုလောက် မေးချင်တယ်၊ မှန်မှန်ဖြေရမယ် နော်"

"ဟုတ်ကဲ့၊ မေးပါ မိုးပြည့် ဘာသိချင်လို့လဲ"

"ကိုရဲရင့် မိုးပြည့်ကို ချစ်တယ်ဆိုတာ လူကိုမြင်ဖူးမှ ချစ်သွားတာလား၊ ဒါမှမဟုတ် ဟိုအရင် အရိပ်လေးဘဝက တည်းက ချစ်တာလား၊ မိုးပြည့် အဲဒါကိုသိချင်တယ်"

"မိုးပြည့် . . . ကိုယ်အမှန်အတိုင်းပြောမယ်နော်၊ မိုးပြည့်ကို အရိပ်လေးဘဝထဲက စွဲလမ်းနေလို့သာ ကိုယ်က ဝတ္ထုတွေ၊ ကဗျာတွေအဖြစ် တခုတ်တရ ဖွဲ့နွဲ့နေခဲ့မိတာပေါ့၊ အဲ . . . ဒါပေမယ့် မိုးပြည့်ကို လူချင်းတွေ့လိုက်ရချိန်မှာ ကိုယ့် ရင်ထဲက ဝေဒနာတွေ ပိုပြီးပြင်းထန်လာတာတော့ အမှန်ပဲ၊ ကိုယ်လည်း အဲဒီလောက်ပဲ ပြောတတ်တယ်"

"အင်းလေ . . ဟုတ်ပါပြီ၊ ကိုရဲရင့်ရယ် . . . နောက် နေ့ကျမှပဲ ဒါတွေကို ဆက်ပြောကြမယ်နော်၊ အခု အရမ်းညဉ့် နက်နေပြီ၊ မိုးပြည့်လည်း ကိုရဲရင့်ပြောတဲ့ကိစ္စကို စဉ်းစားကြည့် ပါဦးမယ်၊ ဒါပဲနော် ဂွတ်နိုက်"

တားဆီးချိန်ပင် မရလိုက်ပေ။ ခင်မိုးပြည့်က ဖုန်းချ သွား၏။ ပြန်ခေါ်မလို့လုပ်ပြီးမှ နေမင်းက စိတ်ကူးပြောင်းသွား





ပြီး ထပ်မခေါ်ဖြစ်တော့ . . ။ အေးလေ ထုံးစံအတိုင်း မိန်းက လေးပီပီ သူမလည်း စဉ်းစားဦးမှာပေါ့ဟုတွေးကာ အိပ်ရာပေါ် အသာလှဲချလိုက်၏။ မိုးပြည့်သည်လည်း သူ့လိုပင် အိပ်မရဘဲ ရှိသည်။

သို့သော် . . . သူနှင့်ကွာတာတစ်ခုက သူမသည် အိပ်မပျော်ဘဲနှင့် အိပ်မက်မက်နေမိခြင်း ဖြစ်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၅)

နောက်လထွက်ရမည့် စာအုပ်အတွက် မျက်နှာဖုံးဒီဇိုင်းဆရာဆီသွားဖို့ အစီအစဉ်ကို ဖျက်ပစ်လိုက်သဖြင့် ပံသူထွင့်ခေါင်မှာ အနည်းငယ် တင်းသွားပုံရသည်။ နေမင်းက သူ့ကို ဘီယာတိုက်မည်ဟု ပြောသေးသော်လည်း ငြင်းဆန်ပြီး တစ်ယောက်ထဲကျန်ရစ်ခဲ့၏။

ရန်ကုန်မြို့ညနေခင်းကတော့ ပုံမှန်အတိုင်း ရှုပ်ထွေးစည်ကားဆဲ။ နေမင်းက အေးအေးဆေးဆေး နားနားနေနေ ထိုင်လို့ရမည့် တစ်နေရာကို စဉ်းစားရင်း တက္ကစီတစ်စင်းကို လက်လှမ်းတားလိုက်သည်။ ကားဆရာကို ဆရာစံလမ်းသို့





မောင်းရန်ပြောပြီး နောက်ခန်းမှာ ဝင်ထိုင်လိုက်၏။ ညက အိပ်ညလုံး စာထိုင်ရေးထားပြီး အခုထိ တစ်မှေးမှ ပြန်မအိပ်ရသေးသဖြင့် သူ့မျက်လုံးတွေ ကျိန်းစပ်လို့နေလေသည်။ နေမင်းက လူတွေ တလှုပ်လှုပ်တရွရွသွားနေသည့် ရန်ကုန်မြို့၏ ညနေခင်းကို လိုက်လံငေးမောနေရင်း မမျှော်လင့်သော မြင်ကွင်းတစ်ခုကြောင့် ကားဆရာကို ကမန်းကတန်း ရပ်ခိုင်းလိုက်ရ၏။

"ဟာ . . . ဒီနေရာက ကားရပ်လို့မရဘူးဗျ၊ ဟိုရှေ့နားမှာကျမှ ရပ်ပေးမယ်"

"ဟာဗျာ၊ အေးဗျာ . . . မြန်မြန်လုပ်စမ်းပါဗျ ကားဆရာရဲ့၊ အရေးကြီးလို့ပါ"

ကားဆရာက သူ့ကိုသိပ်ကြည်ဟန်မတူ။ လမ်းတစ်ခုသဲ ချိုးကွေ့ဝင်ပြီးမှ ကားကို ဆောင့်ကြီးအောင့်ကြီး ရပ်လိုက်သည်။ သူက ကားဆရာကို ပိုက်ဆံလှမ်းပေးပြီး ကားပေါ်မှ အမြန်ဆင်း၏။ ဝဟန်းဆရာစံလမ်းကို မသွားတော့ဘူးလားဟု ကားဆရာလှမ်းမေးသည်ကိုပင် ပြန်ဖြေမနေတော့ပေ။

စောစောက သူ ကားပေါ်မှ လှမ်းမြင်လိုက်ရသည်မှာ ခင်မိုးပြည့်နှင့် ယောကျ်ားတစ်ယောက် အတူဘူတွဲလျှောက်သွားသည့် မြင်ကွင်းမို့ စိတ်အလောတကြီးနှင့် ထူပူနေရခြင်းဖြစ်သည်။ တော်ပါသေး၏။ သူရပ်ကြည့်နေသော လမ်းဘေးပဲဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ပင် ခင်မိုးပြည့်နှင့် သူမ၏ညီ့သည်တို့က လမ်းလျှောက်လာခဲ့ကြ၏။ ခင်မိုးပြည့်လည်း သူ့ကိုမြင်သွားပြီး အံ့အားသင့်နေလေသည်။

"မိုးပြည့် ဘို့ကို . . ကိုယ်တက္ကစီပေါ်ကနေ လှမ်းမြင်လိုက်တာနဲ့ ဆင်းလာခဲ့တာ၊ မိုးပြည့် ဘယ်သွားမလို့လဲဟင်၊ စပ်စုတယ် မထင်ပါနဲ့နော်၊ ဒီက ညီ့သည်နဲ့လည်း ကိုယ့်ကို မိတ်ဆက်ပေးဦးလေ မိုးပြည့်ရဲ့"

ညီ့သည်က ပြောချင်ရာတွေ လျှောက်ပြောနေသည့် နေမင်းနှင့် ခင်မိုးပြည့်တို့ကို တလှည့်စီကြည့်ကာ ပါးစပ်လေး အဟောင်းသားဖြင့် တအံ့တသြ ဖြစ်နေပုံရသည်။ ခင်မိုးပြည့်မှာ စိတ်ရှုပ်ထွေးသွားသကဲ့သို့ မျက်နှာပျက်ယွင်းနေပြီး နေမင်းကို ပြုံးပြလျှက် . . .

"ဟုတ်ကဲ့ . . ဟုတ်တယ်၊ အဲ . . ဟိုလေ ကိုရဲရင့် ဒါ . . ကျွန်မမိတ်ဆွေလေ၊ ကိုမြတ်ကောင်းတဲ့၊ ကိုမြတ်ကောင်း . . ဒါ စာရေးဆရာ ကိုနေမင်းတဲ့၊ ဟဲဟဲ . . ဘယ်လိုမှတော့ မထင်ပါနဲ့နော် ကိုရဲရင့်၊ နှင်း . . အဲ . . မိုးပြည့်တို့မှာ အရေးတကြီးကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်၊ ကိုရဲရင့် တစ်နေရာရာ စောင့်နေလို့ရမလား၊ မိုးပြည့်ပြန်လာခဲ့မယ်လေ၊ အဲဒီတော့မှပဲ အေးအေးဆေးဆေး စကားပြောကြတာပေါ့နော်"





"မဟုတ်ဘူးလေ နှင်းဆီ . . ."

"ဪ . . နှင်းဆီပန်းက ပြီးမှဝယ်မယ်လေ ကိုမြတ်ကောင်းရဲ့၊ ကဲပါ . . လာ ကိုရဲရင့်က ဟိုနားလက်ဖက်ရည်ဆိုင်မှာ ခဏစောင့်လိုက်၊ ဟုတ်ပြီလား၊ လာလာ . . ကိုမြတ်ကောင်း အချိန်တောင် သိပ်မရှိတော့ဘူး၊ သွားကြမယ်၊ ကိုရဲရင့် ခဏလေးနော်၊ စောင့်နေသိလား"

ကိုမြတ်ကောင်း၏စကားကို သူမက အတင်းဖြတ်ပြောကာ နှုတ်ဆက်ပြီး သုတ်ခြေတင်ထွက်သွားသည့် ခင်မိုးပြည့်ကို နေမင်းလည်း ခေါင်းတခါခါဖြင့် လိုက်ငေးနေမိပါသည်။ သူမအမူအရာတွေ တစ်မျိုးဖြစ်နေတာကိုလည်း သူ သတိပြုမိ၏။ နောက်ပြီး ကိုမြတ်ကောင်းဆိုသူမှာ ခင်မိုးပြည့် စကားတွေကြောင့် အူကြောင်ကြောင်ဖြစ်နေတာ အထင်အရှားမြင်ရသည်။ တစ်ခုခုတော့ တစ်ခုခုပဲ၊ ဘာမှန်းတော့ သူမသိပေ။ နေမင်းက ကားလမ်းကိုဖြတ်ကူးလျက် ခင်မိုးပြည့် ညွှန်ပြသွားသည့် လက်ဖက်ရည်ဆိုင်လေးမှာသာ ထိုင်နေလိုက်ပါတော့သည်။

တစ်အောင့်နေတော့ သူမက ပြန်ရောက်လာ၏။

"မိုးပြည့် . . ညီ့သည်ရော ပြန်သွားပြီလား၊ ဘာဖြစ်လို့ လိုက်မလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . သူ့မှာက သွားစရာကိစ္စရှိသေးလို့တဲ့ မိုးပြည့်သွားတာ အရမ်းမကြာပါဘူးနော်၊ ဘာလဲ . . . ကိုရဲရင့်က ပျင်းနေပြီလား"

ခင်မိုးပြည့်မျက်နှာမှာ အခုတော့ ကြည်လင်ရွှင်ပျနေပြန်သည်။ စောစောက ဇည့်သည်နှင့်ပတ်သက်၍ ဆက်မမေးဖို့ နေမင်းက ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ခွင်ကြဲ့တုန်းကြော်ငြာဝင်ဦးမှပဲတွေးလျက် သူမမျက်နှာကို သူက တစ်ဝကြီးစိုက်ကြည့်နေမိ၏။ ခင်မိုးပြည့်က သူ့အကြည့်များကြောင့် အနေရခက်စွာဖြင့် ရှက်ပြုံးလေးပြုံးကာ . . .

"ဟယ် . . ဘယ်လိုလဲ၊ ကိုရဲရင့်က အားမနာတတ်လိုက်တာနော်၊ လူကို အဲလိုပဲ ကြည့်ရသလား"

"လွမ်းလို့ပါ မိုးပြည့်ရယ်၊ ကိုယ်က ချစ်နေရတဲ့သူဆိုတော့ အမြဲလွမ်းရတာပေါ့၊ တွေ့တုန်းလေး အလွမ်းပြေအောင် အဝကြည့်ထားတဲ့ သဘောပါ၊ ကိုယ်အဝကြည့်မယ်နော် မိုးပြည့် ဟီးဟီး"

"ဟာ . . ဘာအဝကြည့်မယ်လဲ ကိုရဲရင့်ကလည်း"

"ဟုတ်ဘူးလေ၊ ကိုယ် အဝကြည့်ထားချင်လို့ပါ၊ အဲ . . အဲ . . တစ်ဝကြီးကြည့်ထားတော့ ညကျရင် ဟို . . ဟိုလေ . . အိပ်မက်မက်ပြီး ဟဲဟဲ"

အိပ်မက်အသစ်



"အာ . . . . . . . . ."

ရှက်မျက်စောင်းလေးများက နေမင်းကိုယ်ပေါ် တစ်စင်းပြီးတစ်စင်း ကျရောက်နေတော့၏။ ဘေးပတ်ဝန်းကျင် အသံဗလံတွေ တိတ်ဆိတ်သွားသကဲ့သို့ သူခံစားလိုက်ရသည်။ ညှော်နံ့တွေ၊ မီးခိုးတွေ၊ လူသံကားသံတွေ သူ ဘာဆိုဘာမှ သတိမထားမိတော့။ အခုချိန်မှာ ကမ္ဘာကြီးပျက်သုန်းသွားတာတောင် နေမင်းတို့က တုန်လှုပ်ခြောက်ခြားရန် အကြောင်းမရှိချေ။

* * * *

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

နေမင်းနှင့် လမ်းတွင်မတော်တဆတွေ့ကြုံ ဖြစ်ပျက်ခဲ့သည့်ကိစ္စကို ဖုန်းထဲမှတဆင့် ကြားရခြင်းအတွက် ခင်မိုး ပြည့်မှာ သိပ်မကျေနပ်သေးမှန်း နှင်းဆီရိပ်မိပါသည်။ သို့သော် မတတ်နိုင်။ နှင်းဆီက ခင်မိုးပြည့်တို့အိမ်မှမဟုတ်၊ ဘယ်တို့ သွားချင်စိတ်မရှိပေ။ လူတစ်ကိုယ်လုံး နုံးခွေပြီး စိတ်တွေ ကယောက်ကယက်ဖြစ်ကာ လှုပ်ရှားထွေပြားနေသည်။

သူမက ခင်မိုးပြည့်နှင့် မျက်နှာချင်းဆိုင်ဖို့လည်း စိတ် မလုံဘဲ ဖြစ်နေမိ၏။ ခင်မိုးပြည့်မှာ သူမမျက်နှာကို မမြင်နိုင် မှန်းသိပါလျက်နှင့် နှင်းဆီတစ်ယောက် စိတ်ခြောက်ခြားနေ





အကြောင်းရှိသည်။ အဲဒါတွေအားလုံး ကိုရဲရင့်ဆိုသော လူ . . ။

ခင်မိုးပြည့်၏မျက်နှာကို မြင်ယောင်မိတိုင်း နှင်းဆီက ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်ရသည်။ ကိုရဲရင့်ဆို သည့် လူကိုလည်း အသည်းတွေ ယားနေမိ၏။

ဘာကြောင့် ဒီလိုပုံစံနဲ့ လာဆုံတွေ့ရပါလိမ့်။ အစက အသည်းက ဝင်ဒီအစီအစဉ်ကို လက်မခံမိရင် အကောင်းသားဟု ခင် နှင်းဆီတွေးမိသည်။ ဒီလိုသာဆို သူနှင့်နှင်းဆီ ပတ်သက် ရောအကြောင်း မရှိပေ။ အခုတော့ . . . ။

သူ့ပုံရိပ်တွေ သူ့အပြုံးတွေ သူ့အကြည့်တွေက နှင်း ဆီ၏ စိတ်အာရုံတို့ကို လှလှပပ လွှမ်းမိုးသိမ်းပိုက်ထားလေပြီ။ သူမက ခေါင်းအုံးပေါ် မျက်နှာအပ်လျက် အရာခပ်သိမ်းကို အာမေ့ထားလိုက်မိပါသည်။ သူ့ပုံ ရိပ်တွေက နေရာတိုင်းမှာ အဝဲလည်လည်နှင့် လိုက်နှောက်ယှက်နေခြင်းကို နှင်းဆီဘယ် ဘီကာကွယ်ခုခံရပါ့မလဲ။

သူက ခင်မိုးပြည့်အမှတ်နှင့် သူမကို ပြောဆိုဆက်ဆံ နေတာလေးကိုပင် နှင်းဆီမှာ သာယာကျေနပ်မိလေသည်။ ခင်မိုးပြည့်သာ ဒါကိုသိရင် သူမကို ခွင့်မလွှတ်နိုင်အောင် နာ ကြည်းမုန်းတီးသွားမှာလား။ နောက်ပြီး သူကရော။ သူမကို ခင်မိုးပြည့်အယောင်ဆောင်ထားသော အခြားမိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဦးမှန်း သိသွားခဲ့ရင် . . .။ သူမ မတွေးချင်တော့။ မတွေးခဲ့တော့ပါ။

သူငယ်ချင်းဖြစ်သူ ခင်မိုးပြည့်က သူ့အပေါ် စွဲလမ်းချစ်ကြိုက်နေတာကို အစောကြီးကတည်းက သူမ သိထားခဲ့သော်လည်း အချစ်ဆိုတာ ထူးဆန်းလှ၏။ လူတစ်ယောက်၏ စိတ်မှာ၊ မှတ်ဉာဏ်မှာ၊ သွေးကြောများမှာ၊ ရင်ဘတ်ထဲမှာ . . အတင်းမေ့ဖျောက်ပစ်ရန် မဖြစ်နိုင်ဆုံးအရာသည် "အချစ်" ပင် ဖြစ်လေသည်။

* * * *

သူမက နွဲ့နှောင်းပြေပြစ်စွာ လမ်းလျှောက်လာပြီး နေမင်းအနီးမှာ တင့်တင့်တယ်တယ် ချိုချိုကြွကြွလေး ဝင်ထိုင်လိုက်ပါသည်။ ရနံ့သင်းပျံ့ပျံ့များက သူ့ဆီသို့ လွင့်ဝဲမွှေးထုံလာ၏။

"ဘယ်လိုလဲ စိတ်ဆိုးနေတာလား၊ ဆောရီးနော် ကိုရဲရင့်၊ မိုးပြည့် နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်"

"အယ် . . အသံကြီးက ဘယ်လိုဖြစ်နေတာလဲ၊ ရုပ်





ကလည်း ခပ်တည်တည်ကြီးနဲ့"

နေမင်းက သူမတစ်ကိုယ်လုံးကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး မပွင့်တပွင့်ပြုံးလျက် . . .

"မဟုတ်ပါဘူး၊ ကိုယ့် အတွေးလွန်သွားလို့ပါ၊ ဒြော် . . . ဒါနဲ့ မိုးပြည့်ကို မေးရဦးမယ်"

"ဘာများလဲ ကိုရဲရင့်ရဲ့၊ မေးလေ"

"နှင်းဆီအကြောင်းပါ"

"ရှင်"

နေမင်းသည် အပျက်ပျက်အယွင်းယွင်း ဖြစ်သွားသော သူမမျက်နှာကို အရသာခံ၍ ကြည့်နေပြီးမှ . . .

"ဩော် . . ဒီလိုလေ၊ မိုးပြည့် နှင်းဆီပန်းကြိုက်လား လို့ မေးတာပါ"

"ဟုတ် . . မကြိုက် . . အဲ . . ကြိုက်တော့ . . ကြိုက်ပါတယ်၊ ဘာဖြစ်လို့လဲဟင် ကိုရဲရင့်"

"ဘာမှမဖြစ်ပါဘူး မိုးပြည့်ရဲ့၊ သိချင်ရုံပါ၊ ဩော် . . ဒါနဲ့ ပြောရဦးမယ်၊ တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ မနေ့က ကိုယ်လေ ငယ်မိတ်ဆွေ ကိုမြတ်ကောင်းနဲ့ တွေ့သေးတယ်သိလား၊ ကိုယ့်အသိ ထုတ်ဝေသူတစ်ယောက်နဲ့ သူနဲ့က ငယ်သူငယ်ချင်းတွေ ဖြစ်နေတာကွ၊ အဲဒါလေ ရှေ့ဘာမှာ မတော်တဆဆုံပြီး စကား



www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောဖြစ်ကြသေးတယ်"

နေမင်းက သူ့ရှေ့မှာ ခေါင်းငုံ့လျက် ငြိမ်သက်နေသည့် သူမကို အကဲခတ်လျက် ပြောလက်စ,စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ခဏကြာတော့ သူမခေါင်းပြန်မော့လာပြီး နေမင်းကို ရီဝေစွာကြည့်၏။ မျက်တောင်တဖျပ်ဖျပ်ခတ်နေသော သူမ၏ မျက်ဝန်းအစုံမှာ တလက်လက်ရွှန်းစိုလျက်ရှိသည်။

"ကိုရဲရင့်က . . ဘာ . . ဘာပြောချင်တာလဲဟင်"

"ဘာပြောချင်တာလဲ၊ ဟုတ်လား၊ ဘာပြောရဦးမှာလဲ၊ မင်းဟာ မိုးပြည့်မဟုတ်ဘူးဆိုတာကိုပဲ ပြောရမှာပေါ့၊ မင်းတို့တွေပေါင်းပြီး ငါ့ကို ဝိုင်းလိမ်ညာနေကြတာကို ဖော်ထုတ်ရတော့မှာပေါ့ နှင်းဆီရဲ့"

နေမင်းအသံမှာ တိုးတိတ်သော်လည်း မာကျောကြွပ်ဆတ်မှုတွေ ပြည့်နှက်နေ၏။ နှင်းဆီသည် နေမင်းကိုမကြည့်ဘဲ ကမ်းဖေးဆိုင်မှန်နံရံတွေဆီ အဓိပ္ပါယ်မဲ့ ငေးကြည့်နေသည်။ နေမင်းက ကိုမြတ်ကောင်းနှင့် ရွှေဘဲမှာတွေ့ဆုံစဉ်က နှင်းဆီနှင့်ပတ်သက်၍ စကားအနည်းငယ် ပြောဖြစ်ကြပုံကို ပြန်တွေးကြည့်လိုက်မိ၏။

သူသည် အဲဒီနေ့ကတည်းက နှင်းဆီမှုပျက်နေပုံများကို ရိပ်မိသော်လည်း ဘာကြောင့်ဆိုတာမှန်း တွေးမရခဲ့။ ဒါနှင့် ကိုမြတ်ကောင်းကို အစ်အောက်ပြီး လှော်ကမ်းမေးရာမှ နှင်းဆီအကြောင်း အနည်းအကျဉ်း သိလိုက်ရခြင်းဖြစ်၏။

နှင်းဆီသည် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ စာရင်းကိုင်။ ကိုမြတ်ကောင်းမှာ ထိုကုမ္ပဏီ၏ မန်နေဂျာတစ်ဦးဖြစ်ကာ သူမကို တစ်ဖက်သတ် စိတ်ဝင်စားနေသူလည်း ဖြစ်လေသည်။

ကိုမြတ်ကောင်းက ခင်မိုးပြည့်ဆိုသည့် နာမည်နှင့်ပတ်သက်၍ ဘာမျှရေရေရာရာ မသိချေ။ ဟိုတစ်နေ့က သမ်းမှာကြုံခဲ့သော အခြေအနေများအရ နှင်းဆီ (သို့မဟုတ်) နှင်းဆီနှင့် ခင်မိုးပြည့်တို့နှစ်ယောက်စလုံးက နေမင်းကို အရူးလုပ်နောက်ပြောင်နေတာဖြစ်ကြောင်း ကိုမြတ်ကောင်းက ရိပ်မိသွားခဲ့၏။ ကိုမြတ်ကောင်းထံမှ သိခဲ့ရသမျှကို နေမင်းက နှင်းဆီအား ပြောပြလိုက်တော့သည်။ နှင်းဆီက . . .

"ကျွန်မတို့ ရှင့်ကို သက်သက်မဲ့ နောက်ပြောင်အရူးလုပ်တာ မဟုတ်ပါဘူး ကိုရဲရင့်၊ ကျေးဇူးပြုပြီး အဲဒီစကားကိုတော့ ယုံပါ၊ နောက်ပြီး ကျွန်မကို ရှင်ဘယ်လိုပဲထင်ထင် ကျွန်မသူငယ်ချင်းမိုးပြည့်ကိုတော့ လုံးဝအထင်မလွဲပါနဲ့ရှင့်"

"ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ၊ ထားပါတော့၊ အဲဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အခု လိုလုပ်ရတဲ့ ရည်ရွယ်ချက်ကို ဆက်ပြောပြဖို့ လိုမယ်ထင်ပါတယ်၊ ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲ ပြောပါ။ မိုးပြည့်က ဘာကိစ္စ သူကိုယ်တိုင်မလာဘဲ ခင်ဗျားကို အယောင်ဆောင်ခိုင်းရတာလဲဗျာ"

"မိုးပြည့်က ရှင်နဲ့ အရမ်းတွေ့ချင်တာပါ ကိုရဲရင့် ဒါပေမယ့် သူ့မှာ ရှင့်ကိုလာမတွေ့ရဲလောက်တဲ့ ချို့ယွင်းချက်တစ်ခု ရှိနေလို့ပါ၊ မိုးပြည့်ဟာ ဆုံးဝါးလှတဲ့ ကံကြမ္မာဆိုးတစ်ခုကြောင့် ရှင့်ဆီရောက်မလာရဲခဲ့တာပါ၊ ကျွန်မအနေနဲ့တော့ ဒီလောက်ပဲ ပြောပါရစေ ကိုရဲရင့်၊ ကျွန်မကိုလည်း ပြန်ခွင့်ပြုပါ။ ရှင့်ကို လှည့်စားသလို ဖြစ်ခဲ့ရတဲ့အတွက် တောင်းပန်ခဲ့ပါတယ်"

"ခဏနေပါဦး နှင်းဆီ"

နှင်းဆီက ပြန်မထိုင်တော့ဘဲ မတ်တပ်စင်းလျက်နေမင်း ပြောလာမည့်စကားကို နားစွင့်ထား၏။ သူမက နေမင်းမျက်နှာကို လှည့်မကြည့်မိစေရန် သတိထားရင်း မျက်တောင်တဖျပ်ဖျပ်ခပ်မိနေဆဲ။

"ပထမဆုံး ပြောချင်တာက ခုနက ကျွန်တော့်စကားထဲမှာ ဒေါသအလျောက် အမှားပါခဲ့ရင် ပြန်တောင်းပန်ပါတယ်နော်၊ နှင်းဆီကိုလည်း ကျွန်တော်စိတ်မဆိုးပါဘူး၊ ကျွန်တော် နောက်ထပ်ပြောချင်တာက မိုးပြည့်ကိုပါ။ ဒီစကားကို





နှင်းဆီက သူ့ကို သေချာပြန်ပြောပြပေးပါဗျာ၊ သူ့မှာ ဘယ်လိုချို့ယွင်းမှုမျိုးပဲ ရှိနေပါစေ၊ ဘယ်လိုအမှားအယွင်း၊ ဘယ်လိုကိစ္စမျိုးပဲဖြစ်ခဲ့ဖြစ်ခဲ့၊ အိုဗျာ . . ကျိုးကျိုးကန်းကန်း၊ ပဲ့ပဲ့ရွဲ့ရွဲ့ အဲဒါတွေ ကျွန်တော်လုံးဝဂရုမစိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် သူဟာ ကျွန်တော့်ရဲ့သုံးသားထဲက ထာဝရအရိပ်လေးပါပဲ၊ အဲဒါကို မိုးပြည့်သိအောင် ပြောပြပေးပါ နှင်းဆီ၊ ကျေးဇူးတင်ပါတယ်၊ နှင်းဆီကို ကျွန်တော်လိုက်ပို့ပေးရမလားဟင်"

နှင်းဆီက သူ့ကို ရိဝေစွာ တစ်ချက်ကြည့်ပြီး မျက်နှာပြန်လွှဲသွားပါသည်။ သူမနှုတ်ခမ်းပေါ်မှာ နားလည်ရခက်သည့် အပြုံးတစ်ခုဖူးပွင့်လာ၏။

"ရပါတယ် ကိုရဲရင့်ရယ်၊ ကျွန်မဘာသာပဲ ပြန်ပါ့မယ်၊ ကိုရဲရင့်ပြောခဲ့တဲ့အတိုင်း အတိအကျ မိုးပြည့်ကို ပြန်ပြောပေးပါ့မယ်၊ ရှင့်စကားတွေကိုကြားရင် မိုးပြည့်အရမ်းပျော်မှာပါ။ ကျွန်မလည်း ကျွန်မသူငယ်ချင်းအတွက် အရမ်းပျော်ပါတယ်၊ ဒါပေမယ့် ကျွန်မ . . ကျွန်မ . . ရှင်နဲ့အခုလို လာကြုံဆုံတဲ့ ကံကြမ္မာကို မုန်းတယ်"

သူက ကျောခိုင်းလှည့်ထွက်သွားသည့် နှင်းဆီ၏ ကျောပြင်ကို ငေးရီရင်း အချိန်အတော်ကြာအောင် တစ်ယောက်တည်း ဆက်ထိုင်နေမိပါသည်။ လူ့ဘဝ၏ အချစ်နှင့်အမုန်းပုံပြင်



www.burmeseclassic.com

www.burmeseclassic.com



တွေအကြားမှာ ပြဿနာမဖြစ်အောင် အသက်ရှင်ရတာခက်လှ၏။ သူကိုယ်တိုင်လည်း ဘယ်လိုဝက်ပါလမ်းတွေကို ချိုးကွေ့ဝင်ရဦးမည် မသိသေးပေ။

သေချာနေတာတစ်ခုက အရိပ်တစ်ခုထဲတွင် သို့ဝှက်ထားသော သူ၏အချစ်များပင် ဖြစ်လေသည်။

* * * *



## (၁၇)

ခင်မိုးပြည့်က ကောင်းကင်ကြီးကို ရော်ရမ်းမှန်းဆလျက် မော့ကြည့်လိုက်ပါ၏။ သူမအမြင်၌သာ မဲမှောင်နေပေမယ့် ထိုကောင်းကင်ထဲမှာ ကြယ်အလင်းများရှိနေပေလိမ့်မည်။ ညနေက နှင်းဆီနှင့် ပြောဖြစ်ခဲ့သော စကားများကို ပြန်သတိရမိတော့ သူမစိတ်တွေ တအုံနွေးနွေး ဖြစ်နေရပြန်ပါသည်။

နှင်းဆီနှင့်ပတ်သက်၍ မိုးပြည့်စိတ်ထဲမှာ မတင်မကျဖြစ်ကာ အတွေးရခက်နေလေသည်။ နှင်းဆီပြောသွားသည့် လေသံနှင့်စကားတွေက ပုံမှန်မဟုတ်ဘဲ အတော်လေး ထူးခြားနေတာကို သူမသတိထားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနှင့် ဝင်ဒီဆိုတာ သူမ၏လက်ရှိဘဝတို့ စာနာနားလည်ပေးနိုင်သော အရင်းနှီးဆုံး သူငယ်ချင်းများ မဟုတ်ပါလား။ ဒီတော့ မမြင်ရပေမယ့်လည်း နှင်းဆီတစ်ခုခုဖြစ်နေမှန်း ခင်မိုးပြည့် အသေအချာသိလေ၏။ ဝင်ဒီနှင့်တွေ့မှပဲ နှင်းဆီ၏ကိစ္စကို ဆက်ဆွေးနွေးမည်ဟု သူမက တေးထားလိုက်သည်။ လောလောဆယ်တော့ ခင်မိုးပြည့်က သူမ၏ စာရေးဆရာလေး နေမင်းကြီးနှင့် ဖုန်းဆက်သွယ်ရန် ချိတုံချတုံဖြစ်ကာ ရင်ခုန်သံတွေ မူမမှန်ဖြစ်နေရရှာသည်။ သူပြောလိုက်သည့် စကားတွေက ခင်မိုးပြည့်အတွက် အချိုဆုံးတေးတစ်ပုဒ်ပင် ဖြစ်၏။ ဘာပဲဖြစ်ဖြစ်တဲ့လား။

သူမက နေမင်း၏ဖုန်းနံပါတ်ကို အသာအယာနှိပ်၍ ခေါ်ဆိုလိုက်ပါသည်။ ပြတင်းပေါက်တွင် မှီရပ်နေသော သူမ၏အရိပ်လေးကို သူစောင့်ကြည့်နေလောက်ပြီ။ ထိုသို့တွေးမိပြီး ခင်မိုးပြည့်မှာ ရှက်သလိုလို ကြည်နူးသလိုလို ခံစားမှုများဖြင့် တစ်ကိုယ်လုံး ပူနွေးရှိန်းဖိန်းလို့လာ၏။

"ဟဲလို . . ကိုရဲရင့်လား . . . မိုးပြည့်ပါ"

"ဩော် . . မိုးပြည့်လား၊ မိုးပြည့်အစစ်ဆိုတာတော့ သေချာပါတယ်နော်"

"ကိုရဲရင့်ရယ် . . . မိုးပြည့်ကို အဲဒီလိုတော့ မခနဲ့ပါနဲ့





နှင်၊ နောက်ပြီး စိတ်လည်း မဆိုးပါနဲ့၊ မိုးပြည့်ရှင်းပြပါ့မယ်"

"ကိုယ်ကတော့ မလိမ်တတ်မညာတတ်ဘူးကွ၊ စိတ်လည်း ဆိုးတယ်၊ စိတ်မကောင်းလည်း ဖြစ်တယ်၊ ဘယ့်နှယ်ကွာ၊ မင်းတို့လုပ်ပုံတွေက လူကိုအရူးကျနေတာပဲ"

နေမင်းဆူပူသမျှကို သူမက တိတ်ဆိတ်စွာ နားထောင်နေရာမှ ကြိတ်၍ငိုကြွေးနေမိတော့၏။ ထို့နောက် သူမ၏ ရှိုက်သံသဲ့သဲ့ကို တစ်ဖက်မှ ကြားသွားပါသည်။ နေမင်းမှာ လေသံအတန်ငယ် ပျော့ပြောင်းလာပြီး . . .

"ဟော . . . ပြောရုံပဲရှိသေးတယ်၊ ငိုနေပြန်ပြီ၊ ဟော့ . . . ငိုမနေနဲ့လေကွာ၊ ကိုယ်ကလည်း 'ဟောက်' လျှာတွေ ရှည်နေမိပြန်ပြီ၊ ဖြစ်ပြီးမှတော့ မပြောတော့ပါဘူး၊ ကိုယ်ကမှ အရိပ်လေးကို မုန်းမှမမုန်းနိုင်တာပဲ၊ ကဲ . . . ပြောစမ်းပါဦး၊ ခင်ဗျားက ကျုပ်ကို လူကိုယ်တိုင် လာမတွေ့နိုင်လောက်အောင်၊ သူ့စားထိုးပြီး လွှတ်ရလောက်အောင် ဘာတွေဖြစ်နေလို့လဲ"

ကိုယ်ကမှ အရိပ်လေးကို မုန်းမှမမုန်းနိုင်တာ ဟူသောစကားကြောင့် ခင်မိုးပြည့်ရင်တွေ ငြိမ်းချမ်းအေးမြသွားရပြန်သည်။ ဘယ်လိုပြောရမှာလဲ ကိုရဲရင့်ရယ်။ သူမက အသက်ကို ပြင်းပြင်းရှူလျက် ပြောဖို့အားယူလိုက်ပါ၏။

"ကိုရဲရင့်ရယ်၊ ဘာကယ်တော့ ကိုရဲရင့်ရဲ့အရိပ်လေး



www.burmeseclassic.com

www.burmeseclassic.com



ဟာ အမြဲတမ်း အမှောင်ကျနေရတဲ့ အရိပ်လေးပါ၊ မိုးပြည့်
အမြဲတမ်း အမှောင်ထဲမှာရှိ နေရတာလေ၊ အခုဆို မိုးပြည်
မျက်စိကွယ်ခဲ့တာ ငါးနှစ်လောက်ရှိနေပြီ ကိုရဲရင့်ရဲ့"

ရုတ်တရက် သူ့တစ်ကိုယ်လုံး ထုံကျင်အေးခဲသွား
ဘာကိုလွမ်းမှန်းမသိ လွမ်းလာမိ၏။ တစ်စုံတစ်ခုကို ဆုံး
လိုက်ရသည့် ခံစားမှုက သူ့နှလုံးသားအား ဖျစ်ညှစ်လို့ထား
သည်။ ဖြစ်မှဖြစ်ရလေ အရိပ်လေးရယ်။

နံရံထက်မှာ အရိပ်လေးက တသိမ့်သိမ့်တုန်ခါ
သည်၊ နေမင်း၏အာရုံကြော စနစ်ကြီးတစ်ခုလုံးကို သူ
ရှိုက်သံတိုးတိုးလေးက အစွမ်းကုန် အထိနာသွားစေခဲ့သည်

"ကိုယ်ပြောမယ် မိုးပြည့်၊ သချာနားထောင်၊ တိ
တော့နော်၊ မငိုနဲ့တော့၊ ကိုယ်ပြောတာကို အာရုံစူးစိုက်
သေချာနားထောင် . . . ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ကိုကြီး"

ကိုကြီးတဲ့လားကွယ် . . .။ အမှောင်ထဲမှာ သူ
အားရပါးရ ပြုံးမိလိုက်၏။ အရိပ်လေးဆီမှ အားကိုးတ
ခေါ်သံလေးသည် သူ့ကို ခွန်အားတွေ ဖြစ်စေသည်။

"မိုးပြည့် . . ဒါအရှုံးမဟုတ်ဘူး၊ လူ့ဘဝဆိုတာလည်
အရှုံးအနိုင်ပေါ်မှာပဲ တည်ဆောက်ထားတာမဟုတ်ဘူး၊ လူ့ဘ





တာ ကိုယ်နားလည်သလောက်တော့ အားကစားပွဲတွေ လိုပဲ
ဘာပဲဖြစ်ဖြစ် ယှဉ်ပြိုင်နေရမှာပဲ၊ အမြဲတမ်းအရှုံး၊ အမြဲ
အနိုင်ရယ်လို့လည်း ဘယ်တော့မှမရှိဘူး၊ အဲ . . ဒါပေ
ယှဉ်ပြိုင်မှုကတော့ သေတဲ့အထိ မရပ်တန့်ဘူး၊ သူများနဲ့
မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုလည်း ပြိုင်ရတယ်၊ စာမေးပွဲတွေ
ဿာတွေနဲ့၊ မမြင်နိုင်တဲ့လမ်းတွေနဲ့၊ ကံကြမ္မာနဲ့ . . စသဖြင့်
နောက်ဆုံးအချိန်တွေမှာ သေခြင်းတရားနဲ့လည်း ယှဉ်ပြိုင်
မှာပဲ၊ ဘဝက အဲဒါပဲ၊ မိုးပြည့်က ဒါကိုအရှုံးလို့ လက်ခံ
တ်မှ တကယ်ရှုံးသွားမှာသိလား၊ လုံးဝအရှုံးမပေးနဲ့၊ မိုးပြည့်
အမြင်အာရုံချို့တဲ့သွားရုံလေးနဲ့ ဘဝက တန်ဖိုးမဲ့သွားတာမှ
တ်တာ။ နောက်ပြီး တစ်သက်လုံးကြီး အဲဒီဒုက္ခဝေဒနာ
းရမယ်လို့ ဘယ်သူပြောနိုင်မှာလဲ၊ ကိုယ်တို့မှာ ရွေးချယ်
တွေ အများကြီးရှိသေးတယ်"

ထိုညက သူတို့နှစ်ယောက်မှာ စကားတွေ ပြောလို့
န်နိုင်အောင် ဖြစ်နေကြတော့သည်။ ည၏အမှောင်လမ်း
တွန့်ခေါက်ရှည်လျားနေဆဲ။ လမင်းက တိတ်တဆိတ်ဖျိုးဖျ
လင်းမြနေ၏။ အရိပ်လေးရဲ့ည . . .။ သူ ဒီညကိုတော့
ရာရေးရပါလိမ့်မည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၈)

နေမင်းနှင့် အရိပ်လေးတို့ ဖုန်းပြောနေတာ မိနစ်နှစ်ဆယ်ခန့် ကြာသွားပြီဖြစ်သော်လည်း ဖုန်းချဖို့ အစီအစဉ် မရှိသေးပါ။ အဲဒါကို သူမက အလောတကြီးနှင့် . . .

"နောက်ပြီးတော့ ကိုကြီးကို အဲ့ရေးကြီးတဲ့တစ်ခု လည်း ပြောဖို့ကျန်သေးတယ်"

"ပြောလေ မိုးပြည့်ရဲ့၊ မိုးပြည့်ပြောပြီးရင် ကိုကြီးလည်း ပြောမယ်၊ ကိုကြီးမှာလည်း အရေးတကြီး ပြောစရာတစ်ခု ရှိသေးတယ်၊ မိုးပြည့် ကိုကြီးကို ဘယ်တော့အဖြေပြန်ပေးမှာ လဲဆိုတာကို မိုးပြည့်စကားစပြတ်ရင် မေးမလို့စဉ်းစားနေတာ





စကားက ပြီးကိုမပြီးတော့ဘူး"

"ဟယ် . . ကိုကြီးကလည်း အခုပဲ ပြောပြီးနေပြီပဲ ဥစ္စာ"

"ဩော် . . ဟုတ်လား၊ အဲ . . . ဟုတ်သားပဲ၊ ဟဲဟဲ . . အဲဒါဆိုလည်း မထူးပါဘူး၊ တစ်ခါတည်း အဖြေပေးတော့ ကွာနော်"

"မပေးပါဘူး၊ ဘာဖြစ်လို့ ပေးရမှာလဲ၊ ကဲပါ . . နေပါဦး၊ မိုးပြည့်ပြောမယ့်ဟာကို သေချာနားထောင် ကိုကြီးရဲ့၊ အရေးကြီးတယ်"

စကားကို သူမက ခဏမျှ ရပ်နားလိုက်သည်။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းနေသည်ဟု ခံစားနေရ၏။ မေမေ့ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်ရင်း ပြောမည့်စကားကို သူမက အစပျိုးလိုက်ပါသည်။

"မိုးပြည့်တို့ လာမယ့်တစ်ပါတ်အတွင်းမှာ စင်ကာပူ သွားဖြစ်လိမ့်မယ် ကိုကြီး၊ မိုးပြည့်အစ်ကို ကိုသားကြီးက လှမ်းခေါ်တာ၊ ဟိုမှာ မိုးပြည့်မျက်စိခွဲဖို့ သူအားလုံး အစီအစဉ် လုပ်ပြီးပြီတဲ့၊ မေမေနဲ့ မိုးပြည့်ကို အမြန်ဆုံးလာဆိုတာနဲ့ တစ်ပတ်အတွင်း အရေးပေါ်သွားဖို့ စီစဉ်ရတာ . . . ၊ တော်သေးတာပေါ့၊ မိုးပြည့်ရော၊ မေမေပါ ပတ်စ်ပို့အဆင်သင့်ရှိနေလို့



www.burmeseclassic.com

www.burmeseclassic.com



မျက်စိခွဲဖြစ်ရင် အနည်းဆုံး စင်ကာပူမှာ သုံးလလောက်တော့ နေရမယ်တဲ့"

သူက ဘာမှဝင်မပြောသေးသဲ သူမပြောတာကို အသာ ဆက်နားထောင် နေလိုက်ပါသည်။ ရုတ်တရက်မို့ သူ ဘာပြောရမှန်းပင် မသိချေ။ သူသိသည်မှာ အရိပ်လေးမရှိသော ညများကို တစ်ကိုယ်ထဲ ဖြတ်သန်းရပေဦးတော့မည်။

သူငြိမ်နေသဖြင့် သူမကပဲ ဆက်၍ . . .

"အဲဒီတော့ မိုးပြည့်ပြောတာ ကိုကြီးနားထောင်၊ မိုးပြည့် စင်ကာပူသွားမယ့်နေ့ကိုလည်း ကိုကြီးကို မပြောတော့ဘူး၊ နောက်နေ့ကစပြီး ကိုကြီးလည်း မိုးပြည့်ဆီ ဖုန်းမဆက်နဲ့တော့၊ မိုးပြည့်လည်း မဆက်တော့ဘူးနော်၊ ဒါကို ဘယ်လိုမှတော့ သဘောမထားပါနဲ့ ကိုကြီးရယ်၊ အကြာကြီး ဖုန်းမပြောကြရမယ့်အတူတူ မိုးပြည့်တို့နှစ်ယောက် အခုကတည်းက ကျင့်သားရသွားအောင်လို့ပါ၊ ဒါပေမယ့် အရမ်းစိတ်ညစ်မသွားပါနဲ့ ကိုကြီးရဲ့၊ ကိုကြီးလိုချင်နေတဲ့ အဖြေကို မိုးပြည့်ပြန်လာတဲ့နေ့ကျ ပေးမယ်လေ၊ မိုးပြည့်နဲ့ ကိုကြီးလည်း ဟိုဒီကျတော့မှ လှူချင်းတွေ့ကြမယ်လေ၊ မိုးပြည့်မျက်လုံးတွေ ပြန်ကောင်းချင်လှပြီ ကိုကြီးရာ၊ မိုးပြည့်လေ ကိုကြီးကို အရမ်းမြင်ဖူးချင်တယ်၊ ပြီးတော့ နောက်တစ်ခု မြင်ဖူးချင်တာက ကိုကြီးစွဲလန်းသွား





တယ်ဆိုတဲ့ မိုးပြည့်ရဲ့အရိပ်လေးတွေကိုပဲ၊ မိုးပြည့်က ကိုယ့်အရိပ်မှ ကိုယ်မမြင်ဖူးတာ ကိုကြီးရဲ့ . . ."

ထိုစကားကြောင့် သူ့မှာ စိတ်မကောင်းဖြစ်ရပြန်သည်။ ဒီည အရိပ်လေးကို ဘာမှထပ်မပြောတော့ဟု သူဆုံးဖြတ်လိုက်ပြီး . . .

"ဟုတ်ပါပြီကွာ၊ မိုးပြည့် စိတ်ချမ်းသာရမှာပါ၊ ကိုကြီး လုံးဝယုံကြည်ထားတယ်၊ နောက်ပြီး မိုးပြည့်အစီအစဉ်အတိုင်းလည်း ကိုကြီးလိုက်နာပါ့မယ်၊ ဟုတ်ပြီလား၊ ကဲကဲ . . . ညဉ့်နက်လှပြီ အရိပ်လေးရေ၊ အိပ်တော့နော်၊ စကားတွေက ပြောလို့တော့မဝသေးဘူး၊ ဒါပေမယ့် အရမ်းအိပ်ရေးပျက်ရင် မိုးပြည့်အားနည်းပြီး တစ်ခုခုဖြစ်မှာစိုးလို့၊ နှုတ်ဆက်တယ်နော်၊ နောက်နေ့ ဖုန်းလည်းမဆက်ရဘူးဆိုတော့ အခုကတည်းက ကိုကြီးနှုတ်ဆက်လိုက်တယ် သိလား၊ တာ့တာ မိုးပြည့် ဂွတ်လပ်ခ်"

"ဟုတ် . . ."

အပြင်ဖက်၌ ကားသံသဲ့သဲ့ကို ကြားရ၏။ သူ့စိတ်တွေက လေဟာ နယ်ထဲမှာ လွင့်ပါးလို့ကောင်းနေဆဲ။ အရိပ်လေးအတွက် ကံကောင်းခြင်းလက်ဆောင်တွေရဖို့ သူအထပ်ထပ် ဆုတောင်းပေးနေမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာအရိပ်မှ မရှိမှန်းသိလျက်နှင့် သူစိုက်ကြည့်မိနေတတ်သော နံရံကြီးပင် ကြာလာလျှင် ပါးလှုပ်ပြီး ပေါက်သွားတော့မည်ဟု ထင်စရာရှိပါသည်။ အရိပ်လေးရေ . . မင်းမရှိတော့တဲ့ ငါ့ညတွေ ပိုမှောင်ခဲ့ပြီပေါ့။

ပံသုထွင့်ခေါင်ကတော့ သူ့ကို "မင်းရူးနေပြီ" ဟု ပြောလိုက်၏။ တကယ်လည်း သူရူးနေတာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အရိပ်လေး မပါဝင်သော သူ၏ညတွေက ရူးသွပ်သွားလောက်အောင် ခြောက်ခြားဖို့ ကောင်းလှသည်။

ပျင်းရိဖွယ် ရှည်လျားသော ထိုကဲ့သို့ညများတွင် သူ အပြင်မထွက်ဖြစ်သလောက်ပင်။ အိမ်တွင်းအောင်းပြီး စာတွေဖိရေးဖြစ်နေသည့် နေမင်းကို သူငယ်ချင်းတွေက ဝိုင်းဝန်းချီးကျူးနေကြသည်။ သူ့ကဗျာတွေ ဝတ္ထုတွေကလည်း အရင်ကထက် ပိုမိုဆွေးရိပ်သန်းကာ ပိုပြီးကျစ်လစ်သိပ်သည်းလာသည်တဲ့။

သူအခံရခက်စွာ ပြုံးမိ၏။ တကယ်တော့ အနာတရများစွာဖြင့် ဖြတ်သန်းနေရသော သွေးထွက်သံယိုနေ့တွေကို မှတ်တမ်းတင်နေခြင်းသာ ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ၊ အရိပ်လေး၏ မျက်လုံးများ အကောင်းပကတိအတိုင်း ပြန်မြင်ရစေဖို့ သူနေ့တိုင်း ဆုတွေ





ာင်းနေမိတာတော့ အမှန်ပင်ဖြစ်၏။

တစ်ခါတစ်ရံကျတော့လည်း ခင်မိုးပြည့်အကြောင်း သွားရင်းနှင့် နှင်းဆီဆိုသည့် ကောင်မလေးကိုပါ သူသတိရမိနေတတ်ပြန်သည်။ အခုနောက်ပိုင်း နှင်းဆီနှင့်သူ အဆက်အသွယ် လုံးဝမရှိတော့သလို ကိုမြတ်ကောင်းနှင့်လည်း ထပ်မတွေ့တော့ပေ။

မတွေ့ဆို ခုတလော သူအပြင် သိပ်မထွက်ဖြစ်တာသည်း အကြောင်းတစ်ခုဖြစ်သည်။ အပြင်မထွက်တော့ ဘယ်သူနှင့်မှလည်း တွေ့စရာမရှိ . . .။ ပံသုထွင့်ခေါင်တောင်မှ သူ့အိမ်ရောက်လာလို့ တွေ့ရခြင်းဖြစ်၏။ ထိုငနဲကတော့ နေမင်းတို့တွေ့သည်နှင့် အမြဲတမ်း မထိတထိပြောကာ စနောက်နေတတ်လေသည်။ ပံသုထွင့်ခေါင် လျှောက်စနောက်သမျှကို သူက ငြိမ်နေရုံအပြင် ဘာပြောနိုင်မှာတဲ့လဲ။ ဒါမှမဟုတ် စပ်ဖြဲဖြဲလေးလုပ်ပြီး ပြုံးနေရုံပေါ့။ ပံသုထွင့်ခေါင်ရဲ့ ပြောပုံကိုလည်း ကြည့်ပါဦး။

"နေမင်း . . သောက်ပေါ၊ အရက်ကြောင်,ကြောင်ဘာထက် ပိုဆိုးတဲ့ အရိပ်ကြောင်,ကြောင်နေတဲ့ကောင်" တဲ့လေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

မမျှော်လင့်ဘဲရောက်လာသော ညှော်သည်များကိုမြင်ပြီး နေမင်းက နှုတ်ဆက်ရန်ပင် အိုးတိုးအမ်းတန်း ဖြစ်နေမိသေး၏။ သို့သော် တစ်ခဏအတွင်း အားလုံးပုံမှန်အတိုင်း ပြန်အဆင်ပြေသွားခဲ့၏။ နှင်းဆီက သူမနှင့်ပါလာသည့် တစ်ယောက်ကို နေမင်းနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

"ဒါ . . ဝင်ဒီတဲ့၊ မိုးပြည့်ပြောလို့ နာမည်တော့ ကြားဖူးပြီးသားဖြစ်မှာပါ၊ ဟုတ်တယ် မဟုတ်လား၊ ဝင်ဒီ . . ဒါ စာရေးဆရာနေမင်း လေ၊ ငါတို့ကတော့ ကိုရဲရင့်လို့ခေါ်တာ"

"ဟုတ်ကဲ့ . . ကိုနေမင်းဝတ္ထုတွေ တော်တော်များများ





ကို ဖတ်ဖြစ်ပါတယ်"

"ဟုတ်ကဲ့ . . . အခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

ဝင်ဒီနှင့် အခုလိုဆုံတော့ သူအရင်က ခင်မိုးပြည့်အား အထင်လွဲခဲ့မိသည်ကို ပြန်သတိရမိကာ ပြုံးချင်ချင်ဖြစ်သွားသည်။ ဝင်ဒီဆိုသည့် ကောင်မလေးက တကယ့်ကို ယောကျ်ားလေးပုံစံ ဝတ်စားထားပြီး ဆံပင်ကလည်း သူ့ထက်ပင် အနည်းငယ်တိုချင်သေးသည်။

"နှင်းဆီတို့ ခဏလောက်ထိုင်ကြပါဦး၊ ကျွန်တော် အအေးသွားယူလိုက်ဦးမယ်"

"ဟာ . . နေပါစေ ကိုရဲရင့်၊ နှင်းဆီတို့ မသောက်တော့ဘူး၊ သိပ်လည်း အချိန်မရဘူးလေ၊ သွားစရာကိစ္စရှိသေးတယ်၊ ပြောစရာရှိလို့သာ ဝင်လာခဲ့တာ"

"ဪ . . . ဟုတ်လား၊ ဘာများပါလိမ့်၊ ပြောလေ နှင်းဆီရဲ့"

"အင်း . . ဘာမှတော့ အရေးမကြီးပါဘူး၊ နှင်းဆီက သိပ်မကြာခင် နယ်ပြောင်းရဖို့ရှိတယ်၊ အဲဒါ ကိုရဲရင့်နဲ့လည်း မတွေ့တာကြာလို့ လာတွေ့နှုတ်ဆက်တာပါ၊ ပြီးတော့ နောက်တစ်ခုက မိုးပြည့်ကိစ္စပါ"

"ဗျာ . . မိုးပြည့်ဟုတ်လား၊ သူဘာဖြစ်လို့လဲဟင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဗျာ မြန်မြန်”

ပြာပြာသလဲဖြစ်သွားသည့် သူ့ပုံစံကိုကြည့်ပြီး ဝင်ဒီက မအောင့်အည်းနိုင်တော့ဘဲ တခွိခွိရယ်၏၊ နှင်းဆီကတော့ ပြုံးသည်ဆိုရုံမျှပြုံး၍ သူ့ကိုတွေကြည့်နေပြန်သည်။ ခဏကြာမှ နှင်းဆီက . . .

“ဘာမှမဖြစ်ပါဘူး ကိုရဲရင့်ရယ်၊ စိတ်အေးအေးထားပါ၊ သူမျက်စိခွဲတဲ့ကိစ္စ အောင်မြင်တယ်တဲ့”

ထမခုန်မိအောင် နေမင်းက မနည်းထိန်းထားရသည်။ နောက်ပြီး ဒီကိစ္စကို ရောက်ရောက်ချင်း တန်းမပြောသည့်အတွက် နှင်းဆီကိုတောင် သူက စိတ်ခုချင်မိသေး၏။ နှင်းဆီက စကားကို ဆက်လိုက်သည်။

“အဲဒါ ကိုရဲရင့်ဆီ ဖုန်းလှမ်းဆက်ချင်တာတဲ့၊ အစ်ကိုတွေ အမေတွေရှိနေတော့ ဆက်လို့အဆင်မပြေဘူးပေါ့၊ အခုတောင် သူ့အစ်ကိုရဲ့ Laptop ကို ခိုးသုံးပြီး၊ နှင်းဆီ့ဆီကို E Mail လှမ်းပို့လိုက်တာ၊ ကိုရဲရင့်ကို သွားပြောပေးပါလို့မှာလိုက်လို့ ကျွန်မတို့ကလာပြောတာပါ၊ အဲဒါပါပဲ၊ ကဲ . . ကိုရဲရင့် ကျွန်မတို့လည်း သွားလိုက်ပါဦးမယ်၊ အချိန်သိပ်မရှိတော့လို့”

“ဗျာ . . ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ အခုလို လာပြောပေးတာ ကျေးဇူးတင်ပါတယ် နှင်းဆီရာ၊ ဒီက ဝင်ဒီကိုလည်း





တော့ဖူးပါပဲ”

နှင်းဆီတို့ပြန်သွားမှ သူဝမ်းသာအားရနှင့် စိတ်လွတ်ကိုယ်လွတ် ထအော်ပစ်လိုက်၏။ အရိပ်လေး . . .။ ဒါဆိုသူမ မြန်မာပြည်ကို ပြန်လာခါနီးပြီပေါ့။ ထိုအတွေးနှင့် နေမင်းမှာ ထိုင်ရမလို ထရမလိုဖြင့် ဖင်တကြွကြွ ဖြစ်နေရှာတော့သည်။

ကိုကြီးကို အရမ်းမြင်ဖူးချင်တယ်ဆိုသော အရိပ်လေး၏အသံကို သူပြန်လည်ကြားယောင်လာမိ၏။ တကယ်တော့ သူလည်း အရိပ်လေးကို မြင်ဖူးချင်လှပါသည်။

* * * *

နှင်းဆီတို့ လာပြောသွားကတည်းက နေမင်းမှာ လုံးလျားလျား ရှုနေလေတော့သည်။ ညစဉ်ညတိုင်း သူက အရိပ်လေးကိုမျှော်လျက် နံရံကြီးကို ငေးနေမိသည်။ ဖုန်းလေး မြည်လိုက်တိုင်း အသက်ထွက်လုမတတ် စိတ်လှုပ်ရှားနေရ၏၊ အခုလည်း ဖုန်းသံတစ်ခုက သူ့ဝိညာဉ်ကို တုန်ခါသွားစေပြန်သည်။ နေမင်းက ဖုန်းကိုကောက်ယူကြည့်လိုက်၏။ “ဝရ . . . . . . .”။ သူ ကယောင်ကတမ်းဖြင့် ဝုန်းကနဲ . . .ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ဆီ ထပြေးသွားပြီး နံရံကြီးကို မက်မောတုန်ယင်စွာ ငေးမောနေတော့၏။

နံရံအမှောင်ပေါ်သို့ အလင်းတစ်ကွက် . . .။ ထိုအလင်းကွက်ထဲမှာ အရိပ်လေး။ အရိပ်လေးက နံရံထက်မှ သူ့ကိုလက်ပြနေလေသည်။ ဖုန်းထဲတွင်လည်း သူမ၏ရယ်သံလေးနှင့်အတူ . . .

"မင်္ဂလာပါ ကိုကြီး၊ နေကောင်းတယ် မဟုတ်လား မိုးပြည့်ကိုရော သတိမှရသေးရဲ့လား"

သူချက်ချင်းပြန်မဖြေနိုင်။ အရိပ်လေးကို ကြည့်မဝ သကဲ့သို့ပင် သူမအသံကိုလည်း နားထောင်လို့မဝနိုင် ဖြစ်နေ၏။ အတန်ကြာမှ . . .

"ဘယ်လိုမေးလိုက်တာလဲ အရိပ်လေးရယ်၊ ဒီမှာ ရူးတောင်ရူးနေပြီကွ သိလား၊ အရိပ်လေး နှိပ်စက်ထားခဲ့တာတွေလေ၊ ဘယ်နေ့သွားပြီး ဘယ်နေ့ပြန်ရောက်မယ်မှန်းလည်း မသိရ၊ ဖုန်းလည်း ဆက်လို့မရနဲ့ ကိုကြီးမှာ ဘယ်လိုမှနေလို့ မရဘူး"

"မယုံပါဘူးနော်၊ မိုးပြည့်မရှိတုန်း ကိုကြီးက ရည်းစားတွေ ဘာတွေတောင် ရချင်ရနေမှာ"

"ကြဲကြဲဖန်ဖန် မိုးပြည့်ရယ်၊ မိုးပြည့်ကလွဲရင် ကျန်တဲ့





မိန်းကလေးမှန်သမျှ မယ်လမင်းပါတဲ့ တရုတ်နို့မှုန့်တွေလို့ပဲ သဘောထားတယ်၊ မိုးပြည့်ကမှ ကိုကြီးအတွက် သဘာဝအရသာစစ်စစ်နို့ . . အဲ . . အဲ . . ရှုပ်ကုန်ပြီ"

"ဟိတ် . . . ဘာတွေလျှောက်ပြောနေတာလဲ၊ အဲဒီကိုကြီးတစ်ယောက်နဲ့တော့"

"အလကားစတာပါ မိုးပြည့်ရယ်၊ နေပါဦး၊ အရေးကြီးတာကို အခုထိ မမေးရသေးဘူး၊ ဘယ်လိုလဲ . . . မိုးပြည့်မျက်လုံးတွေ ပြန်ကောင်းသွားပြီ မဟုတ်လား"

"ကြည့်စမ်း . . .၊ အခုမှ မေးဖော်ရတယ်၊ အလေးထားသလား မထားဘူးလားဆိုတာ အရမ်းသိသာတယ်၊ ကိုကြီးရယ် . . . မိုးပြည့်မျက်လုံးတွေက အရင်ကအတိုင်းပဲ"

"ဟင် . . . ဒါနဲ့ နှင်းဆီတို့ပြောတော့ ခွဲစိတ်တာအောင်မြင်တယ်ဆို၊ အခု ဘယ်လိုဖြစ်ရပြန်ပြီလဲ"

"ဟုတ်တယ်လေ၊ မိုးပြည့်ကရော ဘာပြောလို့လဲ၊ အရင်အတိုင်းပဲလို့ ပြောတာပဲဥစ္စာ"

"ဟာကွာ"

သူ၏မချင့်မရဲလေသံကြောင့် မင်မိုးပြည့်က သဘောကျစွာရယ်သည်။

"အရင်အတိုင်းပဲဆိုတာ မိုးပြည့် မျက်စိမကန်းခင်



www.burmeseclassic.com

www.burmeseclassic.com



အရင်က အတိုင်းပဲလို့ပြောတာ သိပြီလား၊ အဲ . . . ကိုကြီး
အခုမြန်မြန်စကားဖြတ်မှ ဖြစ်မယ်၊ မေမေလှမ်းခေါ်နေပြ
မနက်ဖြန်အားလား၊ မိုးပြည့် ညနေငါးနာရီလောက်ကို ဝင်ဒီး
ထွက်လာခဲ့မယ်၊ ကိုကြီးဘယ်မှာရှိနိုင်မလဲ၊ မြန်မြန်ပြောကွာ
အချိန်မရှိဘူး၊ ဟိုမှာ မေမေခေါ်နေတာ ကြာလှပြီ"

ခင်မိုးပြည့်ပြောသည့်အချိန် သူဘယ်မှာရှိနိုင်မလဲ ဆိုတာ စဉ်းစားမိပြီး နေမင်းတော်တော်စိတ်ညစ်သွား၏။

"မနက်ဖြန် ၃ နာရီလောက် ရုပ်ရှင်ကန်တော့ပွဲတစ်ခု သွားဖို့တော့ရှိတယ် မိုးပြည့်ရဲ့၊ ဒါပေမယ့် ကိုယ်သိပ်နောက် မကျအောင် ကြိုးစားလာခဲ့မယ်ကွာ၊ မသွားလို့လည်း မကောင်းဘူး၊ အဲဒါ ကိုယ့်ဝတ္ထုကို ရိုက်မှာဆိုတော့"

သူ့စကားမဆုံးခင် ခင်မိုးပြည့်က Mr.Guitar မှာ စောင့်မယ်ဟုဆိုကာ ဖုန်းချသွားသည်။ ညထဲ၌ သူ့မှာသာ ရင်ခုန်သံဖရိုဖရဲဖြင့် ကျန်ရစ်ခဲ့၏။

* * * *



## (၂၀)

ကမ္ဘာကြီးသည် ဟိုအရင်သူမမြင်ခဲ့ဖူးသည်ထက် ပိုမို အရောင် အသွေးစုံလင်စွာ တောက်ပနေလေသည်။ ညနေခင်းအလင်းရောင်များက သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံး အပေါ် စီးကျဖိတ်လျှံနေပုံကို တွေ့မြင်ရသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။ သူမဘဝထဲတွင် ဒီလိုစိမ်းစိုသော သစ်ပင်တွေနှင့် ကောင်းကင်ပြာကြီးများ ပျောက်ကွယ်နေတာ အတော်ကြာခဲ့ပြီ။ ခင်မိုးပြည့်က သူမကိုယ်သူမ အခုမှ ပြန်လည်မွေးဖွားလာသည်ဟု ခံစားရ၏။

ဝင်ဒီက မအားလပ်သဖြင့် ခင်မိုးပြည့်ကို လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ခဏမျှသာနေကာ ပြန်သွားပါသည်။ ကဖေးဆိုင်လေးထဲမှာ သူမက တိတ်ဆိတ်စွာထိုင်လျက် သူ့ကိုစောင့်မျှော်နေမိ၏။ ရင်တွေလည်း တလှပ်လှပ်ခုန်လို့နေသည်။ သူဟာဘယ်လိုပုံစံမျိုး ဖြစ်မှာပါလိမ့်ဟု တွေးရသည်ကပင် ခင်မိုးပြည့်အတွက် အတွေ့အကြုံအသစ်တစ်ခု ဖြစ်ပါတော့သည်။

စောင့်ရတာ နာရီဝက်ခန့်ကြာသွားပြီးနောက် ခင်မိုးပြည့်လည်း အနည်းငယ် ပျင်းရိလာသဖြင့် ဖုန်းဆက်ဖို့ စဉ်းစားလိုက်မိ၏။ နောက်မှ သူပြောတာသတိရမိပြီး မဆက်ဖြစ်တော့။ သူ့ဝတ္ထုကိုရိုက်မယ့် ရုပ်ရှင်ကုန်တော့ပွဲမို့ သူအလုပ်ရှုပ်နေမှာ သေချာပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမကို သူမေ့မထားဘူးဆိုတာတော့ ခင်မိုးပြည့်လောင်းရဲသည်။ ဖုန်းဆက်လိုက်၍ သူအလုပ်ပျက်တာမျိုး စကားပြောပျက်ရတာမျိုးကို သူမက မဖြစ်စေချင်ပေ။

ဒီလိုနှင့် တစ်နာရီကျော်ခန့် ထိုင်စောင့်ပြီးချိန်တွင်တော့ သူမ,မပြန်လို့ မဖြစ်သည့် အကြောင်းတစ်ခုပေါ်လာ၏။ သူမအမေဖြစ်သူက ခင်မိုးပြည့်ကို စိတ်မချနိုင်စွာ ဖုန်းလှမ်းဆက်ခြင်းဖြစ်၏။ ယခုမှ မျက်စိပြန်မြင်ခါစ သမီးငယ်ကို စိတ်မချနိုင်သော မေမေ့စကားကို သူမအနေနှင့် လွန်ဆန်ဖို့ ခက်ခဲလှသည်။ နောက်ပြီး သူ့ကို သူမစောင့်စားခဲ့ချိန်မှာ တစ်နာရီ





ကျော်သွားပြီ နေမင်းမလာနိုင်တော့ဟု ခင်မိုးပြည့်က တွက်ဆလိုက်ပါသည်။

* * * *

တက္ကစီပေါ်မှာလိုက်ပါလာရင်း ခင်မိုးပြည့်တစ်ယောက် နှံ့ခံစားနေရ၏။ သူ ဘယ်လိုဖြစ်လို့ ရောက်မလာခဲ့တာလဲ၊ အပေါ် အလေးအနက် မရှိတာပဲလား။ အတွေးတွေက သူမ ဝမ်းနည်းစေသည်။ တကယ်ဆို သူက အကျိုးအကြောင်း တော့ ဖုန်းဆက်ပြီး လှမ်းပြောသင့်သည် မဟုတ်လား။

အေးလေ . . ဘာပဲဖြစ်ဖြစ် သူ့မှာ အကြောင်းတစ် ရှိမှာပါလို့သာ ဖြေသိမ့်တွေးလေးတွေးကာ စိတ်ကိုလျှော့ းလိုက်ရတော့သည်။ ညကျရင် သူဖုန်းဆက်လာလိမ့်မည် ခင်မိုးပြည့်က ယုံကြည်မိနေဆဲ။

မေမေက ပြန်ရောက်ရောက်ချင်း ဝင်ဒီဆီမှ ဖုန်းလာ ကြောင်းပြောပြီး တစ်ယောက်တည်း ဘယ်သွားနေလဲဟုမေး တော့ ခင်မိုးပြည့် အဖြေရကျပ်ရပြန်သည်။ ဝင်ဒီ၏ မသိသား ဝါးမှုအတွက် ကျိန်ဆဲမိ၏။ တကယ်ဆို ဝင်ဒီက သူမဖုန်း တ်ကို သိနေသားနဲ့ မေမေ့ဆီပဲ သွားဆက်ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ကားလှျောက်စီးပြီး ရန်ကုန်မြို့ကြီးကို လှည့်ပတ် နေခြင်းဖြစ်ကြောင်း သူမရှိုးတာကို မေမေက အဟုတ်ထင် သဖြင့် ခင်မိုးပြည့် အသက်ရှူချောင်သွားသည်။ အိပ်ခန်း ရောက်မှ သူမက ဝင်ဒီဆီ ဖုန်းပြန်ဆက်လိုက်ပါသည်။

တကယ်တော့ ဝင်ဒီက သူမဖုန်းကိုခေါ်တာ သဖြင့် မေမေ့ဆီလှမ်းဆက်ခြင်းသာ ဖြစ်သည်။ ခင်မိုးပြည့် ဝင်ဒီကို အကြောင်းစုံရှင်းပြ၍ ရင်ဖွင့်နေမိပါသည်။ ဝင်ဒီ သူမကို ပေါ့ပေါ့ပါးပါးပင် နှစ်သိမ့်နေ၏။ ဟုတ်တော့လည်း ဟုတ်သည်။ သူတို့ စာပေအနုပညာလောကသားတွေဆို တစ်ယောက်နှင့်တစ်ယောက်က ဆုံတွေ့လိုက်ပြီဆို လေ ရှည် စကားတွေရှည်ကာ ဝိုင်းတွေလည်း ဆက်ကုန်တတ် ကြောင်း သူမ အနည်းအပါး ကြားဖူးထား၏။ အခုလည်း သူ နေတာလား၊ သို့မဟုတ် မအားတာပဲလား။ သူမကစ၍ ဖုန်း ခေါ်ကြည့်မိသည်၊ မရချေ။ ဖုန်းက လုံးဝပိတ်ထားလေသည်

ဤသို့ဖြင့် ရက်သတ္တပါတ်ခန့် ပြီးနောက် . .

* * * *



# (၂၁)

ခင်မိုးပြည့်က နှုတ်ခမ်းကို တင်းတင်းစေ့လျက် မျက်နှာ တူရှုတည့်တည့်မှ နံရံကြီးကို စိုက်ငေးကြည့်နေမိပါသည်။ တ ကယ်ဆို ဒီနံရံကြီးပေါ်မှာဆင့် သူမ (သို့မဟုတ်) သူမ၏အရိပ် လေးနှင့် နေမင်းဆိုသော စာရေးဆရာလေးတို့၏ ယှက်နွယ် ပတ်သက်ခဲ့မှုများ စတင်ခဲ့ကြသည် မဟုတ်လား။

ချိန်းဆိုပြီး ရောက်မလာခဲ့သော နေမင်း၏ဖုန်းကို သူမ က နေ့စဉ်အကြိမ်များစွာ ခေါ်ခဲ့သော်လည်း အခုအချိန်အထိ လုံးဝအဆက်အသွယ်မရခဲ့တာ ဘာကြောင့်များပါလဲ။ ခင်မိုး ပြည့်အဖို့တော့ စိတ်မောစွာ သက်ပြင်းအကြိမ်ကြိမ်ရှိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပါတ်သာ ဖြစ်ပါတော့သည်။

ဒါပေမယ့် သူမက လက်မလျှော့သေး . . .။ ခုလည်း သူ့ဖုန်းနံပါတ်တွေကို လက်က ကျင့်သားရနေသည့်နှယ် အလိုလိုနှိပ်မိရက်သား ဖြစ်သွား၏။

အို . . . ခင်မိုးပြည့်၏ နှုတ်ခမ်းလေးနှစ်လွှာက ပန်းတစ်ပွင့်လို ပွင့်အာပြုံးမြသွားပါသည်။ ဒါ . . ခုနှစ်ရက်အတွင်းမှာ ပထမဆုံး အဆက်အသွယ်ရခြင်း ဖြစ်၏။ သူမက နေမင်း၏အသံကို ရင်တထိတ်ထိတ်နှင့် စောင့်စားနေမိလေသည်။

"ဟယ်လို . . အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် နေမင်းပါ"

"ဘာကိုအမိန့်ရှိရမှာလဲ၊ ကိုရဲရင့်ကို မိုးပြည့် အရမ်းစိတ်ဆိုးတယ်၊ ကတိကို လုံးဝမလေးစားဘူး၊ အဲဒါ တစ်ဖက်လူကို စော်ကားတာနဲ့ အတူတူပဲ၊ သိလား၊ တစ်ပတ်လုံး ဖုန်းကို ပိတ်ထားတော့ ဖုန်းလည်း ခေါ်လို့မရဘူး၊ ဘာတွေ ဘယ်လိုဖြစ်နေတာမှန်းလည်း မသိရဘူး၊ တကယ် အမိန့်ရှိရမှာက ရှင်ပဲ ကိုရဲရင့်"

အားရပါးရ ပြောချပစ်လိုက်သည့် သူမစကားအဆုံးမှာ နေမင်းဘက်က ဘာသံမှထွက်မလာဘဲ ရုတ်တရက် တိတ်ဆိတ်လို့သွားခဲ့သည်။ ခဏကြာမှ . . .

"မိုးပြည့် . . . မိုးပြည့်လားဟင်"

အိပ်မက်အသစ်



"ဟုတ်ပါတယ်ရှင် မိုးပြည့်ပါ၊ ဘာလဲ ဒီအသံကိုတောင် မမှတ်မိတော့ဘူးလား"

နေမင်းဆီမှ ရယ်သံကို ခပ်တိုးတိုးကြားရ၏။

"မဟုတ်ပါဘူး မိုးပြည့်ရယ်၊ ရုတ်တရက် ဆိုတော့လေ"

"ကဲပါ . . . အဲဒါတွေထားပါ၊ ပြီးခဲ့တဲ့ အပါတ်က ချိန်းထားပြီး ပေါ်မလာတဲ့ကိစ္စကိုပဲပြော၊ အဲဒါ-ဘာသဘောလဲ၊ ကိုရဲရင့်ကို မိုးပြည့် လုံးဝမကျေနပ်ဘူးနော်၊ ဆိုင်မှာတစ်ယောက်တည်း ထိုင်စောင့်ရတာ ဘယ်လောက်ဝေါ်မလဲ စဉ်းစားကြည့်ပါဦး၊ ကိုရဲရင့်က မိုးပြည့်ကို ပညာပြတဲ့သဘောလား"

"ရှင်းပြပါ့မယ် မိုးပြည့်ရယ်၊ ဒီလိုကွာ"

နေမင်းအသံက ခဏရပ်သွားပြန်၏။ သက်ပြင်းချသံ ခပ်သဲ့သဲ့နှင့်အတူတူ နေမင်း၏စကားသံ တိုးတိုးလေးကို တဖန်ပြန်ကြားရပြန်သည်။

"အဲဒီနေ့က ရုပ်ရှင်ကန်တော့ပွဲပြီးတော့ ကိုယ် အရိပ်လေးဆီလာခဲ့ပါတယ်၊ လမ်းမှာ ရုတ်တရက် ကားအက်ဆီးဒင့်ဖြစ်ပြီး ကိုယ်လုံးဝသတိပါလစ်သွားတယ်၊ သတိပြန်ရတော့ ဆေးရုံပေါ်ရောက်နေပြီလေ၊ ဖုန်းပိတ်ထားရတာကတော့ ကိုယ် ဆေးရုံပေါ်က မဆင်းရသေးလို့ပါ၊ ဒီနေ့မှ ဆေးရုံက ဆင်းခွင့်ရတာ မိုးပြည့်ရဲ့"

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှဖြစ်ရလေ ကိုရဲရင့်ရယ်။ ခင်မိုးပြည့်မှာ ဖုန်းကို ခပ်တင်းတင်းဆုပ်ကိုင်ထားရင်း ဘာစကားမှ ဆက်မဆိုနိုင်လောက်အောင် ဆို့နင့်နာကျင်သွားရပါသည်။ အကျိုးအကြောင်းကို သေချာမသိဘဲ အပြစ်တင်စကားဆိုမိသည့် သူမကိုယ်သူမ မုန်းတီးသွားမိ၏။

"မိုးပြည့် . . . ဟဲလို . . . မိုးပြည့် ကြားလားဟင်"

"ကြားပါတယ် ကိုရဲရင့်ရယ်၊ မိုးပြည့် . . . မိုးပြည့် အရမ်း . . . စိတ်မကောင်းဖြစ်သွားလို့ပါ၊ မိုးပြည့် စောစောက ပြောခဲ့မိတာတွေအတွက် စိတ်မဆိုးပါနဲ့နော် ကိုရဲရင့်၊ မိုးပြည့်လေ . . . မိုးပြည့် . . ."

စကားကို အဆုံးမသတ်နိုင်တော့ဘဲ တဟင့်ဟင့် ရှိုက်ငိုချလိုက်သည့် သူမကြောင့် နေမင်းက စိုးရိမ်တကြီးလေသံဖြင့်-

"ဟာ . . . မိုးပြည့် မငိုနဲ့လေ၊ မိုးပြည့်က သိမှမသိပဲ၊ တိတ်တော့နော်၊ စိတ်ကိုအေးအေးထားပါ၊ မငိုနဲ့ မငိုနဲ့ သိလား"

ထို့နောက်တွင်တော့ ဘာစကားမှ ဆက်မပြောဖြစ်ကြဘဲ နှစ်ဦးသား အတန်ကြာအောင် တိတ်ဆိတ်နေမိကြပြန်ပါသည်။ နေမင်းက သူ့အတွေးနှင့်သူ ငြိမ်သက်နေသလို ခင်မိုးပြည့်ကလည်း စိတ်တည်ငြိမ်အောင် ပြန်လုပ်နေရ၏။

"ကိုရဲရင့် . . . ဘာဖြစ်သွားသေးလဲဟင်၊ တစ်ခုခု





ထိခိုက်သွားမိသေးလား၊ မိုးပြည့်ကို အမှန်အတိုင်းပြောနော်"

"ဪ . . . မညာပါဘူး အရိပ်လေးရယ်၊ ကိုယ် ကကယ် ဘာမှမဖြစ်ပါဘူး"

"အဲဒါဆို မနက်ဖြန် Mr.Guitar ကိုပဲလာခဲ့ . . . ၊ မိုးပြည့် ကိုရဲရင့်နဲ့ အရမ်းတွေ့ချင်နေတယ်၊ အထင်သေးမလား တော့ မသိဘူး၊ ဘယ်လိုပဲထင်ထင်ကွာ၊ မိုးပြည့်မညာချင်ပါဘူး၊ ကိုရဲရင့်နဲ့ အရမ်းတွေ့ချင်နေပြီ သိလား"

သူမက အားတက်သရောနှင့် ပြောနေရသော်လည်း သူ့ဘက်က တိတ်ဆိတ်နေသဖြင့် ခင်မိုးပြည့်မှာ နည်းနည်း ဒေါသထွက်ချင်လာ၏။

"ကိုရဲရင့် . . . ရှင်ဘယ်လိုဖြစ်နေတာလဲ၊ မပြောစမ်း ဦး၊ ဘာလဲ . . ကိုရဲရင့်က မိုးပြည့်နဲ့တွေ့ဖို့ သိပ်စိတ်မပါတဲ့ သဘောလား၊ ဟုတ်လား"

"ဟုတ်တယ် . . . မိုးပြည့်၊ ကိုယ် မင်းနဲ့မတွေ့ချင်ဘူး၊ တွေ့ချင်တော့ဘူး၊ အဲ . . . တွေ့ဖို့မလိုအပ်တော့ဘူးဆိုရင် ပိုမှန်မယ်ထင်တယ်"

ရင့်သီးလှသော သူ့စကားကြောင့် ခင်မိုးပြည့်မှာ ဘာ တစ်ခွန်းမှ ပြန်မပြောနိုင်ဘဲ ဆွံ့အနေမိပါသည်။ ထို့နောက် နေမင်း၏ မယုံနိုင်ဖွယ်စကားတွေက သူမနားထဲသို့ မျှော်ရည်

www.burmeseclassic.com



ပူများသဖွယ် ဆက်လက်စီးဝင်လာခဲ့၏။

"မင်းအနေနဲ့ ကိုယ်နဲ့တွေ့ဖို့ ကြိုးစားနေတာတွေ[illegible] ရပ်လိုက်ပါတော့ မိုးပြည့်၊ ဖြစ်နိုင်ရင် ကိုယ့်ကို လုံးဝအဆ[illegible] အသွယ်မလုပ်ပါနဲ့တော့ . . . ၊ ဒါ နှစ်ယောက်လုံးအတွ[illegible] အကောင်းဆုံးပါ။ ကိုယ်လည်း အရိပ်လေးကို ကိုယ့်ဘဝထဲ[illegible] နေ . . ."

"ကိုရဲရင့်"

"ကိုယ့်ဘဝထဲမှာ အရိပ်လေးဆိုတာ မရှိတော့ဘူး ပြီးတော့ . . ."

"ဆက်မပြောနဲ့၊ ဒီမှာ ကိုရဲရင့်၊ ရှင် ဒီလိုအလွယ်တကူ ပြောလို့ရမယ်ထင်လို့လား၊ ဟင့်အင်း . . ကျွန်မလုံးဝလက်မခံ ဘူး၊ ကိုရဲရင့် အခုပြောနေတာတွေကိုလည်း တကယ့်စိတ်ရင်း နဲ့ ပြောနေတာလို့ မသတ်မှတ်ဘူး၊ ကျွန်မ မယုံနိုင်ဘူး၊ ကျွန်မ အခုချက်ချင်း ရှင့်အခန်းကိုလာခဲ့မယ်၊ ရှင် ဖုန်းကိုချမပစ်နဲ့နော် ကိုရဲရင့်၊ Please ကျွန်မ တောင်းပန်ပါတယ်၊ ရှင်နဲ့ကျွန်မကြား မှာ တစ်ခုခုမှားနေပြီဆိုတာ ကျွန်မသိတယ်"

"မဟုတ်ဘူးလေ မိုးပြည့်၊ မင်းနဲ့ ကိုယ်နဲ့က တစ်ယောက် ဆီတစ်ယောက် အဲသလို မလာဖို့ . . ."

"Shut up ကိုရဲရင့် ဆောရီးပဲ၊ အခုအချိန်မှာ အဲဒီ





သဘောတူညီမှုတွေ လာမပြောနဲ့တော့၊ ကျွန်မ ရှင့်ဆီ အခုကို လာခဲ့မယ်၊ တစ်ခုခုတော့ မှားနေပြီ၊ ကျွန်မသိတယ်၊ ရှင်မလိမ်နဲ့၊ ဖုန်းကိုချမပစ်နဲ့နော်"

သူမသည် အရူးတစ်ယောက်ပမာ တတွတ်တွတ်ပြော၍ အိမ်ခန်းထဲမှထွက်ကာ မေမေ့အခန်းကို တစ်ချက်အကဲခတ်လိုက်ပါသည်။ မေမေက အခန်းထဲမှာ အိပ်ပျော်နေပြီမို့ သူမလည်း အသာခြေဖော့ပြီး လှေကားအတိုင်း ပြေးဆင်းလာခဲ့တော့၏။

မှိုင်းညို့ညို့ကောင်းကင်အောက်ရှိ လမ်းများပေါ်မှာ လူသူကျဲပါးစပြုနေပြီ။ နေမင်း၏ အက်ကွဲတုန်ယင်သော အသံတွေက သူမနှလုံးသားကို တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်လို့ ထားပြန်သည်။

"မလာပါနဲ့ မိုးပြည့်ရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွာ၊ မလာခဲ့ပါနဲ့၊ အရာရာဟာ ပြီးဆုံးသွားပါပြီ၊ မိုးပြည့်မလာပါနဲ့နော်၊ ကိုယ် ဒီလိုအခြေအနေကြီးနဲ့ မိုးပြည့်ကို မတွေ့ပါရစေနဲ့"

သူမက အသက်ကို ခပ်ပြင်းပြင်းရှူရင်း လမ်းထောင့်ချိုးအတိုင်း ကွေ့လျှောက်လာခဲ့၏။

"ကိုရဲရင့် . . မိုးပြည့်ပြောတာ နားထောင်ပါကွာနော်၊ စိတ်ကို အေးအေးထားပြီး မိုးပြည့်စကားကိုပဲ ငြိမ်ငြိမ်လေး



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေ၊ ဘာမှ နောက်ထပ် မပြောနဲ့တော့၊ ဟုတ်ပြီလား"

လမ်းမထက်တွင် အရိပ်တွေ ရောနှောထွေးလုပ်ခါလျက် ရှိ၏။ သူမက တစ်ယောက်တည်း အားရပါးရ ချုပ်ပြုံး၍ စကားကို ဆက်လိုက်ပါ၏။

"မိုးပြည့် . . . ကိုယ့်အရိပ်ကိုတောင် ပြန်မမြင်နိုင်တဲ့ ဘဝရောက်နေခဲ့တုန်းက ကိုရဲရင့် မိုးပြည့်ကို နှင်းဆီကနေ တဆင့် ဘာပြောခဲ့သလဲ၊ အဲဒီစကားလေးကို မိုးပြည့်ဘယ်တော့မှ မမေ့ဘူး၊ အဲဒီစကားလေးကပဲ မိုးပြည့်ကို ခွန်အားတွေ မွေးဖွားပေးခဲ့တာ . . . ၊ ဘယ်လိုချို့ယွင်းမှုပဲ ရှိနေပါစေ၊ ဘယ်လို အမှားအယွင်း ဘယ်လိုကိစ္စပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ကျိုးကျိုးကန်းကန်း ပဲ့ပဲ့ရွဲ့ရွဲ့ဆို . . . ၊ ကိုရဲရင့်ပဲ ပြောခဲ့တာလေ၊ အခု မိုးပြည့်က အဲဒီကျေးဇူးတရားတွေအတွက် ကိုရဲရင့်ဆီလာရမှာပဲ၊ ခွင့်ပြုပါ ကိုရဲရင့်၊ အခု မိုးပြည့် ရှင့်အခန်းရှေ့ကို ရောက်နေပါပြီ၊ တံခါးခေါက်လိုက်မယ်နော်"

သူမက နောက်ဆုံးလေ့ကားထစ်ကို မောပန်းတကြီး ဖြတ်ကျော်ရင်း တံခါးကို ညင်သာစွာ ခေါက်လိုက်ပါသည်။ အရေးထဲမှ သူမ၏ဆိုးဝါးလှသော ရင်ခုန်သံတွေကလည်း လူကိုနုံးချိအောင် နှိပ်စက်နေကြပြန်သည်။ ကိုင်ထားဆဲဖြစ်သော ဖုန်းထဲမှတဆင့် နေမင်းအသံက ပါးလှပ်စွာ လွင့်ဝဲလာ၏။





"တွန်းဝင်ခဲ့ပါ မိုးပြည့်၊ တံခါးက စေ့ရုံစေ့ထားတာပါ"

သူမက ဖုန်းကိုချပြီး တွန်းကြည့်လိုက်တော့ တံခါးမှာ အသာအယာပင် ပွင့်သွားသည်။ မှိန်ပျပျလေးထွန်းထားသော အလင်းရောင်အောက်သို့ ခင်မိုးပြည့်က ဖြေးညှင်းစွာ လှမ်းလျှောက်ဝင်သွားမိ၏။ အခန်းထောင့်မှ ကုလားထိုင်တစ်လုံးပေါ်တွင်တော့ လူ့အရိပ်တစ်ခုက ငြိမ်သက်စွာ ရှိနေပါသည်။ အခုတော့ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိသွားလေပြီ။

"ကိုယ့်သိပ်မြတ်နိုးတဲ့ အရိပ်လေး ကိုယ့်ရှေ့ရောက်နေတာတောင် မြင်ခွင့်မရတော့တဲ့ အခြေအနေမျိုးကို ရင်မဆိုင်ချင်လို့ ကိုယ့်ဆီမလာဖို့ တားခဲ့ရတာပါ၊ ဟိုနေ့က ကားမှောက်ပြီး ကိုယ့်မျက်လုံးတွေအားလုံး ပျက်စီးသွားခဲ့ဘယ် မိုးပြည့်"

ထို့နောက် ရှိုက်သံခပ်တိုးတိုး။ ခရမ်းရောင်အုံ့ပျပျ မီးရောင်၊ အရိပ်သဏ္ဍာန်တစ်ခုက အခြားအရိပ်သဏ္ဍာန်တစ်ခု ရှေ့တွင် ပြိုလဲဒူးထောက်လျက်။ ညသည်ကား အရိပ်တို့အလည်မှာ သိမ်မွေ့စွာ ညည်းတွားငိုရှိုက်လို့နေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် တစ်နှစ်ခန့်ကြာသောအခါ . . . .

* * * *

ရန်ကုန်မြို့ ဆိတ်ငြိမ်ရပ်ကွက်တစ်နေရာ၌ ခြံဝင်းကျယ်တစ်ခုအတွင်း တိုက်လှလှလေးတစ်လုံး ဆောက်လုပ်ထားပါသည်။ ခြံဝင်းအတွင်း သစ်ပင်ရိပ်အောက်တွင် လူအချို့ တိတ်တိတ်ဆိတ်ဆိတ် ရှိနေကြ၏။





ဆံပင်တိုတို ချာတိတ်မတစ်ဦးက သစ်ပင်ခြေရင်းမှာ ထိုင်လျက် စီးကရက်ဖွာရင်း မြင်ကွင်းတစ်ခုကို သဘောကျစွာ ကြည့်ငေးနေ၏။ သူမကြည့်နေသည့် မြင်ကွင်းက ထူးထူးခြားခြားတော့ မဟုတ် . . .။ သူမနှင့်မလှမ်းမကမ်းမှာ ရှိနေသော ……တွဲတစ်တွဲသာ ဖြစ်ပါသည်။

အမျိုးသားဖြစ်သူမှာ အနက်ရောင်မျက်မှန်တစ်လက်ကို တပ်ဆင်ထား၏။ သူက ထိုင်ခုံတစ်လုံးတွင်ထိုင်ကာ ဝါကျ……းကို ဖြည်းညှင်းစွာဖြင့် ခပ်တိုးတိုးရွတ်ဆိုသွားသည်။ သူရွတ်……မှု ဝါကျတွေကို အမျိုးသမီးဖြစ်သူက ဘေးမှာ Laptop ……င့် စာလိုက်ရိုက်ပေးနေ၏။ ခဏနေတော့ သူမက လက်ဆစ်……တွ တဖျောက်ဖျောက်ချိုးရင်း . . .

"နည်းနည်းလောက်နားဦး ကိုကြီးရာ၊ မိုးပြည့် အစက……နေ ပြန်ဖတ်ပြမယ်၊ ကိုကြီး မကြိုက်တာရှိရင် ပြန်ပြင်လို့ရအောင်၊ ဩော် . . ဟုတ်ပြီ ဝင်ဒီ . . ဒီမှာလာထိုင်လေဟာ၊ နင်က……ည်း အပင်အောက်မှာ မိုးတိုးမတ်တပ်ကြီး၊ စီးကရက်တွေ……လည်း သောက်ပ၊ နင်ကတော့လေ တကယ်ပဲ၊ ဟဲ့ . . . နင့်……ကို နှင်းဆီဖုန်းဆက်သေးလား"

သူမသည် အနီးနားမှာ ရှိသူနှစ်ယောက်စလုံးကို ……ပြိုင်နက်ရောပြီး ပြောလိုက်ခြင်းဖြစ်ပါသည်။ ဝင်ဒီက ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြည်းညှင်းစွာ ခါပြရင်း ပြုံးသည်။ နောက် . . . စီးကရက်တိုကို လက်ဖြင့်တောက်ကာ လွှတ်ပစ်လိုက်ပြီး ခင်မိုးပြည့်ထံ နားသို့ လျှောက်လာ၏။

"ဟင့်အင်း . . မဆက်တာပဲကြာလှပြီ၊ အဲဒါ ထား မိုးပြည့်ရာ၊ အခုနနင်အစက ပြန်ဖတ်ပြမယ်ဆိုတဲ့ ဝတ္ထုတို ကျယ်ကျယ်လေးဖတ်ပြစမ်းပါ၊ ငါလည်း နားထောင်ချင်လို့"

နေမင်းက ဝင်ဒီစကားအဆုံးတွင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါသည်။ ဘာမှတော့မပြော၊ ဝတ္ထုရေး အဲ . . ဝတ္ထု ပြောရတာနှင့် သူလည်း အာခေါင်တွေခြောက်နေလေပြီ။ ထိုအခိုက် မှာပင် ခင်မိုးပြည့်က သူ၏ရေးလက်စဝတ္ထုကို စတင်ဖတ်ပြနေ သဖြင့် နေမင်းလည်း အာရုံစိုက်၍ နားစွင့်ထားလိုက်ရတော့ သည်။

"ညလူခြေတိတ်ချိန်မို့ မြို့တော်၏အသံများသည် လည်း တိုးတိတ်နွမ်းနယ်စပြုလာခဲ့ပြီ ဖြစ်၏။ နေမင်းက သူ့ အိပ်ခန်းပြတင်းပေါက်အနီးမှာရပ်လျက် လမ်းမတစ်ဘက်မှ တိုက်နံရံဆီ မျက်တောင်မခတ် ငေးကြည့်နေမိသည်။ . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

နေဝင်ချိန် သစ်ပင်တွေရဲ့အရိပ်၊ ဗိုတာဝါမီးတိုင်အောက် မှ ညလမ်းမပေါ်ရှိ အရိပ်ပေါင်းစုံ . . . . . . . . . . . . . .





သူ့ရင်ထဲမှာ လျှို့ဝှက်စွာ သိမ်းဆည်းဖိုဝှက်ထားသော အမည်မသိ ကောင်မလေးတစ်ယောက်၏ အရိပ်ကောက်ကြောင်း တစ်ခု . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . .

လေးစားစွာဖြင့်

ဝေမှုးသွင်
Weihmuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၅၁)၊
မန္တလေးလမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။



BURMESE CLASSIC .com
www.burmeseclassic.com